ရောင်းမှန်

The Mirror Daily

၁၉၅၇ ခုနှစ် တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 4 January 2017 (စာမျက်နှာ ၆)

စေတနာကောင်းကိုထား

လက်ဝါးပြင်တွင် အနာမရှိသော် အဆိပ်သည် ထိုသူအား လောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မကောင်းမှုပြုလိုသောစိတ် မရှိသူအား မကောင်းမှုသည် မရှိ။ အရာရာတွင် စေတနာသာလျှင် အဓိကဖြစ်၍ စေတနာကောင်းကို ထားသင့်လှ၏။

ပါဠိပဝဏ်(ဓမ္မပဒ-၁၂၄)

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် စုပေါင်းအပြောရှာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို မျက်မှောက်ပြုကြရန် အထူးအရေးကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်ထောင်စုသားအပေါင်းတို့ခင်ဗျား-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သော ဤနေ့ထူးနေ့မြတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်ထောင်စုသားအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်ကြသော သမိုင်းကြောင်း အစဉ်အလာကောင်းများရှိသည့် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်းဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်ခဲ့သော နိုင်ငံဖြစ်သည်။ ကမ္ဘာတစ်ဝန်းကိုလိုနီစနစ်လွှမ်းမိုးလာသည့် ၁၉ ရာစုနှောင်းပိုင်းကာလတွင် မြန်မာနိုင်ငံသည်လည်း ကိုလိုနီနိုင်ငံဘဝသို့ သက်ဆင်းကျရောက်ခဲ့ရသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးနေချိန်တွင် မျိုးချစ်စိတ်ထက်သန်သော ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့သည် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသော အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် နယ်ချဲ့တို့ကို စုစည်းညီညွတ်စွာ တွန်းလှန်ခဲ့ကြရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ကြပေသည်။ ယနေ့ဆိုလျှင် မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးရရှိခဲ့သည်မှာ (၆၉)နှစ် ပြည့်မြောက်ခဲ့ပေပြီ။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑

(၆၉) နှစ် လွတ်လပ်ရေးနေ့သန့်ဌာန်

မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက် (ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်)တနင်္ဂနွေနေ့ ကောင်းမြတ်သန့်စင် မဂ်လာအပေါင်းနှင့် ပြည့်စုံသောအခါ၌ ဤငါတို့ မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဤငါတို့မြန်မာနိုင်ငံတော်ကြီးသည် လိုရာမတ ပြည့်စုံလှ၍ ဘူမိနက်သန်မှန်သော မြေထူးမြေမြတ်လည်းဖြစ်သည်။ မွန်မြတ်သန့်စင်သော တရားထူးတရားမြတ်တို့တည်ရာ မြေကောင်းမြေမွန်လည်းမှန်သည်။ မြေတွင်းမြေပြင် အထူးထူးသော ရတနာအပေါင်းတို့နှင့်ပြည့်စုံသဖြင့် သတ္တဝါအပေါင်းတို့ ဆွတ်ယူစားသုံး ကမ္ဘာဆုံးသော်လည်း မသုဉ်းမကုန်နိုင်သော ပဒေသာအစစ် အနှစ်သာရကြွယ်ဝပြည့်စုံသောမြေလည်းဖြစ်သည်။

ဘူမိနက်သန်မှန်လှထူးချွန် ဤမြေမွန်မြေမြတ်၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသည့် တစ်သွေးတစ်သားတည်း တစ်မိဖွားဖြစ်ကြကုန်သော ငါတို့သည် နှစ်ပေါင်းထောင်ရာသောင်းပွားတက် ရေတွက်ခြင်းဌာ မတတ်နိုင်ရာသော ရာဇဝင်ရှည်ဝေး ရှေးပဝေသဏီမှစ၍ တညီတညွတ်တစုတရုံး လွတ်လပ်သောလူမျိုးအဖြစ် တည်ခဲ့ကြသည်။

တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် ထို့နောက် မန္တလေးအထိ ငါတို့၏လွတ်လပ်ရေးသည် နေရောင်လဝါပမာကဲ့သို့ တဖြာဖြာတဝင်းဝင်း ကမ္ဘာချည်းအောင် ထွန်းလင်းခဲ့ပေသည်ဟု လွတ်လပ်သောမြန်မာနိုင်ငံတော်၏ ဂုဏ်ပုဒ်ကို လွတ်လပ်ရေးရရှိသည့်နေ့ လွတ်လပ်ရေးကြေညာစာတမ်း၌ ချီးမွမ်းဖွဲ့ဆိုထားပေသည်။

ဤမျှအရှိန်အဝါနှင့် ဂုဏ်ကျက်သရေထွန်းလင်းတောက်ပလာခဲ့သော နိုင်ငံတော်ကြီးသည် တစ်ကမ္ဘာလုံး ရစ်ပတ်ဖုံးအုပ်ခဲ့သော နယ်ချဲ့စနစ်နှင့်မရှောင်မကွင်းသာ ကြုံကြိုက်ဆုံတွေ့မိ၍ ပထမအင်္ဂလိပ်-မြန်မာစစ်၌ ရခိုင်နှင့် တနင်္သာရီ၊ ဒုတိယအင်္ဂလိပ်-မြန်မာစစ်၌ ဟံသာဝတီ၊ ပဲခူး၊ တတိယအင်္ဂလိပ်-မြန်မာစစ်၌ မန္တလေးရတနာပုံဟူ၍ နိုင်ငံတော်ကိုသုံးကြိမ်သုံးလီ သုံးပိုင်းပိုင်းကာ နှစ်ပေါင်းထောင်ချီစောင့်ရှောက်ခဲ့သော ကျွန်ုပ်တို့၏လွတ်လပ်ရေးသည် ကျွန်ုပ်တို့လက်မှလွတ်၍ တစ်နိုင်ငံလုံးလက်အောက်ခံဘဝသို့ ကျရောက်ခဲ့ရသည်။

သို့သော် အသူရိန်နေမင်း၊ သူရိယလစန္ဒာတို့ကို ဆီးနှင်းမြူတိမ်တို့ မည်သို့ပင်ဖုံးလွှမ်းစေကာမူ နေ၊ လတို့၏ အရှိန်အတောက်ကိုမခံနိုင်ဘဲ ခေတ္တနှင့်ပင်လွင့်စဉ်ကွယ်ပျောက်၍ နေဝါလရောင်ဖြင့် ပကတိအသရေကို ပြန်ဆောင်ဘိသကဲ့သို့ ငါတို့အပေါ်၌ ဖုံးလွှမ်းသောနယ်ချဲ့စနစ်သည် ငါတို့၏ကမ္ဘာရှည်မြင့်ရင့်မာလှသော လွတ်လပ်ရေးစိတ်ဓာတ်၏ အရှိန်အတောက်ကို မခံနိုင်ရကား ၆၁ နှစ်၊ တစ်လနှင့်တစ်ရက်သော အချိန်ကာလမှာပင် အလိုအလျောက် ကွယ်ပျောက်သွားရသည်။

ဤနေ့ဤအချိန်အခါမှစ၍ ငါတို့သည် အသူရိန်ခံတွင်းမှ ရှင်းရှင်းကြီးလွတ်မြောက်အပ်သော လပြည့်စန်းပမာ သန့်ရှင်းစင်ကြယ်ပြီး ချမ်းမြေ့သာယာစွာဖြင့် လုံးဝလွတ်လပ်သော ဘဝထူးဘဝမြတ်ကို လက်ဆုပ်လက်ကိုင်အပိုင်ရရှိကြပြီဟု ၁၉၄၈ ခုနှစ် ထိုနေ့ထိုရက်၌ လွတ်လပ်ရေးနေ့ထူးမြတ်ပုံကို ဖွဲ့ဆိုခဲ့ပေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးကို လမ်းစရှာကာအမြန်ဆုံးရရှိအောင် ပို့ဆောင်ပေးခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အကြီးအမှူး ခေါင်းဆောင်ကြီးတို့၏ မဆုတ်မနစ်သောလုံ့လ၊ မလျော့သောဝီရိယ၊ စူးရှသောသတ္တိတို့ကြောင့် အခြားလွတ်လပ်သော နိုင်ငံကြီးများနှင့်တန်းတူ အချုပ်အခြာတည်းဟူသော အာဏာပိုင်စိုးမှုကို ရရှိခဲ့သည်။ ယနေ့ထက်တိုင် မြန်မာနိုင်ငံသားဟူသော တိုင်းရင်းသားအပေါင်းတို့ဇာတိချက်ကြွေနေထိုင်ရာ နိုင်ငံတစ်ဝန်းကို တစ်သွေးတစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်း၊ သဘာဝအထောက်အပံ့ စေတနာတည်းဟူသော ကြိုးသုံးကြိုးဖြင့် ရစ်ပတ်ချည်နှောင်ထားပေသည်။

(၆၉) နှစ်တိုင်ခဲ့ပြီးဖြစ်သော ဤနေ့ဤရက်တွင် ကျွန်ုပ်တို့လွတ်လပ်ရေး၊ ကျွန်ုပ်တို့နိုင်ငံတော်ကြီး၏သစ္စာကို ကမ္ဘာဆုံးတိုင် မယိမ်းမယိုင်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်မည်ဟု ကျွန်ုပ်တို့ထပ်မံသန္ဓိဌာန်ပြုပါသည်။ ။



ကလေးစာဖတ်ခန်းဖွင့်ပွဲ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲ ကျင်းပ

ပဲခူး ဇန်နဝါရီ ၃

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးစာဖတ်ခန်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးခရိုင်ရုံးရှေ့၌ ကျင်းပသည်။

ဆက်လက်၍ စာပေဟောပြောပွဲကို ပြုလုပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမျိုးအောင်က စာဖတ်ခန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာမ ဒေါ်ဝတ်ရည်ခင်(ပဲခူး)က "ဒို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ နန်းဦး(မြန်မာစာ)က "လိမ္မာဖို့ စာများများဖတ်ကြစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေးထံ သုတစာအုပ်များ လျှဒါန်းခဲ့ကြသည်။ တက်ရောက်လာသူများက ပြသထားသော နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြသည်။

ခရိုင်(မြန်/ဆက်)

လူမှုကွန်ရက်စာမျက်နှာတစ်ခုမှလွှင့်တင်ခဲ့သော ဗီဒီယိုဖိုင်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်း၍ စစ်ဆေးတွေ့ရှိမှုသတင်းထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၃

လူမှုကွန်ရက် စာမျက်နှာတစ်ခုမှ လွှင့်တင်ခဲ့သော ဗီဒီယိုဖိုင်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အချို့က ကျေးရွာသားအချို့အား ရိုက်နှက်ခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်း၍ စစ်ဆေးတွေ့ရှိမှုကို ပြည်ထဲရေးဝန်ကြီးဌာနကယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။

ယင်းထုတ်ပြန်ချက်၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် လူမှုကွန်ရက်စာမျက်နှာတစ်ခုမှ လွှင့်တင်ခဲ့သော ဗီဒီယိုဖိုင်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အချို့က ကျေးရွာသားအချို့အား ရိုက်နှက်ခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်း၍ စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးချက်အရ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် အကြမ်းဖက်တိုက်ခိုက်သူ ခြောက်ဦးသည် မောင်တောအလယ်သံကျော်လမ်းအတိုင်း ဆိုင်ကယ်သုံးစီးဖြင့် မောင်တောမြို့နယ် နိရှုလာရဲကင်းစခန်း ဝင်ပေါက်အနီးရပ်တန့်ကာ ဆိုင်ကယ်ပေါ်မှ လက်နက်ငယ်ဖြင့် ပစ်ခတ်သောကြောင့် ကင်းတာဝန်ကျ ရဲဒုတပ်ကြပ်မင်းမင်းစိုးတွင် သေနတ်ထိမှန်ဒဏ်ရာဖြင့် ကျဆုံးခဲ့ပြီး ရဲတပ်ကြပ် မျိုးဇော်ကိုတွင် ညာလက်မောင်း၊ ဝဲဘက်ဝမ်းဗိုက်အောက် ရှုပ်ထိဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုမှ အကြမ်းဖက်တိုက်ခိုက်သူများသည် ကိုးတန်ကောက်ကျေးရွာဘက်သို့ ရှောင်တိမ်းသွားသည်ဟု နယ်မြေသတင်းရရှိသဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ကိုးတန်ကောက်ကျေးရွာကို ရဲတပ်ဖွဲ့အင်အားဖြင့် အကြမ်းဖက်တိုက်ခိုက်သူများအား ဝင်ရောက်ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဝင်ရောက်ရှင်းလင်းရာတွင်လည်း ပထမဦးစွာ ကျေးရွာလူထုကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဘာသာရေးခေါင်းဆောင်များက အသံချဲ့စက်ဖြင့် ကြိုတင်ကြေညာ၍ ရွာ၏မြေကွက်လပ်နေရာတွင် စုဝေးကြပါရန် ဆော်သြခဲ့သော်လည်း အများစုကလာရောက်စုစည်းကြပြီး အချို့ကထွက်ပြေးသဖြင့်လည်းကောင်း၊ အချို့မှာလည်းအိမ်တွင်း အလုံပိတ်ခန်းများတွင် ပုန်းအောင်းနေသည့်အတွက်ကြောင့်လည်းကောင်း ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ ရှိခဲ့ကြောင်း ဖော်ပြထားသည်။

နိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့အား အင်အားကို အသုံးပြုရာတွင် အချိုးအစားညီမျှမှု (Proportionality)၊ ဥပဒေနှင့်ညီညွတ်မှု(Legality)၊ တာဝန်ခံမှု (Accountability)၊ လိုအပ်ချက်ရှိမှု(Necessity) စသော နိုင်ငံတကာစံနှုန်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန် ညွှန်ကြားထားရှိခဲ့ပြီး တရားခံများဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်းများနှင့် ပတ်သက်၍ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရဲလက်စွဲပါ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်စေလျက်ရှိကြောင်း၊ ဖွံ့ဖြိုးပြီးဒီမိုကရေစီနိုင်ငံအချို့တွင်ပင်လျှင် ရဲတပ်ဖွဲ့ဝင်များက တရားခံများ ဖမ်းဆီးရာတွင် အလားတူဖြစ်စဉ်များ နိုင်ငံအချို့တွင် ဖြစ်ပေါ်ခဲ့ကြောင်းလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၎င်းအခြေအနေသည် တစ်ဖက်နှင့် တစ်ဖက် အာယာတတရားကြောင့်မဟုတ်ဘဲ လတ်တလောဖြစ်ပေါ်လာသည့် အခြေအနေကြောင့်သာ ညွှန်ကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန် အားနည်းခြင်းများကြောင့်ဖြစ်ပြီး ရဲတပ်ဖွဲ့နှင့်ပြည်သူအကြား၊ ရဲတပ်ဖွဲ့နှင့်ပြစ်မှုကျူးလွန်သူများအကြား မကြာခဏဖြစ်ပေါ်နေသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရကြောင်း ထိုသတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ထိုကဲ့သို့ အခြေအနေများရှိသော်လည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တာဝန်ရှိသူများက ဖြစ်စဉ်တစ်ရပ်ပေါ်ပေါက်လာတိုင်း ဖြစ်ရပ်မှန်အား စုံစမ်းစစ်ဆေး၍ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း ကြီးကြပ်ကွပ်ကဲမှု တာဝန်ရှိသူ ရဲမှူးရဲထွန်းနိုင်၊ ဒုရဲအုပ်တေဇာလင်း၊ ဒုရဲအုပ်ထွန်းလင်းလှိုင်တို့ သုံးဦးအားလည်းကောင်း၊ ဗီဒီယိုရိုက်ကူးခဲ့သူ ရဲတပ်သားဇော်မျိုးထိုက်အားလည်းကောင်း၊ ကျေးရွာသားများကိုရိုက်နှက်ကန်ကျောက်သူ ရဲတပ်သားပြည့်ဖြိုးသွင်၊ ရဲတပ်သားနန္ဒာမင်း၊ ရဲတပ်သားမိုးနိုင်၊ ရဲတပ်သားမောင်အေးမြတို့ လေးဦးအား လည်းကောင်း ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်ဟု သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

(သတင်းစဉ်)

ရောင်လုံး
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ရောင်လုံး Mirror Established in 1957
၁၉၃၇ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၅၊ ၀၆၇-၃၆၁၃၀၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၀
ရန်ကုန်မုံရိပ်ခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ဒီဇိုင်/ဌေးရင်း ၀၁-၂၉၁၈၃၀၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၇၅၁

ကြေးမုံ

❑ ရှေ့ဖုံးမှ

လွတ်လပ်ရေးရရှိပြီးနောက် အတိတ်သမိုင်းတွင် မိမိတို့တိုင်းရင်းသား ညီရင်းအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် သံသယများ၊ ပဋိပက္ခများပေါ်ပေါက်ခဲ့ရသည့်အတွက် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့ရသည်။ လွတ်လပ်ပင်လွတ်လပ်ခဲ့သော်ငြားလည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းရင်းသားဒေသနေရာအချို့တွင် လွတ်လပ်ရေး၏အသီးအပွင့်ကို တင်းပြည့်ကျပ်ပြည့် ခံစားနိုင်ခြင်းမရှိဘဲ အနာဂတ်များပျောက်ဆုံးကာ အမှောင်ဖုံးခဲ့ရသည်မှာ စိတ်မကောင်းဖွယ်ရာပင်ဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် သံသယနှင့်ပဋိပက္ခများ ကင်းစင်ပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးက နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို နိုင်ငံတော်အစိုးရက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပခြင်းဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လက်နက်ကိုင်နည်းလမ်းသည် ခေတ်အဆက်ဆက်နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်ခြင်း အလျဉ်းမရှိဘဲ လက်နက်ကိုင်ပဋိပက္ခကိုရှည်ကြာစေခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခနှင့်ဆက်စပ်လျက် ဖွံ့ဖြိုးမှုများလည်း နောက်ကျကျန်ရစ်ခဲ့ရသည်ကို ဆယ်စုနှစ်များစွာ အထင်အရှားတွေ့မြင်ခဲ့ကြရပြီး ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် စုပေါင်းတွေ့ဆုံ၊ စုပေါင်းဆွေးနွေး၊ စုပေါင်းအဖြေရှာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို တိုင်းရင်းသားပြည်သူအားလုံးက မျက်မှောက်ပြုကြရန် အထူးအရေးကြီးလှပေသည်။

နိုင်ငံတော်တစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ပြည်ထောင်စု၏ နယ်မြေဒေသအားလုံးတွင် တစ်ချိန်တည်းတစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စားဝတ်နေမှုပြည့်စုံလုံခြုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း တောင်ပေါ်မြေပြန့်၊ ပြည်နယ် ပြည်မမခွဲခြားဘဲ မိမိကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုအစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်လှပေသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တလျက်ရှိသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရေး မလွဲမသွေအောင်မြင်ရမည်ဟူသော ယုံကြည်မှုသန္ဓိဋ္ဌာန်ဖြင့်-

-ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး၊

-ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံးစုစည်းထိန်းသိမ်းကာကွယ်ရေး၊

-ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊

-နိုင်ငံတော်၏စီးပွားရေးမူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး

ဟူသော(၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကိုအလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံးဉမကွဲသိုက်မပျက် သွေးစည်းညီညွတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် နေ့ထူးနေ့မြတ်ဖြစ်သော လွတ်လပ်ရေးနေ့အခါသမယတွင် ချစ်ကြည်လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီတလီ-မြန်မာချစ်ကြည်ရေးအသင်းဝင်များအား မြန်မာ့ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၃

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် Ms. Albertina Soliani ဦးဆောင်သည့် အီတလီ-မြန်မာချစ်ကြည်ရေးအသင်းဝင် ၃၈ ဦးအား နေပြည်တော်ရှိ ၎င်း၏နေအိမ်၌ မြန်မာ့ရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အီတလီ-မြန်မာ ချစ်ကြည်ရေးအသင်းဝင်များအား ရင်းနှီးနွေးထွေးစွာ တစ်ဦးချင်းလိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အီတလီ-မြန်မာ ချစ်ကြည်ရေးအသင်းဝင်များနှင့် အတူ မြန်မာ့ရိုးရာအစားအစာများကို အတူတကွသုံးဆောင်ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အီတလီ-မြန်မာချစ်ကြည်ရေး အသင်းတွင် အီတလီနိုင်ငံမှ လွတ်တော်ကိုယ်စားလှယ်များ၊ ကဏ္ဍအလိုက်ပညာရှင်များ၊ ရှေ့နေများ၊ အင်ဂျင်နီယာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားလူငယ်များ ပါဝင်ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများအား ကူညီထောက်ပံ့မှုများ ပေးအပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်နေသည့် အသင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် အီတလီ-မြန်မာ ချစ်ကြည်ရေး အသင်းဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အဆိုပါ တည်ခင်းဧည့်ခံပွဲသို့ တက်ရောက်ခဲ့သည့် အီတလီ-မြန်မာ ချစ်ကြည်ရေးအသင်း မြန်မာနိုင်ငံ တာဝန်ခံ ဦးသူရထွန်းက "ဒီအသင်းကို ၂၀၀၄ ခုနှစ် အီတလီနိုင်ငံ ပါးမားမြို့မှာ စပြီးတော့တည်ထောင်ဖွဲ့စည်းခဲ့ပါတယ်။ အသင်းရဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ပညာရေး၊ အမျိုးသမီးနဲ့ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအပြင် ဒီမိုကရေစီ စနစ်နဲ့ပတ်သက်ပြီးတော့ ပိုမိုခိုင်မာလာအောင် မြန်မာနိုင်ငံနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါတယ်။

ပညာရေးနဲ့ပတ်သက်ပြီး မိဘမဲ့ကလေးတွေအတွက် စာသင်ကျောင်းတည်ဆောက်ဖို့ ငွေကြေးလျှာ့ဒါန်းခြင်း၊ ကျန်းမာရေးနဲ့ပတ်သက်ပြီး HIV Center တည်ဆောက်ရေးအတွက် ကူညီပံ့ပိုးခြင်းတွေ ပြုလုပ်ပေးပါတယ်။ အခုဒီခရီးစဉ်ကတော့ နောက်ထပ် ပူးပေါင်းဆောင်ရွက်ဖို့အတွက် တွေ့ဆုံဆွေးနွေးမှု၊ လေ့လာမှုတွေ လာလုပ်တာပါ။

အဓိကကတော့ ကဏ္ဍ(၃)ရပ်ပါ။ ပညာရေးပူးပေါင်းဆောင်ရွက်မှု၊ အမျိုးသမီးနှင့် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု၊ ဒီမိုကရေစီ ပိုမိုခိုင်မာလာရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတို့ဖြစ်ပါတယ်" ဟု ပြောသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

ဒေါက်တာကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပေးကော်မရှင်ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အောက်တိုဘာ ၉ ရက်တွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်ပေါ်လာခဲ့ပြီးနောက် မောင်တောဒေသအရေးကိစ္စ ရှေ့တန်းရောက်လာခဲ့ကြောင်း၊ မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးကိုလတ်တလော ဦးစားပေးဆောင်ရွက်လျက်ရှိသော်လည်း ရခိုင်ပြည်နယ်တစ်ခုလုံးအရေးကိစ္စကိုလည်း ဆက်လက်ဆောင်ရွက်နေကြောင်း၊ အခြေအနေများကိုလေ့လာကြည့်ပါက တည်ငြိမ်အေးချမ်းစပြုလာလျှင် နောက်ထပ်ပြဿနာအသစ်တစ်ခုထပ်မံဖြစ်ပေါ်လာလေ့ရှိသည်ကို သတိရှိရှိဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အဆင့်ဆင့်တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ရခိုင်ပြည်နယ်၏ လက်ရှိအခြေအနေများ၊ ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာကဏ္ဍများအား ဖြည့်ဆည်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဝန်ကြီးဌာနများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့ပြင် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် NVCကတ် ထုတ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေတို့က ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

ယနေ့အစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

❒

ဘရာဇီးဒေသ အကျဉ်းထောင် ဆူပူမှုဖြစ်ပွား ပြိုင်ဘက်ဂိုဏ်းသားများ တိုက်ခိုက်မှုကြောင့် လူ ၅၆ ဦးသေဆုံး

ဘရာစီလီယာ ဇန်နဝါရီ ၃

ဘရာဇီးနိုင်ငံ၌ အကျဉ်းထောင် ဆူပူမှုဖြစ်ပွားရာ လူ ၅၆ ဦးသေဆုံးကြောင်း၊ နိုင်ငံ၏ အကျဉ်းထောင်သမိုင်းတွင် ဆယ်စု နှစ်နှစ်စုကျော်ကာလအတွင်း သွေးထွက်သံယိုမှုအများဆုံး အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၃ ရက်တွင် ပြောကြားသည်။

ဘရာဇီးနိုင်ငံ အမေဇုန်နက်ပြည်နယ် မာနာယက်မြို့ရှိ အကျဉ်းထောင် ၌ ပြိုင်ဘက် မူးယစ်ဂိုဏ်းများ၏ ဂိုဏ်းသားများအချင်းချင်း အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ အမေဇုန်ဒေသရှိ အကျဉ်းထောင်၌ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာတွင် လူအများအပြားမှာ ခေါင်းဖြတ်အသတ်ခံခဲ့ရပြီး ဦးခေါင်းပြတ်နေသော ရုပ်အလောင်းများကို အကျဉ်းထောင် ၏တံတိုင်းကို ကျော်လွန်အောင် စွန့်ပစ်ခဲ့ကြကြောင်း အမေဇုန်နက်ပြည်နယ်၏ လုံခြုံရေးအကြီးအကဲ သာဂီယိုဖွန်တပ်စ်က ပြောကြားသည်။

အကျဉ်းထောင်ဆူပူမှုနှင့် ပတ်သက်၍ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် ဘရာဇီးတရားရေးဝန်ကြီး အလက်ဇန်းဒါးဒီမိုရက်သည် မာနာယက်မြို့သို့ သွားရောက်ခဲ့သည်။

ဒုစရိုက်ဂိုဏ်းများအကြား ရန်သတ္တုရှုဖြစ်ပွားရာမှ လက်စားချေသတ်ဖြတ်မှုပြုလုပ်သည့် အစုအပြုံလိုက်သတ်ဖြတ်ပွဲဖြစ်ကြောင်း အမေဇုန်နက်ပြည်နယ် အကျဉ်းထောင်ရေးရာဝန်ကြီး ပီဒရိုဖလော်ရင့်စီအိုက ပြောကြားသည်။

ဇန်နဝါရီ ၁ ရက်နှောင်းပိုင်းတွင် ထောင်ဆူပူမှု စတင်ဖြစ်ပွားခဲ့ပြီး ဇန်နဝါရီ ၂ ရက် နံနက် ၇ နာရီတွင် အခြေအနေကို ထိန်းချုပ်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အကျဉ်းထောင် ဆူပူမှုဖြစ်ပွားချိန်တွင် အကျဉ်းသား ၈၇ ဦး ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ၎င်းအနက် အယောက် ၄၀ ကို ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ဓားစာခံအဖြစ် အဖမ်းခံခဲ့ရသူ ထောင်ဝန်ထမ်း ၁၂ ဦးမှာ လည်း ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ရိုက်တာ။

ကွန်ဂရက်လွှတ်တော် ကျင့်ဝတ်ထိန်းသိမ်းရေးရုံးကို ကျင့်ဝတ်ကော်မတီအောက်၌ ထားရှိရန် မဲပေးဆုံးဖြတ်

ဝါရှင်တန် ဇန်နဝါရီ ၃

အမေရိကန်ကွန်ဂရက်လွှတ်တော်ဆိုင်ရာ ကျင့်ဝတ်ထိန်းသိမ်းရေးရုံးကို ကျင့်ဝတ်ကော်မတီ၏ထိန်းချုပ်မှုအောက်၌ထားရှိရန်ဟူသော ဥပဒေပြင်ဆင်ချက်တစ်ရပ်ကို အောက်လွှတ်တော်၏ ရီပတ်ဘလီကန်အမတ်များက မဲပေးဆုံးဖြတ်ခဲ့ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကွန်ဂရက်လွှတ်တော် ကျမ်းသစ္စာကျိန်ဆိုခြင်းမပြုမီ နာရီပိုင်းအလိုတွင် အောက်လွှတ်တော်၏ ရီပတ်ဘလီကန်အမတ်များက လွတ်လပ်စွာရပ်တည်သော ကွန်ဂရက်လွှတ်တော်ဆိုင်ရာ ကျင့်ဝတ်ထိန်းသိမ်းရေးရုံး၏ အခန်းကဏ္ဍကို လျှော့ချနိုင်ရန် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်ဟု ဒီမိုကရက်တစ်အမတ်များက ဝေဖန်ပြောကြားသည်။

ရီပတ်ဘလီကန် ထိန်းချုပ်သော ကွန်ဂရက်လွှတ်တော်သစ်က ပထမဆုံး စတေးခဲ့သည်မှာ ကျင့်ဝတ်များပင်ဖြစ်ကြောင်း လူနည်းစုအမတ်များ၏ ခေါင်းဆောင် နန်စီပယ်လိုစီ၏ ကြေညာချက်တွင် ဖော်ပြသည်။

ကျင့်ဝတ်ထိန်းသိမ်းရေးရုံးကို ကွန်ဂရက်လွှတ်တော် တိုင်ကြားစာသုံးသပ်လေ့လာရေးရုံးဟူ၍ အမည်ပြောင်းလဲခေါ်တွင်ရန် ဥပဒေပြင်ဆင်ချက်တွင် ဖော်ပြသည်။

ရိုက်တာ။

မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံကို ထရန့်ဝေပန်

ဝါရှင်တန် ဇန်နဝါရီ ၃

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားနိုင်ငံ၏ ရှေ့ကလီးယားနှင့် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများနှင့်ပတ်သက်၍ တရုတ်နိုင်ငံသည် ဟန့်တားမှုများပြုလုပ်ခြင်းမရှိဟု ဝေဖန်ပြောကြားလိုက်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က မြောက်ကိုရီးယားနိုင်ငံ၏ တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုသည် နောက်ဆုံးအဆင့်သို့ရောက်ရှိနေပြီဟု ပြောကြားချက်နှင့်ပတ်သက်၍ ထရန့်က ငြင်းပယ်လိုက်ပြီး ဖြစ်နိုင်စရာမရှိကြောင်း ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ၎င်း၏ နှစ်သစ်ကူးမိန့်ခွန်းကို တနဂၢနေ့တွင် ပြောကြားခဲ့ပြီး တိုက်ချင်းပစ်ဒုံးကျည်သည် အမေရိကန်နိုင်ငံထိရောက်ရှိအောင် ပစ်ခတ်နိုင်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုမှတစ်ဆင့် ငွေကြေးအကျိုးအမြတ်အမြောက်အမြားရရှိနေသော်လည်း မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ အကူအညီပေးခြင်းမရှိဟု ထရန့်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

အမေရိကန်နိုင်ငံသည် တရုတ်နှင့်ကုန်သွယ်မှုတွင် လိုငွေပြနေပြီး တရုတ်နိုင်ငံကမူ တောင်တရုတ်ပင်လယ်တွင် ကျွန်းတုတစ်ခုတည်ဆောက်နေသည်ဟုလည်း ထရန့်က ဝေဖန်ခဲ့သည်။

ထို့ပြင် ထရန့်က ထိုင်ဝမ်အရေးကိစ္စနှင့်ပတ်သက်၍ တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ပြန်လည်သုံးသပ်ရန် သတိပေးထားပြီး တရုတ်နိုင်ငံက မည်သို့တုံ့ပြန်သွားမည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အင်နန်အိတ်ချ်ကေ။

ဖိလစ်ပိုင်သို့ ရုရှားစစ်ရေယာဉ်နှစ်စင်း ပထမဆုံးအကြိမ်လာရောက် နှစ်နိုင်ငံ ပင်လယ်ရေကြောင်းပူးတွဲစစ်ရေးလေ့ကျင့်ရန် ရုရှားဆန္ဒရှိ

မနီလာ ဇန်နဝါရီ ၃

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးသည် အမေရိကန်၏ အစဉ်အလာပြိုင်ဘက် ရုရှားနိုင်ငံနှင့် သင့်မြတ်မှုရရှိရန် အလေးပေးလာချိန်တွင် နှစ်နိုင်ငံရေတပ်ဖွဲ့များ ပထမဆုံး အကြိမ်တွေ့ထိဆက်ဆံမှုအဖြစ် မနီလာမြို့သို့ ရုရှားစစ်သင်္ဘောနှစ်စင်းကို စေလွှတ်လိုက်ကြောင်း၊ ရုရှားနိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပင်လယ်ဓားပြခေါ်မှုနှိမ်နှင်းရေး အတွက် ဖိလစ်ပိုင်ရေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်ရန် ဆန္ဒရှိကြောင်း ယနေ့ရိုက်တာသတင်းတွင်ဖော်ပြသည်။

ရုရှားရေတပ်မှ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ် တစ်စင်းဖြစ်သော အက်ဒမီရယ်ထရိုင်ဘတ်နှင့် လောင်စာဆီတင်ရေယာဉ် ဘောရစ်ဘူတိုမာတို့သည် ဇန်နဝါရီ ၃ ရက်နှောင်းပိုင်းတွင် လေးရက်ကြာချစ်ကြည်ရေးခရီးစဉ်အဖြစ် မနီလာမြို့သို့ရောက်ရှိလာသည်။ အဆိုပါစစ်ရေယာဉ်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးစွမ်းရည်ဆိုင်ရာသရုပ်ပြပွဲများပြုလုပ်မည်ဟု မျှော်လင့်ရပြီး တွေ့ဆုံးဆွေးနွေးမှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားပစိဖိတ်ဒေသရေယာဉ်စုအကြီးအကဲ အီဒူရစ် မီဟိုင်းလော့ဗ်က ပြောကြားသည်။

မိမိတို့အစိုးရသည် သင့်တော်သောအချိန်တွင် ဖိလစ်ပိုင်နှင့် ပင်လယ်ရေကြောင်းစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်သွားဖွယ်ရှိကြောင်း ရုရှားပစိဖိတ်ဒေသ စစ်ရေယာဉ်စုတပ်မှူးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ရုရှားရေတပ်သည် အင်ဒိုနီးရှားရေတပ်နှင့် အခါအားလျော်စွာ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ရုရှားစစ်ရေယာဉ်များ ဖိလစ်ပိုင်သို့လာရောက်ခြင်းမှာ ရုရှားနှင့် ဖိလစ်ပိုင်ရေတပ်တို့ ပထမဆုံးအကြိမ် တရားဝင်အပြန်အလှန် ဆက်သွယ်မှုဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များအား ပြောကြားသည်။ ဖိလစ်ပိုင်နှင့်အမေရိကန်ရေတပ်တို့သည် နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ကျင်းပမြဲဖြစ်သော်လည်း ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ၎င်း၏ကာကွယ်ရေးဝန်ကြီးအား ပင်လယ်ရေကြောင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုပုံစံ ပြောင်းလဲရန် ညွှန်ကြားခဲ့သည်။

ဆင်ဟွာ။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အီဂျစ်နိုင်ငံ သံအမတ်ကြီးနှင့် အီတလီ-မြန်မာ ချစ်ကြည်ရေးအသင်းဝင် အီတလီလွှတ်တော်အမတ်ဟောင်းတို့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Khaled Mohamed Abdelrahman Abdelsalam အား ယနေ့ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ အီတလီ - မြန်မာချစ်ကြည်ရေးအသင်းဝင်၊ အီတလီလွှတ်တော်အမတ်ဟောင်း Ms. Albertina Soliani အား ယနေ့ ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အီဂျစ်သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်နှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အီတလီ-မြန်မာ ချစ်ကြည်ရေးအသင်းဝင်၊ အီတလီလွှတ်တော်အမတ်ဟောင်းနှင့် တွေ့ဆုံစဉ် အီတလီ-မြန်မာ ချစ်ကြည်ရေးအသင်းအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများ၊ နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်နှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်သွားနိုင်ရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Khaled Mohamed Abdelrahman Abdelsalam အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၂၃ ပါတီမှ တာဝန်ရှိသူများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ တက်ရောက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံရေးပါတီ ၂၄ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၈ ဦးနှင့် တစ်သီးပုဂ္ဂလ ခုနစ်ဦး စုစုပေါင်း ၉၅ ဦးသည် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံကြမည်ဖြစ်ပြီး အဆိုပါကိုယ်စားလှယ်လောင်း အမည်စာရင်းကို ဇန်နဝါရီ ၂ ရက်က အတည်ပြုထုတ်ပြန်ခဲ့ပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းကို Door to Door စနစ်ဖြင့် ပြုစုဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၁၄ ရက်အထိ သက်ဆိုင်ရာမဲဆန္ဒနယ်မြေများတွင် ကပ်ထားကြေညာသွားမည်ဖြစ်ပါကြောင်း၊ မဲစာရင်းကို အိမ်ထောင်စုအလိုက် ကြည့်ရှုနိုင်စေရန် ဆောင်ရွက်ထားပါကြောင်း၊ ထိုသို့ ကပ်ထားကြေညာသည့်အခါတွင်လည်း မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကြည့်ရန်၊ အမည်မပါဝင်က တောင်းဆိုရန်၊ အမှားပါရှိပါက ပြင်ဆင်ရန်၊ မပါသင့်သူများ ပါဝင်နေပါက ပယ်ဖျက်ရန်အတွက် သတ်မှတ်ပုံစံများဖြင့် တောင်းဆိုကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးခွင့်ရရှိရန် နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့၏ မဲဆန္ဒရှင်များကို အသိပညာပေး ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း။

နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၃၀ ရက်အထိ မဲဆွယ်စည်းရုံးခြင်းကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မဲဆွယ်စည်းရုံးခြင်း ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရန် ကျင့်ဝတ်နှင့်အညီ လေးစားလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲကာလအတွင်း တည်ငြိမ်အေးချမ်းရေးသည် အဓိကကျသည်နှင့်အညီ မိမိတို့ပါတီကို ထောက်ခံအားပေးကြသည့် ပြည်သူများကို ပဋ္ဌိပက္ခမဖြစ်အောင် ထိန်းသိမ်းဆော်သြဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ပြီး ယခုကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီများအနေဖြင့်လည်း ပူးပေါင်းပါဝင်လိုက်နာရေး ဆောင်ရွက်ပေးစေလိုကြောင်း။

မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်များအနေဖြင့် မဲရုံအတွင်း မဲဆွယ်စည်းရုံးသည့် ပုံစံမဖြစ်စေရေးသည် အရေးကြီးပါကြောင်း၊ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း တရားမဲ့ပြုကျင့်မှုများ မဖြစ်စေရန် ထိန်းသိမ်းဆောင်ရွက်စေလိုပါကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကာလနောက်ပိုင်း ကန့်ကွက်လွှာအမှုများ မရှိစေလိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲကျင်းပပြီးသည့်ကာလတွင် ရွေးကောက်ပွဲကုန်ကျစရိတ်များကို ကော်မရှင်သို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်များကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ မှတ်တမ်းပြုစုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ယခုကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေး၊ မဲဆွယ်စည်းရုံးရေးကာလနှင့် ရွေးကောက်ပွဲကာလတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အလိုက် တာဝန်ယူဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးတင်ထွန်းက ကြိုတင်မဲများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား သင်တန်းပေးမည့် အစီအစဉ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ ပညာပေးဆောင်ရွက်မည့် အစီအစဉ်များနှင့် ကြားဖြတ်ရွေးကောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ထားမှုများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများက လည်း အကြံပြုဆွေးနွေးကြသည်။

ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရာတွင် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရန်ကျင့်ဝတ် - Code of Conduct for Political Parties and Candidates (CoC)ကို လိုက်နာဆောင်ရွက်ရေး၊ Voter Slip ကို နိုင်ငံရေးပါတီများမှ ဖြန့်ဝေခြင်းမပြုဘဲ ရွေးကောက်ပွဲကော်မရှင်ကသာ ဆောင်ရွက်ရေး၊ စေ့စပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းပြီး ညှိနှိုင်းဖြေရှင်းချက်များအပေါ် ပူးပေါင်းလိုက်နာရေးတို့ကို ဆွေးနွေးခဲ့ပြီး သဘောတူညီခဲ့ကြသည်။

ထို့နောက် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

ဒေးဒရဲတွင် မှုခင်းအသိပညာပေးယာဉ် ရောက်ရှိပြသ

ဒေးဒရဲ ဇန်နဝါရီ ၃

လူကုန်ကူးမှု တားဆီးကာကွယ်နိုင်ရေး၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး စသည့် မှုခင်းမျိုးစုံလျော့နည်းပပျောက်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်နေမျိုးအောင် ဦးစီးပါဝင်သော နယ်လှည့်မှုခင်းပညာပေးယာဉ်သည် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် ဖျာပုံခရိုင် ဒေးဒရဲမြို့ အမှတ် (၂) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အထက(၁)ကျောင်းရှေ့သို့ ရောက်ရှိရပ်နားပြသခဲ့ရာ အထက(၁) ကျောင်းသားကျောင်းသူများနှင့် စိတ်ပါဝင်စားသူများက လာရောက်လေ့လာကြည့်ရှုကြရာ ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇင်မင်းထိုက်နှင့် ဒုရဲအုပ်ဘိုဘိုမင်းထိုက်တို့က မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **(သမြေထွန်း)**

လွတ်လပ်ရေးနေ့ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ရေး အမြုတေရတနာ

အညွှတ်

"ငါတို့သည် စစ်မီးတည်းဟူသော ဒုက္ခအတွင်းမှ လွတ်လပ်ရေးတည်းဟူသော အနှစ်သာရကို အချောင်ရှိုက်ရန် မလိုလားသော်လည်း လက်ရှိစစ်ဒဏ်ကြောင့် ငါတို့ တစ်မျိုးသားလုံး လောလောဆယ် ခံစားနေရသော စီးပွားရေးကျပ်တည်းမှု ပြဿနာများ (ဥပမာ-စျေးနှုန်းကြီးမြင့်ခြင်း၊ နွား၊ ဆီ၊ ဝါသိမ်းခြင်း၊ လူဆွဲ အဝတ်မဲ့ အစားငတ်ပြဿနာ) မလွှဲမရှောင်သာတော့သဖြင့် ရင်ဆိုင်၍ ဖြေရှင်းရန်အတွက် လွတ်လပ်ရေး တည်းဟူသောရတနာကို အရေးဆိုရန် မလွှဲမရှောင်သာ ဖြစ်လာချေပြီ။

ငါတို့သည် ပထမဦးစွာ လက်ရှိလုံးဝ ပြီးပြတ်ရန် အမြန်လိုလား၍ စစ်၏ဘေးဒဏ်အပေါင်းမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းဖြစ်သော ငြိမ်းချမ်းရေး (သာယာဝပြောရေး၊ ချစ်ကြည်ရေး)ကို ဖန်တီးရန် အမြန်အလိုရှိသည်ဖြစ်ကြောင်း။

ဖက်ဆစ်ဂျပန်များကို ငါတို့အောင်နိုင်လိုက်ခြင်းအားဖြင့် ငါတို့၏လွတ်လပ်ရေးကို အချောင်ရလိမ့်မည်ဟု ငါတို့မယုံကြည်၊ လွတ်လပ်ရေးရတနာသည်ကား လူတစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်း လူစွမ်းကောင်း အကြမ်းပတမ်းသဘောအားဖြင့် ရရှိရုံးထုံးစံမရှိ၊ လွတ်လပ်ရေးရတနာသည်ကား တိုင်းပြည်လူအားလုံး(၀ါ) လူထုတစ်စုလုံး၏ လူ့အခွင့်အရေး(လူ့စည်းစိမ်)ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်သာလျှင်ဖြစ်ရာ ငါတို့တစ်မျိုးသားလုံး၊ တစ်ပြည်လုံးက တော်လှန်မှုတွင်ပါဝင်ဆင်နွှဲ၍ လူထုကိုယ်တိုင်ဖန်တီးရမည့် လုပ်ငန်းပင်ဖြစ်သည်ဟု ငါတို့ယုံကြည်ကြသည်"

အဆိုပါစာတမ်းသည် ဖက်ဆစ်ဂျပန်တို့အား စတင်တော်လှန်မည့်နေ့တွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း၏နေအိမ် အစည်းအဝေး၌ တစ်ပြည်လုံးရှိပြည်သူလူထုအတွင်း ဝေဒရမည့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေးသားသော လွတ်လပ်ရေး ကြေညာစာတမ်းဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ စစ်ဒဏ်ကြောင့် တစ်မျိုးသားလုံး ဆင်းရဲဒုက္ခအကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသောအချိန် မတတ်သာတော့ဘဲ ဖက်ဆစ်တို့အား တစ်ပြည်လုံးတော်လှန်မှုဆင်နွှဲကာ တိုင်းပြည်လူအားလုံး၏အခွင့်အရေးကို လူထုကိုယ်တိုင်ဖန်တီးရမည့် လုပ်ငန်းဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။ ထိုသို့ဖန်တီးရာတွင် စစ်ပွဲကိုမတတ်သာဘဲ ဆင်နွှဲရခြင်းဖြစ်ပြီး စစ်အတွင်းကာလမှာပင် စစ်ပွဲကို အမြန်ပြီးပြတ်ရန်လိုလားပြီး စစ်ဘေးစစ်ဒဏ်အပေါင်းမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းဖြစ်သော ငြိမ်းချမ်းရေးကို အမြန်ဖန်တီးရန် ဆန္ဒရှိပုံကို ဖော်ညွှန်းထားသည်။

ထို့အပြင် လွတ်လပ်ရေးရတနာသည် တိုင်းပြည်လူအားလုံး(၀ါ) လူထုတစ်ရပ်လုံး၏ လူ့အခွင့်အရေး (လူ့စည်းစိမ်)ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ဖြစ်သည့် (၁)ငြိမ်းချမ်းရေး၊ (၂)စားသောက်ရေး၊ (၃)ဝတ်ဆင်ရေး၊ (၄) လူ့အခွင့်အရေး ဟူသည့်လွတ်လပ်မှု(တရားသဖြင့်ပိုင်ဆိုင်ခွင့်) များဖြစ်ပြီး ၎င်းတို့ကို တာဝန်ခံ၍ ဖြေရှင်းသွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းက အတိအလင်းပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်နှင့် လူမျိုးအတွက် အပြောနှင့် အလုပ်လက်တွေ့ပြခဲ့သည်။ နယ်ချဲ့ဖက်ဆစ်တို့ကို ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ အချိန်တိုတစ်လအတွင်း အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ပြီး လွတ်လပ်ရေးရတနာကို လက်ဝယ်ပိုင်ပိုင်ရရှိအောင် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ကာလအထိ နှစ်နှစ်နှင့် လေးလနီးပါးကာလအတွင်း မြန်မာနိုင်ငံလွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ ပြည်သူလူထုစားဝတ်နေရေး၊ လူ့အခွင့်အရေးများကို တရားသဖြင့် ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် မမောနိုင်၊ မပန်းနိုင် အပင်ပန်းအဆင်းရဲခံကာ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်များ၊ မျိုးချစ်ပြည်သူလူထုတစ်ရပ်လုံး၏ ကြိုးပမ်းအားထုတ်မှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ (တနင်္ဂနွေနေ့)တွင် မြန်မာပြည် လွတ်လပ်ရေးရရှိခဲ့သည်။ ကျွန်တော်တို့မှာ မြန်မာပြည်လွတ်လပ်ရေးရပြီးနောက်မှ မွေးဖွားကြီးပြင်းလာခဲ့ကြသူများ ဖြစ်သည်။ ကြယ်ကြီးအလယ်၊ ကြယ်ငယ်အရံပါသော ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံတော်အရိပ်ကိုခိုလှုံကာ လူဘဝကို ရလာခဲ့ကြသူများဖြစ်သည်။ မျိုးချစ်ခေါင်းဆောင် အဖ၊ အဘိုးတို့၏ ကျေးဇူးများကြောင့် ကျွန်တော်တို့နှင့် ကျွန်တော်တို့၏ သားသမီးမြေးမြစ်များ ကံကောင်းလေစွ၊ ကံတော်လေစွ။ ထိုကဲ့သို့ တွေးရင်း တောရင်း ကျွန်တော်တို့ ဝမ်းမြောက်မိသည်။ သာဓုခေါ်မိသည်။

ကျွန်တော်တို့၏ မျိုးချစ်အဘိုးများ၊ အဖများက အသက်နှင့်ရင်း၊ ဘဝနှင့်ရင်းကာ မလွတ်လပ်သော ဘဝများတွင် ကွယ်ပျောက်သွားကြရှာပြီ။ ကျွန်တော်တို့ မျိုးချစ်ဘိုးဘေးများမှာ မလွတ်လပ်သူများအဖြစ်နှင့် ကာလကြာရှည်စွာနေထိုင်ရင်း ကျွန်တော်တို့နှင့် သားသမီးမြေး၊ မြစ်များ ကာလရှည်ကြာ လွတ်လပ်စွာ ရပ်တည်နေထိုင်နိုင်အောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ကျွန်တော်တို့နှင့်သားသမီးမြေးမြစ်တစ်စုမှာ လွတ်လပ်သော အရိပ်ကိုမှီခိုလျက် ကျွန်တော်တို့၏ အဘ၊ အဘိုး၊ အဘေးတို့ထက် ကံကောင်းလေစွ။ ကျွန်တော်တို့၏အဖတို့သည် မလွတ်လပ်သည့်ဘဝတွင် ကြီးပြင်းခဲ့ပြီး လွတ်လပ်သည့်ဘဝတွင် နိဂုံးချုပ်ခဲ့သဖြင့် အစမကောင်းသော်လည်း ဘဝအနှောင်းကောင်းခဲ့သည်။ ကျွန်တော်တို့ဘိုးဘေးများသည် မလွတ်လပ်သည့်ဘဝတွင် ကြီးပြင်းခဲ့ပြီး မလွတ်လပ်သည့်ဘဝမှာပင် နိဂုံးချုပ်ခဲ့သည်။ ဘိုးဘေးများသည် အစလည်း မကောင်း၊ ဘဝအနှောင်းလည်း မကောင်းခဲ့ကြချေ။ ကျွန်တော်တို့ သားသမီးမြေးမြစ်တစ်စုမှာကား လွတ်လပ်သောဘဝများတွင် အစလည်းကောင်း၊ ဘဝအနှောင်းလည်း ကောင်းနေပြီ။

မြန်မာဆိုရိုးစကားတွင် အစကောင်းမှ အနှောင်းသေချာသည်ဟု ဆိုသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လွတ်လပ်ရေးအတွက် အသက်ပေးခဲ့ကြသော ကျွန်တော်တို့၏ မျိုးချစ်ဘိုးဘေးများမှာ မလွတ်လပ်သောဘဝတွင် အစပြုခဲ့ကြပြီး မလွတ်လပ်သောဘဝမှာပင် အဆုံးသတ်ခဲ့ကြသဖြင့် ၎င်းတို့၏ဘဝများမှာ အစလည်းမကောင်း၊ အနှောင်းလည်း မကောင်းဟုဆိုနိုင်သည်။ သို့သော် ကျွန်တော်တို့နှင့်တကွ ကျွန်တော်တို့သားသမီးမြေးမြစ်များ၏ ဘဝများအတွက်မှာမူကား ဘိုးဘေးများ၏ကျေးဇူးကြောင့် ဘဝအနှောင်းကောင်းနေသည်ကို အောက်မေ့သတိတရရှိနေရမည်ဖြစ်သည်။

သို့ရာတွင် ကျွန်တော်တို့သားသမီးမြေးမြစ်များလက်ထက်တွင် အစကောင်းသော်လည်း ဘဝအနှောင်းမသေချာမည်ကို စိုးရိမ်မိသည်။ တွေးတောမိသည်။ ရင်လေးမိသည်။ တိုင်းတစ်ပါးရန် ကျရောက်နေချိန်တွင် စစ်၏ဘေးဒဏ်အပေါင်းမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းဖြစ်သော ငြိမ်းချမ်းရေး (သာယာဝပြောရေး၊ ချစ်ကြည်ရေး)ကို ဖန်တီးရန် ဗိုလ်ချုပ်အောင်ဆန်းက အမြန်အလိုရှိသလို လက်တွေ့တွင်လည်း ငြိမ်းချမ်းအောင် ဖန်တီးနိုင်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီး ကျွန်တော်တို့၏လက်ထက်တွင် ယနေ့ထက်တိုင်မှာ မငြိမ်းချမ်းနိုင်သေးချေ။ ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေဆဲ ဖြစ်သည်။

လွတ်လပ်ရေး ရတနာသည် လူတစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်း၊ လူစွမ်းကောင်း အကြမ်းပတမ်းသဘောဖြင့် မထိုက်တန်ချေ။ လွတ်လပ်ရေးရတနာသည် တိုင်းပြည်လူထုအားလုံး၏ လူ့အခွင့်အရေး(လူ့စည်းစိမ်) ဥစ္စာရတနာ ပိုင်ဆိုင်ခွင့်သာဖြစ်၍ တစ်မျိုးသားလုံး၊ တစ်တိုင်းပြည်လုံး ကိုယ်တိုင်ဖန်တီးနိုင်ရမည်ဖြစ်သည်။ လူတစ်စုလွတ်လပ်ရေး မဟုတ်၊ လူအများ လွတ်လပ်ရေးဖြစ်သည်။ တိုင်းသူပြည်သားအားလုံး ညီတူညီမျှခံစားနိုင်ရေး၊ ဘေးကင်းလုံခြုံရေးအတွက် တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးကို တည်ဆောက်ကြရမည်ဖြစ်သည်။

ယခုအခါ လွတ်လပ်သောနိုင်ငံဘဝကို ရရှိနေပြီ။ ကိုယ့်အလံနှင့်၊ ကိုယ့်တံဆိပ်နှင့်၊ ကိုယ့်သမ္မတနှင့် ကိုယ့်လွတ်တော်နှင့် ကိုယ့်အစိုးရနှင့်၊ ကိုယ့်တပ်မတော်နှင့် ဖြစ်နေပြီ။ ကမ္ဘာ့အလယ်တွင် လူတစ်လုံးသူတစ်လုံး ဖြစ်နေပြီ။ ညီညွတ်သောနိုင်ငံတော်အဖြစ် အပြီးတိုင် တည်ဆောက်ရန်သာကျန်တော့သည်။ အလုပ်သဘောမှာ အခြားမဟုတ်၊ ပြည်သူ့တိုင်းမှာ ညီညွတ်ရမည်။ ပြည်သူ့တိုင်းမှာ ကိုယ့်အားကိုယ်ကို ကိုးစားရမည်ဟူသော သဘောပင်ဖြစ်သည်။

ကျွန်တော်တို့၏ သားသမီးမြေးမြစ်များလက်ထက်တွင် သူတို့အားကိုသူတို့ ကိုးစားကာ နိုင်ငံတော်ကြီးကို ညီညီညွတ်ညွတ်နှင့် အရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်သော သတ္တိများရှိဖို့ မျှော်လင့်ပါသည်။ ။

တိုင်းပြည်လူမျိုး ချစ်မြတ်နိုး

✪ ၁၈၈၅ ခုနှစ်
နယ်ချဲ့စစ်ရူး၊ စစ်ဘီလူးတို့
ကျူးကျော်တိုက်ဗျက်၊ ကုန်းဘောင်ဆက်လျှင်
ထီးပျက်စည်ပေါက်၊ နေလပျောက်သို့
ကျရောက်ခဲ့ရ ကျွန်ဘဝ။
သူ့ကျွန်မခံ တွန်းလှန်ကြ။

✪ ၁၉၄၅ ခုနှစ်
ဒိုင်းဝန်ထက်ကဲ၊ မောင်ပုလဲသို့
ညှင်းဆဲသာလွန်၊ ဘဝနွံနစ်
နိပ္ပန်ဖက်ဆစ်၊ ဆိုးယုတ်ညစ်၍
မျိုးချစ်ဇာနည်၊ ရန်မျိုးနှင်၍
အောင်စည်အောင်မောင်း အောင်သံလွှင့်။
အောင်ပန်းအောင်ခန်း အောင်လံလွှင့်။

✪ ၁၉၄၇ ခုနှစ်
လွတ်လပ်ရေးပန်း၊ ရယူလှမ်းခိုက်
လူသွမ်းတစ်စု၊ လုပ်ကြံမှုကြောင့်
ပြည်သူ့လက်ရုံး၊ ပြတ်ကြေဆုံးသော်
မိုးလုံးခြိမ်းသံ ညံတကား။
လေနီမုန်တိုင်း ရိုင်းတကား။
မြေပြင်မှုးမှူး လူးတကား။

✪ ၁၉၄၈ ခုနှစ်
ကမ္ဘာကြေလည်း၊ မကျေဥဒါန်း
ပြည်ချစ်ပန်းများ၊ စိတ်ဝမ်းလက်ညီ
ရှေ့သို့ချီ၍၊ ရောင်နီစွေးစွေး
လွတ်လပ်ရေးပန်း ပွင့်ကြိုင်လန်း။
မျက်မှောက်ကာလ
တိုင်းပြည်လူမျိုး၊ ချစ်မြတ်နိုး၍
အမျိုးဘာသာ၊ သာသနာနှင့်
မြန်မာအမည်၊ ကမ္ဘာတည်ရန်
ခိုင်ကျည်နီးကြား၊ အမျိုးသားတို့
ကြိုးစားမနေး ဆောင်ရွက်ပေး။
စောင့်ရှောက်ထိန်းပေး လွတ်လပ်ရေး။
ဒီမိုကရေစီရေး တို့အရေး။

ဆောင်ရေး

ဘိုးဘွားအမွေ

❖ သွေးချွေးအသက်
ပေးဆပ်ကျေပွန်၊ သမိုင်းမွန်နှင့်
သူ့ကျွန်ဘဝ၊ လွတ်မြောက်ကြခဲ့
မြန်မာ့မြေဖွား၊ သွေးချင်းသားတို့
ရိုးသားစိတ်ဓာတ်၊ ပေါင်းစည်းအပ်ပြီ
လွတ်လပ်ရေးအမွေ အမြုတေ။

❖ ထိုလွတ်လပ်ရေး
သွေးနှင့်ချွေးနှင့်၊ အသက်နှင့်တည့်
ရင်နှင့်ဖွယ်ကြုံ၊ သနစ်စုံနှင့်
မတုန်လှုပ်တမ်း၊ ဇွဲစိတ်ထမ်း၍
ကြိုးပမ်းထွတ်ထိပ်၊ မျိုးချစ်စိတ်နှင့်
ဖိတ်ဖိတ်တောက်ကြွား၊ သတ္တိများနှင့်
အသိတရား၊ သတိများနှင့်
ဘိုးဘွားအမွေ အမြုတေ။

❖ ထိုလွတ်လပ်ရေး
ရဲသွေးပြည့်လျှံ၊ ဇာတိမာန်နှင့်
မွမ်းမံစီကုံး ပုလဲလုံးသို့
နှလုံးသားတွင်၊ ကမ္ဘည်းတင်စို့
အစဉ်အဆက်၊ မျိုးနွယ်လက်သို့
ပေးဆပ်အမွေ အမြုတေ။

❖ သြော်... အလေးအနက်
ပေးဆပ်အမွေ၊ အမြုတေကို
တို့တစ်တွေက၊ နှလုံးလှနှင့်
ဆုံးစမထင်၊ ပြုံးမြဆင်၍
အစဉ်အဆက်၊ တည်မပျက်အောင်
အသက်တမျှ ထိန်းသိမ်းစို့။
မွေခံထိုက်သူ ဖြစ်စေဖို့။

ဖိုလေးလုံးသောင်းကိုကို

၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက မြောင်းမြခရိုင် ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဆုများ ချီးမြှင့်ခဲ့ပြီး တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မင်း(မြောင်းမြ)

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးရရှိခဲ့ပုံအဆင့်ဆင့် ရှားပါးမှတ်တမ်းဓာတ်ပုံများကို ပြည်သူများ လွယ်လင့်တကူ သိရှိခံစားနိုင်စေရန် ရည်ရွယ်၍ ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ ပြည်သူများ စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

အောင်မြင့် (မြန်/ဆက်)

(၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ညောင်တုန်းမြို့နယ် ရွှေသောင်ယံ အမကၨ ပညာရေးနှင့် အားကစားတိုးပွားပေါင်း၍ အားကစားပြိုင်ပွဲများကျင်းပရာ ပြေးခုန်ပစ်၊ မုန့်စား၊ အာလူးကောက်၊ အပ်မြီးထိုး၊ ဂုန်နီအိတ်စွပ်၊ ပူဖောင်းဖောက်၊ ဆန်ကောရွက်၊ စာအုပ်ရွက်၊ ကြက်ဖခွပ်၊ သုံးချောင်းထောက်၊ မီတာ ၄၀၀ လက်ဆင့်ကမ်း၊ ချောတိုင်တက်၊ ဘောလုံး(ဂိုးကျဉ်း)ကစားနည်းများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်မြန်/ဆက်)

ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၇) တွင် ဖော်ပြထားသော အုတ်လှုငယ်၏ ဆောင်းပါးတတိယကော်လံ စာကြောင်းရေ (၁၅)တွင် "Cooperation of the Civil Service and Public Creates a Natio" အစား "Cooperation of the Civil Service and Public Creates a Nation" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

(စာတည်း)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျှုဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ် ၁/၂၀၁၇
၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ဓဝုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဝုရ ပဋ္ဌိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လျှုဒါန်းနေကြသည့်ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လျှုဒါန်းအပ်နှင်းလိုက်ပါသည်-

အဘိဓေမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဒေါက်တာဘဒ္ဒန္တဉာဏိသရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သဒ္ဓမ္မသီတဂူချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တဇနိန္ဒ၊ ပေါက်မြိုင်စာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ လယ်ဝေးမြို့၊ နေပြည်တော်

၃။ ဘဒ္ဒန္တဉာဏိန္ဒ၊ မဟာဝိဇိတာရုံဆင်ဖြူကျွန်းကျောင်းတိုက်၊ အေးစေတီရပ်ကွက်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တသြဒဘာသာဘိဝံသ၊ အတုလကာရီဆင်မင်းကျောင်း၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တသောဘိတ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ် ၅-ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဝိမလ၊ ငပယင်းစာသင်တိုက်၊ မြို့မမြောက်ပိုင်းရပ်ကွက်၊ ပုလဲမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တမာနိတ၊ မြို့မရွှေဂူကျောင်းတိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တပညောဘာသ၊ မဟာထူပါရုံစာသင်တိုက်၊ ဘုရားကြီးလမ်းရပ်ကွက်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တသြဒဘာသ၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တသေဋ္ဌိလ၊ မဟာသုဒဿနာရာမစာသင်တိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တဉာဏိန္ဒသာရ၊ မဏ္ဍိမာရုံပါဂရမီစာသင်တိုက်၊ အမှတ် ၂-ရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တမဟိန္ဒ၊ မဟာဂန္ဓာရုံတိုက်သစ်၊ ဂ-ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဥတ္တမ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တကိတ္တိဝဏ္ဏ၊ ဂျုံးဂျုံးကျတောရကျောင်းတိုက်၊ မြို့မ ၄-ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်

၁၀။ ဘဒ္ဒန္တနန္ဒသိရီ၊ နန္ဒာရာမစာသင်တိုက်၊ မကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

၁၁။ ဒေါက်တာဘဒ္ဒန္တထေရိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဝိမလ၊ ဝိမလာရာမနတ်ညွှန်းစာသင်တိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တဥတ္တမ၊ ဇမ္ဗူအေးအေတီတပ်ဦးကျောင်း၊ အမှတ် ၁၂-ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

ဓမ္မကထိကဗဟုဇနဟိတရေ ဘွဲ့တံဆိပ်တော်

၁။ ဒေါက်တာဘဒ္ဒန္တဝိစက္ခဏာလင်္ကာရာဘိဝံသ၊ သာမဏေကျော်စာသင်တိုက်၊ အမှတ် ၆/၁၈-ရပ်ကွက်၊ ဥသာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တသုဇာတ၊ မေတ္တာအေးကျောင်းတိုက်၊ စံပြစီမံကိန်းရပ်ကွက်၊ သယ်နိုးကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတေဇနိယ၊ ကျောက်ကြီးစာသင်တိုက်၊ ကျောက်ကြီးကျေးရွာ၊ ရွှေကူမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တက္ကန္ဒာဝုဓ၊ မြစည်းခုံစာသင်တိုက်၊ အမှတ် ၁၄-ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တပညာသာမီဘိဝံသ၊ ဂန္ဓဝုရနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တသုမနဓရ၊ စိတ္တပါလဂူကျောင်းစာသင်တိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တက္ကန္ဓကာလင်္ကာရာဘိဝံသ၊ ဓမ္မာဝိပတိကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တနန္ဒသာရ၊ အလယ်ကျောင်းစာသင်တိုက်၊ မြို့မစျေးရပ်ကွက်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်

၇။ ဘဒ္ဒန္တဝါယမ၊ သုခကာရီစာသင်တိုက်၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၈။ ဘဒ္ဒန္တဥဂ္ဂံသ၊ ဓမ္မဇေယျာစာသင်တိုက်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဘဒ္ဒန္တတေဇဝန္တ၊ ပခုက္ကူစာသင်တိုက်၊ ဇ/မြောက်ရပ်ကွက်၊ သယ်နိုးကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တသုစိတ္တ၊ ဆုထူးပန်ရွှေကျင်ကျောင်းတိုက်၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တတေဇနိယ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တနာရဒါဘိဝံသ၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တကလျာဏ၊ မြို့မစာသင်တိုက်၊ အမှတ် ၂-ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၁၄။ ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ၊ ပရိယတ္တိမင်းကျောင်းတိုက်၊ အမှတ် ၃-ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တပညာသီဟ၊ အလယ်တောရစာသင်တိုက်၊ အမှတ် ၈-ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒာဝရ၊ မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တကေသဝ၊ မဟာလယ်တီကျောင်းတိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တပညာဗလ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန်ခဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တစန္ဒောဘာသ၊ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်

၅။ ဘဒ္ဒန္တသက္ကဝံသာဘိဝံသ၊ ပုဗ္ဗာရုံစာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တသာသနဓရ၊ တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ စျေးချိုတောင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဇာနေယျ၊ ရတနာပုံကျောင်း၊ အနောက်ထီးလင်းတိုက်၊ သီရိဟေမာ အရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဝဏ္ဏိသရ၊ သွပ်မိုးစာသင်တိုက်၊ မြင်းဘက်ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တနန္ဒဝံသ၊ သဒ္ဓမ္မဝံသာရုံ(နဂါးရုံ)စာသင်တိုက်၊ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တဝိဇယ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တက္ကန္ဒေါဘာသ၊ တောင်စွန်းစာသင်တိုက်၊ အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်

၁၂။ ဘဒ္ဒန္တတေဇိန္ဒ၊ စိန်မမပါဠိတက္ကသိုလ်စာသင်တိုက်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၁၃။ ဘဒ္ဒန္တက္ကန္ဒာစရိယ၊ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်၊ အောက်ရွာပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်

၁၄။ ဘဒ္ဒန္တပညာဝရ၊ ရွှေကျင်(ဂျား)ကျောင်းစာသင်တိုက်၊ ကံကြီး/မကျီးရပ်ကွက်၊ ကွမ်းခြံကုန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တစန္ဒသိရီ၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ ရေပြာကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တသောဘိတ၊ သံတံတားရွာဦးစာသင်တိုက်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဒေါက်တာဘဒ္ဒန္တကိတ္တိဗလ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အမှတ် ၃၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသ၊ မဟာဓမ္မိကာရာမစာသင်တိုက်၊ ကံသာ ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

သီလရှင်ဆရာကြီးများ

၁၉။ ဒေါ်ပညကာရီ၊ သာသနောဒယကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၀။ ဒေါ်တိက္ခဝတီ၊ မြဝတီသီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၁။ ဒေါ်ဂုဏာထေရီ၊ မမ္မဂုဏ်ရည်သီလရှင်စာသင်တိုက်၊ အမှတ် ၁၆- ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဥတ္တမဝံသ၊ ခေမာသီဝံစာသင်တိုက်၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တအာလောက၊ ယောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကည်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တတိဿ၊ အုန်းတောစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်

၄။ ဘဒ္ဒန္တဝဝိန္ဒ၊ မဟာပညာဝိမာန်စာသင်တိုက်၊ ကြေးနန်းတန်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တကောဝိဒဇောတိ၊ သုခိတာရာမစာသင်တိုက်၊ အမှတ် ၁၁- ရပ်ကွက်၊ ဥသျှစ်ပင်မြို့သစ်၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ မဟာဝိသုတာရာမစာသင်တိုက်၊ ဆုံကုန်းကျေးရွာအုပ်စု၊ ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တပညာသာမိ၊ မင်းကုန်းမဟာစာသင်တိုက်၊ ကံဦးရပ်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဝရသုခ၊ ခေမာသီဝံစာသင်တိုက်၊ စံပြရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တက္ကန္ဒာလောကာလင်္ကာရ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တစိန္တာဝရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တစန္ဒိမာ၊ မြသိန်းတန်စာသင်တိုက်၊ အမှတ် ၁၀-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဉာဏိက၊ မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တသူရိယ၊ မင်းကျောင်းပထမပြန်စာသင်တိုက်၊ မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တဥက္ကဋ္ဌာဘိဝံသ၊ သာသနဝိပုလရွှေဂူစာသင်တိုက်၊ နန္ဒဝန်ရပ်ကွက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်

၁၅။ ဘဒ္ဒန္တဝဏ္ဏမာလာဘိဝံသ၊ သိမ်တော်စာသင်တိုက်၊ ရွှေတောင်မှော်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တဥတ္တမ၊ မြောင်းမြကျောင်းစာသင်တိုက်၊ အမှတ် ၃-ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

သီလရှင်ဆရာကြီးများ

၁၇။ ဒေါ်ဝိသိဒ္ဓိ၊ ဇေယျသိဒ္ဓိသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၈။ ဒေါ်ဇေယျာသိဒ္ဓိ၊ ပုဏ္ဏမီဂုဏ်ဝေသီလရှင်စာသင်တိုက်၊ အမှတ် ၇-ရပ်ကွက်၊ လယ်ဝေးမြို့၊ နေပြည်တော်

၁၉။ ဒေါ်ယုဇနသိဒ္ဓိ၊ အောင်ရတနာမဏ္ဍိ သီလရှင်စာသင်တိုက်၊ မြိုင်သာယာကွက်သစ်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုမာရ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကမမောင်း ဗဟုသာသနာပြုဌာန၊ ကမမောင်းမြို့၊ ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တသြဒဘာသ၊ သီရိမင်္ဂလာစာသင်တိုက်၊ ချုံအင်းကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တလာဘာဝတ၊ အသောကာရုံရေလည်ပရိယတ္တိစာသင်တိုက်၊ မြို့မ(၄)ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဇောတိက၊ ဟိုခုံပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏိသရ၊ ညောင်ဇင်ထေရဝါဒဗုဒ္ဓသာသနာပြုပရဟိတဗဟုကျောင်း၊ ဖရူဆိုမြို့နယ်၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တသုဝဏ္ဏ၊ ကမ်းနီပရိယတ္တိကျောင်းကြီး၊ ကမ်းနီစံပြကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တသိရိန္ဒ၊ မြို့မကျောင်းကြီးကျောင်းတိုက်၊ အမှတ်(၆)ရပ်ကွက်၊ ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်

၄။ ဘဒ္ဒန္တစန္ဒသိရီ၊ ဇေယျသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွှေပေးကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တကဠန၊ ကဠနာရာမကျောင်း၊ ကံမော်ကျေးရွာ၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တကဝိသာရာလင်္ကာရ၊ ဘုရားငါးဆူပရိယတ္တိစာသင်တိုက်၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တသုစိတ္တ၊ သိရိသုခမိဂဒါဝုန်ဓမ္မရိပ်သာကျောင်းတိုက်၊ ရှောက်ကုန်းအုပ်စု၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၈။ ဘဒ္ဒန္တကုမာရ၊ ရွာဘဲတောင်ပေါ်ကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တစန္ဒိမာ၊ အောင်စေတီဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ မြို့သစ်(ဃ)ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တကောသလ္လ၊ သာသနာလင်္ကာရဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ ခမွန်ကံကြီးစံပြကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တသုဇန၊ ရေရှင်ကျောင်းတိုက်၊ ရေရှင်ကျေးရွာ၊ ဆောမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တဝိမလ၊ အင်္ဂါဒေါင့်ခမ္မာစရိယကျောင်း၊ ရွှေမင်းဝန်ကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တခန္တီသာရ၊ သိမ်တော်ရှင်ကျောင်းတိုက်၊ သိမ်ကျေးရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တသြဒါတသိရီဘိဝံသ၊ အဝေရာရာမရန်ကင်းကျောင်းတိုက်၊ စိန်ပန်း+သံလျှက်မှော် အရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တကေသရာဘိဝံသ၊ ဓမ္မဘာဏကကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တသုမန၊ ကော့ဒွန်းကျောင်းသစ်၊ ကော့ဒွန်းကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်

၁၇။ ဘဒ္ဒန္တနာရဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ပန်းတုံးကျေးရွာ၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ်

၁၈။ ဘဒ္ဒန္တပညောဘာသ၊ ဘီးလင်းတိုက်သစ်၊ ကျွန်းတောလမ်း၊ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဆက်လက်ဖော်ပြပါမည်

အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ဆရာတော်ကြီးများ၊ ဂန္ဓခုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာခုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ခမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းပေးနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန်ကြော်ငြာစာအမှတ်(၁/၂၀၁၇)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၇)ကိုလည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၇) ကိုလည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၁၇) ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၇)ကိုလည်းကောင်း၊ ရဲမှူထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၆/၂၀၁၇)ကိုလည်းကောင်း၊ နိုင်ငံတော်ရဲမှူထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၁၇)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၁၇)ကိုလည်းကောင်း ဇန်နဝါရီ ၄ ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောပလုယ်ပွဲ

(၁၈-၁၉- ၁ -၂၀၁၇) နေပြည်တော်

မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ရုရှားဖက်ဒရေးရှင်းနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ရုရှားဖက်ဒရေးရှင်း သမ္မတ ဗလာဒီမာ ပူတင်က ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ကာ နှုတ်ခွန်းဆက်သထားသည်။

ရုရှားနှင့် မြန်မာနိုင်ငံတို့၏ ရင်းနှီးချစ်ကြည်မှုကို အတည်ပြုနိုင်သည်မှာ ဆိုချိမ့်မြဲ၌ မိမိတို့ မကြာမီက တွေ့ဆုံဆွေးနွေးခဲ့မှုဖြစ်ပါသည်။ မတူကွဲပြားသော နိုင်ငံတကာပုံစံများအတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည်ဟု ယုံကြည်မျှော်လင့်ပါသည်။ အာရှ-ပစိဖိတ်ဒေသတည်ငြိမ်မှုကို တိုးတက်ဖြစ်ပေါ်စေကာ နှစ်နိုင်ငံ ပြည်သူတို့၏ အကျိုးစီးပွားကို သယ်ပိုးသွားနိုင်မည်ဟု ဆန္ဒပြုပါသည်။

ထိုင်းနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုချာက သဝဏ်လွှာပေးပို့ရာတွင် မြန်မာနိုင်ငံ၏ (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယအတွက် ထိုင်းတော်ဝင်အစိုးရအဖွဲ့ကိုယ်စားလည်းကောင်း၊ ပြည်သူများကိုယ်စားလည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

အဆွေတော်၏အစိုးရအဖွဲ့ တာဝန်ထမ်းဆောင်ချိန်မှစ၍ မိမိတို့ နှစ်နိုင်ငံအကြား အထက်တန်း တာဝန်ရှိသူပုဂ္ဂိုလ်အဆင့် အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များရှိခဲ့ပါသည်။ ကံတော်ကုန်ခဲ့သော ထိုင်းဘုရင်ဘုမိဘော အဒုလျာဒက်ဂျိအား ဂါရဝပြုရန် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၉ ရက်က ထိုင်းနိုင်ငံသို့ အဆွေတော် လာရောက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှုနှစ် (၇၀)ပြည့်မြောက်ပါတော့မည်။မိမိတို့နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည်ဟု မျှော်လင့်မိပါသည်။

စင်ကာပူနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ စင်ကာပူသမ္မတ တိုနီတန်ကင်ယမ်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် သံတမန်ဆက်ဆံရေး ထူထောင်မှုနှစ် (၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဆင်နွှဲနိုင်ခဲ့ကြသဖြင့် ၂၀၁၆ ခုနှစ်သည် မိမိတို့နှစ်နိုင်ငံအတွက် သမိုင်းမှတ်တိုင်တစ်ရပ်စိုက်ထူနိုင်သော နှစ် ဖြစ်ပါသည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးနှင့် လေကြောင်းချိတ်ဆက်မှုတို့ အပါအဝင် နယ်ပယ်ကဏ္ဍအမျိုးမျိုး၌ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခဲ့ကြပါသည်။

နှစ်နိုင်ငံမှ ရိုးရိုးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအနေဖြင့် ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့် ရရှိကြပြီဖြစ်သဖြင့် မိမိတို့၏ ပြည်သူများ အပြန်အလှန် ကူးလူးသွားလာနိုင်ကြပါသည်။ စင်ကာပူနှင့် မြန်မာနိုင်ငံတို့ ဆက်ဆံရေး ပိုမိုခိုင်မာလာမည်ဟု မျှော်လင့်ပါသည်ဟူ၍ ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ်ဘိုရိုနစ် နိရိုဒွန် သီဟာမိုနိမ္မပေးပို့သော ဝမ်းမြောက်ကြောင်းသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် ဝမ်းမြောက်ကြောင်း၊ အဆွေတော်အတွက် ကျန်းမာခြင်း၊ အောင်မြင်ခြင်းနှင့်အတူ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံပြည်သူများအကြား ကာလရှည်ကြာစွာ တည်ရှိနေသော ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် လာမည့်နှစ်များတွင် ပိုမိုတိုးတက်ကျယ်ပြန့်လာမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြထားသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် အာခါ မိုဟာဆီနာ ပါတိုင်းတဲ့ချို ဟွန်ဆင်ကလည်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အီတလီသမ္မတနိုင်ငံ

အီတလီသမ္မတ မစ္စတာ ဆာဂျီရို မတ်တာရီလာက အီတလီပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

မိမိတို့နှစ်နိုင်ငံ၏ အပေါင်းလက္ခဏာဆောင်သော ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် နှစ်နိုင်ငံ လူမှုရေးနှင့် စီးပွားရေးတိုးတက်လာမည်ဟုလည်း မျှော်လင့်ပါကြောင်း ဖော်ပြထားသည်။

(ဆက်လက်ဖော်ပြပါမည်)

မှုခင်းပြခန်းယာဉ်ဖြင့် လှည့်လည်အသိပညာပေး

နေပြည်တော် ဇန်နဝါရီ ၃

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ လမ်းညွှန်ချက်နှင့် အတူ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး လေးစိုး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် ပြည်သူများ မှုခင်းအန္တရာယ်ဖြစ်ပွားမှုလျော့နည်းစေရန်၊ မှုခင်းအသိပညာရရှိစေရန် မြို့နယ်

အလိုက် မှုခင်းပညာပေးယာဉ်ဖြင့် လှည့်လည်ပညာပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်၏ ဦးဆောင်မှုဖြင့် ထုံးဘိုမြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မိုး၊ မူးယစ်တပ်ဖွဲ့စု(၁၀၁)မှ ဒုရဲအုပ်အောင်ဖြိုးဝေနှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်၍ ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ပုဗ္ဗသီရိမြို့နယ် လယ်သာအုပ်စု ဂုဏ်မင်းကွင်းကျေးရွာရှိ ရွာလယ်လမ်းမတွင် မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် အသိပညာပေးကာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ရာ ဒေသခံပြည်သူလူထုများ စုံလင်စွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (ရှုပဗေဒ)

ဘဂ်လားပင်လယ်အော်အခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘဂ်လားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘဂ်လားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘဂ်လားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကဲ့ကဲ့ မိုးဆက်လက်ရွာမည်။

❒ **မောင်တောဒေသမှ**

၁၃ - ၁၁ - ၂၀၁၆ ရက်နေ့ဖြစ်စဉ်

၅။ ၁၃ - ၁၁ - ၂၀၁၆ ရက်နေ့ ၀၉၀၀ ချိန်ခန့်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ဦးဆောင်၍ လုံခြုံရေးတာဝန်ယူသောတပ်ဖွဲ့များနှင့်အတူ ဂွဆုံကျေးရွာသို့သွားရောက်ရှင်းလင်းရာ ရွာရှိ အိမ်ခြေ ၅၀ ခန့် မီးလောင်ကျွမ်းထားသည်ကိုတွေ့ရှိရပြီး ဓားရှည်ကိုယ်စီကိုင်ထားသည့် အကြမ်းဖက်တိုက်ခိုက်သူ ခုနစ်ဦးတို့က ရုတ်တရက်ပြေးထွက်လာ၍ အနီးကပ်ရန်ပြုတိုက်ခိုက်သဖြင့် လုံခြုံရေးတာဝန်ယူသော တပ်ဖွဲ့ဝင်များက ပြန်လည်ကာကွယ်ခုခံရာ အကြမ်းဖက်တိုက်ခိုက်သူ ခြောက်ဦးကို အသေဖမ်းဆီးရမိခဲ့ပါသည်။ ၁၃၀၀ ချိန်ခန့်တွင် ဒါးကြီးဇား(တောင်)ကျေးရွာအတွင်းသို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက ဦးဆောင်ဝင်ရောက်စဉ် တုတ်၊ ဓား ကိုယ်စီ ကိုင်ဆောင်ထားသည့် အကြမ်းဖက်သမား ၂၅ ဦးခန့်က အလစ်အငိုက် စောင့်ကြိုတိုက်ခိုက်သဖြင့် လုံခြုံရေးတာဝန်ယူသည့် တပ်ဖွဲ့များက ကာကွယ်ပစ်ခတ်ရာ အကြမ်းဖက်တိုက်ခိုက်သူ ၁၉ ဦးကို အသေဖမ်းဆီးရမိခဲ့ပါသည်။ ၁၆၃၀ ချိန်ခန့်တွင် အကြမ်းဖက်တိုက်ခိုက်သူ ၁၀ ဦးခန့် ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝါးပိတ်ကျေးရွာအတွင်းသို့ ဝင်ရောက်ရှင်းလင်းရာ အကြမ်းဖက်တိုက်ခိုက်သူများ ဆုတ်ခွာသွားပြီး ကျေးရွာအတွင်းရှိ နေအိမ်များ မီးလောင်ကျွမ်းလျက်ရှိသည်ကို တွေ့ရှိရသဖြင့် မီးလောင်ကျွမ်းနေသည့် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့က မီးငြိမ်းသတ်ခဲ့ရပါသည်။ ယင်းဖြစ်စဉ်တွင် ဗလီတစ်လုံးနှင့် အိမ်အချို့ မီးလောင်ကျွမ်းမှုမရှိသည်ကိုလည်း တွေ့ရှိရပါသည်။

ဝါးပိတ်ကျေးရွာတွင် မီးလောင်နေမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နေစဉ်။

မောင်တောဖြစ်စဉ်တွင် ဦးဆောင်ပါဝင်သူများ

၆။ မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် RSO အကြမ်းဖက်အဖွဲ့နှင့် ဆက်နွယ်သော မောင်တောဒေသတွင် လှုပ်ရှားသည့် Aqa Mul Mujahidin (အကာလ် မူလ် မူဂျာဟီဒင်နိ)အဖွဲ့၏ ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ ၎င်းအဖွဲ့ကိုဦးဆောင်သူမှာ မောင်တောမြို့နယ် ကျောက်ပြင်ဆိပ်ကျေးရွာနေ ဘာသာရေး၊ လူမျိုးရေးအစွန်းရောက်တစ်ဦးဖြစ်သည့် ဟာဗစ်တူဟာရ (ခေါ်) အာပူဟာမတ်ဇူးလူနီ ဖြစ်ကြောင်း၊ အသက် ၄၅ နှစ်ခန့်ရှိသည့် ဟာဗစ်တူဟာရ်သည် ပါကစ္စတန်နိုင်ငံရှိ တာလီဘန်များထံတွင် ခြောက်လသင်တန်းတက်ရောက်ခဲ့သူဖြစ်ကြောင်း၊ ဟာဗစ်တူဟာရ် သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနာ့ဖ်အနီးရှိ ကျေးရွာတစ်ရွာတွင်လည်း သွားရောက်နေထိုင်လေ့ရှိပြီး ဒုက္ခသည်အမည်ခံ၍ အရှေ့အလယ်ပိုင်းနိုင်ငံများရှိ အဖွဲ့အစည်းများထံမှ ငွေကြေးထောက်ပံ့မှုများ ရယူလျက်ရှိကြောင်း၊ ၎င်းနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသူများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနေ ၎င်းခူရကျေးရွာတွင် ရောက်ရှိနေသော ပါကစ္စတန်နိုင်ငံသား ခါလစ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကူတာပါလောင် ဒုက္ခသည်စခန်းတွင်နေထိုင်သော အီဗရာဟိန်း၊ အဇာ၊ အာရပ် တူလာ၊ နီလာဒုက္ခသည်စခန်းတွင် နေထိုင်သော ဇူဘိုင်၊ အစ္စလာမ် ဆိုသူအပါအဝင် ၁၂ ဦးတို့ဖြစ်ကြောင်း၊ ၎င်းတို့သည် လွန်ခဲ့သော ၎င်းလခန့်မှစ၍ ဟာဗစ်တူဟာရ်၏ အစီအစဉ်ဖြင့် မောင်တောဒေသသို့ဝင်ရောက်လာပြီး ဟာဗစ်တူဟာရ် စည်းရုံးထားသော ဒေသနေ အစွန်းရောက်လူငယ်များကို အကြမ်းဖက်သင်တန်းများပေးခဲ့ကြောင်း ဖမ်းဆီးရမိသည့် မာမက်နူရာ၊ မာမက်ဆန်နှင့် ဖော်ဆော်လာမောက်တို့၏ ထွက်ဆိုချက်များအရ သိရှိရပါသည်။ တိုက်ခိုက်မှုဖြစ်စဉ်နောက်ပိုင်းတွင် တိုက်ခိုက်မှုခေါင်းဆောင်ဖြစ်သူ ဟာဗစ်တူဟာရ်သည် လူမှုကွန်ရက်များမှတစ်ဆင့် မောင်တောဒေသတွင် စစ်ပွဲများ ဆက်လက်ဆင်နွှဲရေးအတွက် ၎င်းတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ဝါဒဖြန့်ဗီဒီယိုဖိုင်ကို ဆက်တိုက် ၁၀ ကြိမ် ထုတ်လွှင့်ခဲ့ရာ ပထမအကြိမ် ထုတ်လွှင့်သည့် ဗီဒီယိုတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

"မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်ရေးအဖွဲ့ခေါင်းဆောင် ဟာဗစ်တူဟာရ်(ခ) အာပူဟာမတ်ဇူးလူနီ၏ (ပထမ)ဝါဒဖြန့် ဗီဒီယိုဖိုင် (၁၂-၁၀-၂၀၁၆)

ဝါတို့ရိုဟင်ဂျာညီအစ်ကိုများ အစ္စလာမ်လူမျိုးများကို ကယ်တင်ချင်ရင် ရခိုင်မြေမှာ နေထိုင်ချင်ခဲ့လို့ရှိရင် ရခိုင်ပြည်တွင်ရှိသည့် ညီအစ်ကိုမောင်နှမ ရိုဟင်ဂျာလူမျိုး နားထောင်ထား၊ ရခိုင်ပြည်မှာရှိတဲ့ ယောကျ်ားလူပျိုများအားလုံး ထွက်ခဲ့ကြ၊ အမှန်တကယ် ကယ်တင်ချင်လို့ရှိရင် အိမ်မှာ ထိုင်မနေကြဘဲ အားလုံးထွက်လာခဲ့ကြ၊ ယောကျ်ားဆိုရင် သေမှာ မကြောက်နဲ့၊ အားလုံး ထွက်လာခဲ့ကြ၊ တိုက်ပွဲဆင်နွှဲကြမယ်" ဟု ကြေညာခဲ့ပါသည်။

လက်ရှိမောင်တောဒေသဖြစ်စဉ်၏ထူးခြားချက်

၇။ ယခုဖြစ်စဉ်သည် ရခိုင်ပြည်နယ်အတွင်း ယခင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် မတူကွဲပြားလျက်ရှိပါသည်။ ယခင်ဖြစ်ပွားခဲ့သော ဖြစ်စဉ်များသည် ဒေသခံပြည်သူအချင်းချင်းအကြား ဖြစ်ပွားခဲ့သောပဋိပက္ခများဖြစ်ပြီး ယခုဖြစ်စဉ်သည် ၂၀၁၂ ခုနှစ် နောက်ပိုင်း၌ အကြမ်းဖက်အဖွဲ့အစည်းများက စနစ်တကျအချိန်ယူပြီး ဖွဲ့စည်းပြင်ဆင်မှုများ ပြုလုပ်၍ နိုင်ငံတော်၏အချုပ်အခြာအာဏာကိုထိပါးသည့် အကြမ်းဖက်တိုက်ခိုက်မှုမျိုးဖြစ်ပါသည်။ ထို့အပြင် ပြည်ပနှင့်ဆက်စပ်နေသည့် ကွင်းဆက်များလည်း ပေါ်ပေါက်နေသဖြင့် ပိုမိုသိမ်မွေ့ရှုပ်ထွေးလျက်ရှိပါသည်။

၈။ ယခုဖြစ်စဉ်များသည် ပြည်ပနိုင်ငံများရှိ အစွန်းရောက်အဖွဲ့အစည်းများ၊ လူမျိုးရေးအရ သွေးခွဲလုံ့ဆော်လိုသူများ၏ ထောက်ခံမှု၊ စည်းရုံးမှုများ၊ ငွေကြေးထောက်ပံ့မှုများ၊ တိုက်ခိုက်မှုအတွေ့အကြုံရှိသူတို့၏ ဦးဆောင်မှုများဖြင့် ဒေသခံဘင်္ဂလီများ၏ မိမိတို့ ရသင့်ရထိုက်သော အခွင့်အရေးများ မရရှိဟုဆိုသော ယူဆချက်များကို အသုံးချ၍ နိုင်ငံတကာက အလေးထား အာရုံပြုလာအောင် အကွက်ကျကျ ဖန်တီးဖော်ဆောင်သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်ကို တွေ့ရှိရပါသည်။

၉။ အချို့သောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကလည်း ဤဒေသအတွင်း၌ မငြိမ်မသက် ဆူပူမှုများဖြစ်စေရေးအတွက် ရည်ရွယ်ချက်ဖြင့် ငွေကြေးထောက်ပံ့မှုများကို ပြည်ပနိုင်ငံများမှတစ်ဆင့် နည်းလမ်းအမျိုးမျိုးဖြင့် ပေးအပ်လျက်ရှိကြောင်း ဖမ်းဆီးရမိသည့် တရားခံများ၏ ထွက်ဆိုချက်အရ သိရှိရပါသည်။

ပြင်ပစွပ်စွဲပြောဆိုမှုများအပေါ် စိစစ်ချက်

၁၀။ ပြင်ပစွပ်စွဲပြောဆိုမှုများနှင့်ပတ်သက်၍ ကော်မရှင်က အလေးအနက်ထား၍ တရားမျှတစွာ စုံစမ်းစစ်ဆေးရာ၌ လူမျိုးတုံးအောင် သတ်ဖြတ်မှုများမတွေ့ရှိရသကဲ့သို့ ဘာသာရေးအရ ဖိနှိပ်ချုပ်ခြယ်မှုများ မရှိသည်ကို မောင်တောဒေသရှိ ဘင်္ဂလီ လူဦးရေ၊ ဗလီ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံနှင့် မော်လဝီ ဦးရေ တိုးပွားများပြားနေခြင်းတို့က သက်သေပြလျက်ရှိပါသည်။

၁၁။ ထို့အပြင် ဘင်္ဂလီကျေးရွာများ၌ အဓမ္မပြုကျင့်မှုများ၊ ဥပဒေမဲ့ ဖမ်းဆီးမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများ၊ မီးရှို့မှုများ ကျူးလွန်လျက်ရှိသည်ဆိုသည့် စွပ်စွဲချက်များကို ကော်မရှင်က အလေးထားစုံစမ်းစစ်ဆေးခဲ့ပါသည်။ ထိုကျေးရွာများ၌ တာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့၏ တာဝန်ရှိသူများကလည်း ယင်းပြစ်မှုကျူးလွန်မှုများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးဖော်ထုတ်မှု၊ တရားဝင်တိုင်ကြားမှု၊ သက်သေခိုင်လုံမှုတို့အပေါ်မူတည်၍ ဥပဒေအရ ထိရောက်စွာ အရေးယူရန်အသင့်ရှိပါကြောင်း တင်ပြကြပါသည်။ အမျိုးသမီးများကို အဓမ္မပြုကျင့်မှုရှိကြောင်း သတင်းဖြစ်ပေါ်နေခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်က ဒေသခံရွာသားများနှင့် အမျိုးသမီးများကို နည်းလမ်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့ရာတွင် ယနေ့အချိန်ထိ အရေးယူမှုများ ဆက်လက်ဆောင်ရွက်နိုင်လောက်သည့် အထောက်အထားနှင့် သက်သေခံချက်များ ရရှိမှုမရှိသေးပါကြောင်းနှင့် နေအိမ်မီးရှို့မှုများနှင့်စပ်လျဉ်း၍ တိကျသော သက်သေအထောက်အထားရရှိရေးအတွက် ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ဥပဒေမဲ့ဖမ်းဆီးမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများကိုလည်း ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပါသည်။

လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးမှုအခြေအနေ

၁၂။ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် လိုက်လျောညီထွေစွာ ပူးပေါင်းဆောင်ရွက်သူများနှင့် သတင်းပေးသည်ဟု သံသယရှိသူများကို ခြိမ်းခြောက်သတ်ဖြတ်မှုများ၊ ဖမ်းဆီးခေါ်ဆောင်မှုများပြုလုပ်လျက်ရှိရာ မောင်တောဒေသရှိ ကျေးလက်များတွင် အကြမ်းဖက်သမားများ ဝင်၊ ထွက် သွားလာလျက်ရှိသဖြင့် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးမှာ စိုးရိမ်ဖွယ်ရာအခြေအနေရှိပါသည်။ ရဲစခန်းများမှ ယူဆောင်သွားသော လက်နက်များသည် ယခုအထိ ၎င်းတို့၏လက်ဝယ်၌ ရှိနေသည့်အပြင် လက်လုပ်မိုင်းများကိုလည်း သိုဝှက်ထားရာမှ သိမ်းဆည်းရမိခြင်းများ ရှိနေရာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ခြိမ်းခြောက်မှုများ ဖြစ်လျက်ရှိသည်ဟု သုံးသပ်ရပါသည်။ ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဒေသအတွင်းရှိ ပြည်သူအားလုံး စိတ်ချလုံခြုံစွာ နေထိုင်သွားလာနိုင်ရေးအတွက် အချိန်ယူ ဖော်ဆောင်ရမည့် အခြေအနေရှိပါကြောင်း တွေ့ရှိရပါသည်။

၁၃။ လူမှုစီးပွားရေးဘဝမြှင့်တင်ရေး၊ ဝင်ငွေတိုးတက်ရရှိရေး၊ စီးပွားရေးအခွင့်အလမ်းများ ဖြောင့်ဖြူးရေးတို့မှာ အချိန်ယူ၍ ဆောင်ရွက်ရမည့်ကိစ္စရပ်များ ဖြစ်ပါသည်။ လောလောဆယ်အခြေအနေ၌ ပြည်သူအများစု၏ စီးပွားရေးအဆင့်အတန်းမှာ နိမ့်ကျလျက်ရှိပြီး ပြည်နယ်တစ်ခုလုံးအနေဖြင့် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားနေသော်လည်း ဒေသအခြေအနေအရ လယ်ယာလုပ်ငန်းနှင့်ရေလုပ်ငန်းတို့၏ အခြေအနေပေးမှုများကြောင့် အလွန်အကျွံ အာဟာရချို့တဲ့မှုများ ဖြစ်ပေါ်နေသည်ကို မတွေ့ရှိရပါ။

၁၄။ ဤကော်မရှင်အနေဖြင့်မူ ဒေသအတွင်း စျေးရောင်း စျေး၀ယ် လုပ်ငန်းများ အဆင်ပြေရေးအတွက် ကျေးရွာစျေးများအားလုံး ဖွင့်လှစ်နိုင်ရေးကိုလည်းကောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားနိုင်ရေးကိုလည်းကောင်း၊ လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို ဒေသခံကျေးရွာသားများထံသို့ အရောက်ပေးပို့နိုင်ရန်လည်းကောင်း၊ သတင်းမီဒီယာသမားများ လွတ်လပ်စွာသတင်းရယူနိုင်ရေးအတွက် ခွင့်ပြုဆောင်ရွက်နိုင်ရန်လည်းကောင်း၊ သွားလာရေးအဆင်ပြေစေရန်လည်းကောင်း အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ယခုအခါ မောင်တောဒေသ နယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်နိုင်သည့်အပြင် ကျေးရွာ စျေးပေါင်း ၂၆ ခု၊ စည်ပင်စျေး နှစ်ခုရှိရာ ယင်းစျေးများအားလုံး ဖွင့်လှစ်ရောင်းဝယ်နေပြီဖြစ်ပါသည်။ စာသင်ကျောင်း ၁၈၃ ကျောင်း ရှိသည့်အနက် ၁၇၁ ကျောင်း ဖွင့်လှစ်ပညာသင်ကြားလျက်ရှိပြီဖြစ်ပါသည်။

၁၅။ အကြမ်းဖက်ဖြစ်စဉ်နှင့်ပတ်သက်သောပြစ်မှုများတွင် ပြစ်မှုကျူးလွန်ကြောင်း သက်သေထင်ရှားပေါ်ပေါက်ခြင်းမရှိသည့် ဖမ်းဆီးထိန်းသိမ်းထားသူ ၁၀ ဦးကို ရာဇဝတ် ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၉ အရ ပြန်လွှတ်ခဲ့ပါသည်။ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းချက်များအရ တရားခံ ၄၈၅ ဦးကို အမှုပေါင်း ၄၉ မှုဖြင့် အရေးယူထားသည့်အနက် အမှုပေါင်း ၂၈ မှု ကို တရားစွဲဆိုတင်ပို့နိုင်ခဲ့ပါသည်။ တရားစွဲဆိုတင်ပို့ခဲ့သော အမှုများအနက် အမှု သုံးမှု ပြီးပြတ်ခဲ့ပါသည်။

နိဂုံး

၁၆။ ကော်မရှင်အနေဖြင့် မောင်တောဒေသဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပဋိပက္ခဖြစ်စဉ်တို့၏ သဘောသဘာဝအရ ဥပဒေနှင့်မညီသော ပြုလုပ်မှုများ ပါရှိလာနိုင်သည့် အခြေအနေများကိုလည်းကောင်း၊ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကောလာဟလသတင်းများ ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများကိုလည်းကောင်း အစဉ်သတိပြုလျက် သတင်းများကို အလေးထား စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်

မောင်တောမြို့နယ်တွင် အမျိုးသားတစ်ဦး အသတ်ခံရ

နေပြည်တော် ဇန်နဝါရီ ၃

ရခိုင်ပြည်နယ် မောင်တောမြို့နယ် လင်ဘာကုန်းနားကျေးရွာနေ ဆွေဒူအာမီ (၃၀)နှစ်သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် ညနေ ၆ နာရီခန့်တွင် ငါးစားကြူးချောင်းဘက်သို့ ငါးရှာသွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ မိသားစုများက လိုက်လံရှာဖွေရာ ဇန်နဝါရီ ၂ ရက် ညနေ ၃ နာရီခွဲခန့်တွင် ကျေးရွာတောင်ဘက် ကိုက် ၄၀၀ ခန့်အကွာ ငါးစားကြူးချောင်းရေစပ် ရွှံ့ဗွက်ထဲတွင် လည်ပင်းလှီးဖြတ်ဒဏ်ရာဖြင့် မှောက်လျက်သေဆုံးနေကြောင်း သိရသဖြင့် ဖြစ်စဉ်မှန်ပေါ်ပေါက်စေရေးအတွက် ရဲတပ်ဖွဲ့က လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဇီဝမျိုးစုံလင် ကမ္ဘာတစ်ခွင် ထာဝစဉ်တည်တံ့ရေး ထိန်းသိမ်းပေး

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်သူများက အပြစ်မဲ့ပြည်သူများအား ဖမ်းဆီး၊ သတ်ဖြတ်မှု ဖြစ်စဉ်များ ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၃

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်သူများက အပြစ်မဲ့ပြည်သူများအား ဖမ်းဆီး၊ သတ်ဖြတ်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ယင်းထုတ်ပြန်ချက်၌ ဖြစ်စဉ် (၁)မှာ အောက်တိုဘာ ၅ ရက် နံနက် ၁ နာရီတွင် မောင်တောမြို့နယ် ဦးရှည်ကျေးရွာနေ မောင်မောင်စိုး (ခ) ရှုနာများအား တစ်ရွာတည်းနေ ကဖားတူလလာ၏နေအိမ်၌ လည်ပင်း ယာဘက်၊ ဝဲ/ယာတင်ပါး၊ ကျောပြင်၊ ယာလက်ဖျံနှင့် ဝဲလက်မောင်းတို့တွင် ပြတ်ရှဒဏ်ရာ ၁၂ ချက်ဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း၊ ဖြစ်စဉ် (၂)မှာ အောက်တိုဘာ ၅ ရက်တွင် ဦးရှည်ကျေးရွာ အရှေ့ဘက်ကိုက် ၅၀၀ ခန့် အကွာရှိ လယ်ကွင်းစပ်၌ မာမတ်တာလီအား လည်ပင်း၊ ရင်ဘတ်၊ ဝဲလက်မောင်း၊ ချိုင်းအောက်၊ ဝဲဝမ်းပိုက်၊ နံစောင်း၊ တင်ပါးနှင့် ကျောပြင်တို့တွင် ပြတ်ရှဒဏ်ရာ စုစုပေါင်း ၁၉ ချက် တို့ဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ဖြစ်စဉ် (၃)မှာ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ လမ်းဘေးရေမြောင်း အတွင်း လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးပုပ်ပွနေသည့် အလောင်း တစ်လောင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ် (၄)မှာ အောက်တိုဘာ ၁၅ ရက် နံနက်၁၀ နာရီတွင် မောင်တောမြို့နယ်ကံသာယာ(အထက်မြို)ရွာနေ ကျေးရွာခန့်ကျောင်း ဆရာ ဦးသန်းထွန်းနှင့် တစ်ရွာတည်းနေ ခိုင်သွေးတို့ နှစ်ဦးသည် ရွာအနီးတွင် နွားကျောင်းရင်း တောင်ပေါ်၌ ဝါးခုတ်နေစဉ် မလှမ်းမကမ်းရှိ ချောင်းစပ်မှ သေနတ်ဖြင့် ပစ်ခတ်သောကြောင့် ဦးသန်းထွန်း၏ ဝဲဘက်ဆီးခုံ အထက် ဝမ်းပိုက်နှင့် ဝဲဘက်ဒူးတို့တွင် သေနတ်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဖြစ်စဉ် (၅)မှာ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မောင်တောမြို့နယ် ခြံပြင်ကျေးရွာနေ မောင်အေးဝင်းပါ ငါးဦးသည် ခြံပြင်ရွာနှင့် ရေတွင်းကျွန်းရွာကြားရှိ လယ်ကွင်းတွင် နွားကျောင်းနေစဉ် ရေတွင်းကျွန်းရွာနေ လူ ခြောက်ဦးက ဓားရှည်လေးချောင်း၊ လုံ နှစ်ချောင်း ကိုယ်စီကိုင်ဆောင်၍ ခြိမ်းခြောက်ကာ နွားများဆွဲလုနေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာသဖြင့် ထွက်ပြေးသွားခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဖြစ်စဉ် (၆)အဖြစ် နိုဝင်ဘာ ၇ ရက် ည ၁၂ နာရီခွဲတွင် မောင်တောမြို့နယ် ဖူခါလီကျေးရွာရှိ နူမာမောက်၏နေအိမ်သို့ ဂေါ်ဇီရာမောက်ပါ ၁၅ ဦးခန့် ရောက်ရှိလာပြီး လူများအား ရိုက်နှက်ကာ နူမာမောက်၏ သားနှစ်ဦးဖြစ်သည့် မာမွတ်ဖာရိ(၁၈) နှစ်နှင့် ဖိုက်ဆဲ (၁၂) နှစ်တို့အား ခေါ်ဆောင်၍ နေအိမ်အား မီးရှို့ဖျက်ဆီးထွက်ပြေးသွားကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကအခင်းဖြစ်နေရာသို့ ရှင်းလင်းရာ မာမွတ်ဖာရိအား လည်ပင်း၊ နဖူး၊ ဝဲလက်ဖျံ၊ တံတောင်၊ ခြေထောက်၊ ဝဲချိုင်းအောက်နှင့် ပေါင်တို့တွင် စုစုပေါင်းပြတ်ရှဒဏ်ရာ ၁၃ ချက်ဖြင့် ပြန်လည်တွေ့ရှိခဲ့ရကြောင်း၊ ဖြစ်စဉ် (၇) မှာ နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် ဖော့ကီးတောင်ရွာ ဦးရွှေမောင်နှင့်ဇနီး မရွှေမေ တို့သည် မရမာကြီးရွာသို့ သွားရောက်စဉ် ဖော့ကီးတောင်ရွာနေ ဟာမိတ်တူဆောင်းနှင့် အပေါင်းအပါ ရှစ်ဦးတို့က ဓားဖြင့်ခုတ်၍ ဦးရွှေမောင်တွင် ဝဲဘက်ဂုတ်ပြတ်ရှ ဒဏ်ရာ တစ်ချက်နှင့် ဝဲနားအောက် ပြတ်ရှဒဏ်ရာ တစ်ချက် ရရှိခဲ့ကြောင်း၊ ဖြစ်စဉ် (၈)မှာ နိုဝင်ဘာ ၁၇ ရက် ည ၇ နာရီခွဲတွင် မောင်တောမြို့နယ် ဂေါ်ဒူသာရ(အနောက်)ရွာနေ ဂျာမ(ခ)ဇော်မာဟူဆွန်သည် ဂေါ်ဒူသာရ (တောင်) ရွာမှ ဟာဘီအူလာက ထမင်းဖိတ်ကျွေးရန် လာခေါ်သဖြင့် လိုက်သွားပြီးနောက် နေအိမ်သို့ပြန်ရောက်မလာဘဲ အမကကျောင်းအနီးတွင် ဓားခုတ်ခံရသဖြင့် လည်ပင်းပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ ဖြစ်စဉ် (၉)မှာ ဒီဇင်ဘာ ၁၃ ရက် ည ၉ နာရီခန့်တွင် အကြမ်းဖက်တိုက်ခိုက်သူများဟု ယူဆရသူ ၁၇ ဦးခန့်ကရွာအတွင်း သေနတ်နှစ်ချက်ပစ်ဖောက်ကာ သဝန်ချောင်းမြောက်ရွာနေ ဟာဘီရော်မာန်အား ဖမ်းဆီးသွားကြောင်း၊ ထို့နောက် ဒီဇင်ဘာ ၁၆ ရက်တွင် သဝန်ချောင်းကျေးရွာနေ ကာလာဗော်တာထံသို့ မော်လဝီဇူပိုင်ဆိုသူက ဖုန်းဖြင့်ဆက်သွယ်ကာ ဟာဘီရော်မန် ဖမ်းဆီးခံရမှုကို တပ်နှင့် ရဲထံ သတင်းပေးမှုအပေါ် မကျေနပ်၍ ၎င်းနှင့် မိသားစုအား ဖမ်းဆီး သတ်ဖြတ်ပစ်မည်ဟု ဖုန်းဖြင့်ခြိမ်းခြောက်ပြောဆိုခဲ့သည်ဟု သိရကြောင်း၊ ဖြစ်စဉ် (၁၀)မှာ ဒီဇင်ဘာ ၂၁ ရက်တွင် သတင်းထောက်များ၏ မေးမြန်းချက်အား ဖြေကြားခဲ့သူ ငါးခူရ(အလယ်) ရွာနေ ကျေးရွာစာကြည့်တိုက်မှူး ဒုစ်မာမတ် (ခ) ရှုနာမျာအား ဒီဇင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ဦးခေါင်းမပါ၊ ဝဲနှင့်ယာပေါင်တို့တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း ထိုသတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ဖြစ်စဉ် (၁၁)မှာ ဒီဇင်ဘာ ၂၅ ရက် ည ၉ နာရီခန့်တွင် ရေတွင်းကျွန်း ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးစာရေး ရော်ဖီအား ဝမ်းပိုက်ထိုးသွင်း၊ လည်ပင်းထိုးသွင်း၊ လိုးဖြတ်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ဖြစ်စဉ် (၁၂) မှာ ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းတွင် မောင်တောမြို့နယ် ဝက်ကျိန်း (မြောက်) ရွာနေ ရာအိမ်မှူးဟောင်း ဆီရာဇူဟွတ်အား ပျောက်ဆုံးနေရာမှ ပြုံးမချောင်းဘေး မြေနုကျွန်းပေါ်တွင် ပြင်ပဒဏ်ရာ မရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ဖြစ်စဉ် (၁၃)မှာ ဇန်နဝါရီ ၂ ရက်တွင် လင်ဘာကုန်းနားကျေးရွာနေ ဆွေဒုအာမီ (၃၀) နှစ်သည် ငါးစားကြူးချောင်းဘက်သို့ ငါးရှာသွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ မိသားစုများက လိုက်လံရှာဖွေရာ ဇန်နဝါရီလ ၂ ရက်နေ့တွင် ချောင်းစပ်မှ လည်ပင်းလှီးဖြတ်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ပါရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်သူများက အပြစ်မဲ့ပြည်သူများအား ဖမ်းဆီး၊ သတ်ဖြတ်မှု ဖြစ်စဉ်များ

စဉ်	ရက်စွဲ	ဖမ်းဆီး/ သတ်ဖြတ်ခံရသူ	မြို့နယ်/ကျေးရွာ	ဖြစ်စဉ်
၁	၅-၁၀-၂၀၁၆	မောင်မောင်စိုး (ခ) ရှုနာများ	မောင်တောမြို့နယ်၊ ဦးရှည်ကျေးရွာ	တစ်ရွာတည်းနေ ကဖားတူလလာ၏ နေအိမ်၌ ပြတ်ရှဒဏ်ရာ ၁၂ ချက်ဖြင့် သေဆုံး။
၂	၅-၁၀-၂၀၁၆	မာမတ်တာလီ	မောင်တောမြို့နယ်၊ ဦးရှည်ကျေးရွာ	လည်ပင်း ရင်ဘတ်၊ ဝဲလက်မောင်း ချိုင်းအောက်၊ ဝဲ ဝမ်းပိုက်၊ နံစောင်း၊ တင်ပါးနှင့် ကျောပြင်တို့တွင် ပြတ်ရှဒဏ်ရာ ၁၉ ချက် ခြင့် သေဆုံး။
၃	၁၄-၁၀-၂၀၁၆	-	မောင်တောမြို့နယ်၊ မြို့သူကြီးကျေးရွာ	မြို့သူကြီး ကျေးရွာ၊ လမ်းဘေး ရေမြောင်းအတွင်း လည်ပင်းပြတ်ရှ ဒဏ်ရာခြင့် သေဆုံးပုတ်ပွနေသည့် အလောင်းတစ်လောင်းတွေ့။
၄	၁၅-၁၀-၂၀၁၆	ဦးသန်းထွန်း	မောင်တောမြို့နယ်၊ ကံသာယာ(အထက်မြို)ရွာ	တောင်ပေါ်၌ ဝါးခုတ်နေစဉ် မလှမ်းမကမ်းရှိ ချောင်းစပ်မှ သေနတ်ဖြင့် ပစ်ခတ်သောကြောင့် သေနတ် ထိမှန်ဒဏ်ရာများရရှိခဲ့။
၅	၂၅-၁၀-၂၀၁၆	မောင်အေးဝင်း ပါ ၅ ဦး	မောင်တောမြို့နယ် ခြံပြင်ကျေးရွာ	လူ ၆ ဦးမှ ပါဝင်သည် ၄ ချောင်း၊ လုံ ၂ ချောင်း ကိုယ်စီ ကိုင်ဆောင်၍ ခြိမ်းခြောက်ကာ နွားများဆွဲလုခဲ့။
၆	၇-၁၁-၂၀၁၆	နူမာမောက်	ဇင်ဝိုင်ညာကျေးရွာ	နေအိမ်သို့ ဂေါ်ဇီရာ မောက် ပါ ၁၅ ဦးခန့် ရောက်ရှိလာပြီးလူများအား ရိုက်နှက်၊ ၁၈နှစ် နှင့် ၁၂ နှစ်အရွယ် သားနှစ်ဦးအားဖမ်းဆီး ဖေါ်ဆောင်သွားခဲ့။
၇	၁၃-၁၁-၂၀၁၆	ဦးဆွေမောင် နှင့် ဇနီး မခင်ရွှေမ	ဖော့ကီးတောင်ရွာ	ဟာမိတ်တူဆောင်းနှင့် အပေါင်းအပါ ၈ ဦးတို့မှ ဓားဖြင့် ခုတ်၍ ဝဲဘက် ဂုတ်ပြတ်ရှဒဏ်ရာတစ်ချက်နှင့် ဝဲနားအောက် ပြတ်ရှဒဏ်ရာတစ်ချက်ရရှိခဲ့။
၈	၁၃-၁၁-၂၀၁၆	ဂျာမ (ခ) ဖော်မာဟူဆွန်	ဂေါ်ဒူသာရ(အနောက်)ရွာ	အမက ကျောင်းအနီးတွင် လည်ပင်းပြတ်ရှဒဏ်ရာများဖြင့်သေဆုံး။
၉	၁၃-၁၂-၂၀၁၆	ဟာဘီရော်မန်	သဝန်ချောင်းမြောက်ရွာ	ဟာဘီ ရော်မန်အား ဖမ်းဆီးသွားပြီး ဖမ်းဆီးခံရမှုကို တပ်နှင့်ရဲထံ သတင်းပေးမှုအပေါ် မကျေနပ်၍ ၎င်းနှင့် မိသားစုအား ဖမ်းဆီးသတ်ဖြတ် ပစ်မည်ဟု ဖုန်းခြင်းခြိမ်းခြောက်မြောက်ပြီး။
၁၀	၂၁-၁၂-၂၀၁၆	ဒုစ်မာမတ် (ခ) ရှုနာများ	ငါးခူရ (အလယ်) ရွာ	ဦးခေါင်းမပါ၊ ဝဲနှင့်ယာ ပေါင်တို့တွင် ထိုးသွင်းဒဏ်ရာများဖြင့်သေဆုံး။
၁၁	၂၅-၁၂-၂၀၁၆	ရော်ဖီ	ရေတွင်းကျွန်းကျေးရွာ	ဝမ်းပိုက် ထိုးသွင်း၊ လည်ပင်း ထိုးသွင်း၊ လိုးဖြတ် ဒဏ်ရာများဖြင့်သေဆုံး။
၁၂	၂၆-၁၂-၂၀၁၆	ဆီရာဇူဟွတ်	ဝက်ကျိန်း (မြောက်) ရွာ	မြေနု ချောင်းဘေး မြေနုကျွန်းပေါ်တွင် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံး။
၁၃	၂၈-၁၂-၂၀၁၆	ဆွေဒုအာမီ	လင်ဘာကုန်းနားကျေးရွာ	ချောင်းစပ်တွင် လည်ပင်းလိုးဖြတ်ဒဏ်ရာဖြင့်သေဆုံး။
၁၄	၂-၁-၂၀၁၇	လားလူ	မင်းကြီးကျေးရွာ	နေအိမ်သို့ ပြန်လည်မရောက်ရှိဘဲ ပျောက်ဆုံးလျက်ရှိ။

၂၀၁၆ ခုနှစ်အတွင်း ရထားခဲပေါက်ခံရမှု (၂၆)ကြိမ် ဖြစ်ပွားခဲ့

ရန်ကုန် ဇန်နဝါရီ ၃။ ။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မြန်မာနိုင်ငံ မီးရထားလမ်းပိုင်းအသီးသီး၌ ရထားခဲပေါက်ခံရမှု (၂၆)ကြိမ်ဖြစ်ပွားခဲ့ပြီး တရားခံဖော်ထုတ်ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာရဲစခန်းများတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်သည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း ဆင်ခြေဖုံးအပါအဝင် ပြေးဆွဲနေသော မြို့ပတ်ရထား ၂၃ စင်းနှင့် ရန်ကုန်မြို့သို့ ဝင်ထွက်သွားလာနေသော လူစီးလော်ကယ် အမြန်ရထား ၃၂ စင်း စုစုပေါင်း ၅၅ စင်းရှိရာ လူစီးလော်ကယ် အမြန်လမ်းပိုင်းတွင် (၂၁)ကြိမ်နှင့် မြို့ပတ်လမ်းပိုင်းတွင် ငါးကြိမ် ဖြစ်ပွားခဲ့သည်။

ရထားပို့ဆောင်ရေးဥပဒေပုဒ်မ ၈၄ အရ မည်သူမဆို "ရထားစီးခရီးသည်(သို့) ရထားပေါ်ရှိ တာဝန်ရှိသူတစ်ဦးဦးနှင့် ရထားပေါ်ရှိ ကုန်စည်များကို ဘေးအန္တရာယ်ကျရောက်စေရန် ကြံရွယ်ချက်ဖြင့်ဖြစ်စေ၊ ဘေးအန္တရာယ်ကျရောက်နိုင်သည်ကို သိလျက်နှင့်ဖြစ်စေ ရထားကိုတစ်စုံတစ်ရာဖြင့်ပစ်ပေါက်ခြင်း(သို့မဟုတ်) အခြားတစ်စုံတစ်ရာ ပြုလုပ်ခြင်း မပြုလုပ်ရ" ဟုပြဋ္ဌာန်းပါရှိသဖြင့် မသိ၍ဖြစ်စေ၊ တမင်တကာဖြစ်စေ ရထားခဲပေါက်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ရထားရဲတပ်ဖွဲ့အမှတ်(၃)တပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ ဒုတိယရဲမှူးကြီး မျိုးဇော်ဦးက ပြောသည်။ **(ရထားရဲတပ်ဖွဲ့)**

မောင်တောမြို့နယ်အတွင်း မိုးလုံလေလုံအားကစားခန်းမ တည်ဆောက်လျက်ရှိ

မောင်တော ဇန်နဝါရီ ၃

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ဘောလုံးကွင်းအနီး ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် အားကစားကွင်းဧရိယာအတွင်း မိုးလုံလေလုံအားကစားခန်းမ တည်ဆောက်လျက်ရှိသည်။

အဆိုပါ အားကစားခန်းမအဆောက်အအုံကို ပြည်နယ်အစိုးအရ ခွင့်ပြုရန်ပုံငွေကျပ် သန်းပေါင်း ၂၉ ဒသမ ၂ သန်းဖြင့် အကျယ် ၆ ဒသမ ၅ ကေကျယ်ဝန်းသော မြေဧရိယာပေါ်တွင် အလျား ပေ ၁၂၀၊ အနံပေ ၉၀ နှင့် အမြင့် ၃၆ ပေရှိအားကစားခန်းမတည်ဆောက်ပြီးစီးပါက ဘော်လီဘော၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒိုနှင့် ပင်ပေါင်ရိုက်အားကစားပြိုင်ပွဲများကျင်းပနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဘောလုံးကွင်းပွဲကြည့်စင်ကိုလည်း အဆင့်မြှင့်တင်တည်ဆောက်သွားမည်ဖြစ်ကြောင်း မောင်တောမြို့နယ်အား/ကာမှူး ဦးဇော်မင်းထွေးက ပြောသည်။

"ဒီလို မိုးလုံလေလုံအားကစားခန်းမဆိုတာ မြို့နယ်တိုင်းမှာလိုအပ်တဲ့ အားကစားအထောက်အကူပြုပစ္စည်းတွေပဲဖြစ်ပါတယ်။ ဒါတွေရှိခြင်းအားဖြင့် အားကစားသမားတွေ နွေ၊ မိုး၊ ဆောင်းအစဉ်အဆက်မပြတ် ကစားနိုင်တဲ့အတွက် နိုင်ငံဂုဏ်ဆောင် အားကစားသမားတွေ ထွက်ပေါ်လာဖို့ တစ်ထောင့်တစ်နေရာက အကျိုးပြုနိုင်မယ်လို့ ထင်ပါတယ်။ အားကစားကို လိုက်စားခြင်းဖြင့် လူငယ်တွေအချင်းချင်း ပေါင်းသင်းဆက်ဆံရေးတိုးတက်လာပြီး လူငယ်တွေမူးယစ်ဆေးဝါးသုံးစွဲမှုလည်း အထိုက်အလျောက် လျော့ကျလာနိုင်မယ်၊ နောက် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာဖို့ကိုလည်း အထောက်အကူ ဖြစ်လာနိုင်ပါတယ်" ဟု ၎င်းအမြင်ကိုပြောပြသည်။

အဆိုပါ မိုးလုံလေလုံအားကစားခန်းမကို ရွှေကျွန်းသန္တာ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် စတင်တည်ဆောက်ခဲ့ကာ ယခုနှစ် မတ်လကုန်တွင် မောင်တောမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ အပြီးတည်ဆောက်အပ်နှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဇင်ဦး၊ ကိုမင်း၊ ဓာတ်ပုံ - သီဟစည်သူ

ကော့သောင်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း တရားမဝင်လှေနစ်စင်း ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၃

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်သည် ပင်လယ်ပြင်လုံခြုံရေးဆောင်ရွက်စဉ် ဇန်နဝါရီ ၁ ရက် ည ၁၂ နာရီ ၁၅ မိနစ်ခန့်က ကော့သောင်းမြို့၏အနောက်မြောက်ဘက် ရေမိုင် ၁၅ မိုင်ခန့်အကွာ မြန်မာ့ရေပိုင်နက်အတွင်း တရားမဝင် ရှုပ်ဖမ်းဆီးနေသော အမျိုးသားငါးဦးပါသည့် ရှုပ်ဆွဲလှေတစ်စင်းနှင့် အမျိုးသားနှစ်ဦးပါသည့် ရှုပ်သယ် လှေတစ်စင်းတို့ကို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသူ ခုနစ်ဦးနှင့်အတူ သိမ်းဆည်းရမိလှေများကို တရားဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကြည့်

(ယမန်နေ့မှအဆက်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တင်သွင်းမှုအခြေအနေ

၂၈-၁၁-၂၀၁၆ မှ ၃-၁၂-၂၀၁၆ ထိ ၁၂-၁၂-၂၀၁၆

စဉ်	မဲဆန္ဒနယ်	လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်		ပါတီ/တစ်သီးပုဂ္ဂလ	တင်သွင်းရက်စွဲ
၅	ဒဏ်မြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်	၁	ဒေါ်ခင်မာလာ	အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NATIONAL DEMOCRATIC FORCE)	၆-၁၂-၂၀၁၆
		၂	ဦးဇော်အောင်(ခ) ဦးညိုထွန်း	လူဘောင်သစ်ပါတီ	၆-၁၂-၂၀၁၆
		၃	ဦးနေကျော်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၅-၁၂-၂၀၁၆
		၄	ဦးနေလင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ	၅-၁၂-၂၀၁၆
		၅	ဒေါ်ဥမ္မာတင်	ဒီမိုကရက်တစ်ပါတီ(မြန်မာ)	၆-၁၂-၂၀၁၆
၆	ဒဏ်မြို့သစ် (ဆိပ်ကမ်း) မဲဆန္ဒနယ်	၁	ဦးခင်ဝင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄-၁၂-၂၀၁၆
		၂	ဦးမြစိန်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၂-၁၂-၂၀၁၆
		၃	ဦးသဲမောင်မောင်ထက်	အမျိုးသားတိုးတက်ရေးပါတီ	၃၀-၁၁-၂၀၁၆
		၄	ဦးအောင်ဇင်	အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NATIONAL DEMOCRATIC FORCE)	၆-၁၂-၂၀၁၆
		၅	ဒေါက်တာအောင်မျိုး	တစ်သီးပုဂ္ဂလ	၄-၁၂-၂၀၁၆
၇	ကော့မျူး မဲဆန္ဒနယ်	၁	ဦးကျော်ဆွေဝင်း(ခ) ဦးအာလူး	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၅-၁၂-၂၀၁၆
		၂	ဦးကျော်ဇင်ဟိန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ	၆-၁၂-၂၀၁၆
		၃	ဒေါ်ခင်ခင်လင်း	မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myasnmar Farmer's Development Party)	၅-၁၂-၂၀၁၆
		၄	ဦးစောဝင်း	ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ	၃၀-၁၁-၂၀၁၆
		၅	ဒေါ်စိန်ကျော့နု	ဒီမိုကရက်တစ်ပါတီ(မြန်မာ)	၅-၁၂-၂၀၁၆
		၆	ဦးဇော်ထွန်း	တစ်သီးပုဂ္ဂလ	၃-၁၂-၂၀၁၆
		၇	ဒေါ်နီလာစိုးတင့်	မြန်မာအမျိုးသားကွန်ဂရက်ပါတီ (Myanmar National Congress)	၆-၁၂-၂၀၁၆
		၈	ဦးမျိုးမောင်မောင်စိုး	အမျိုးသားတိုးတက်ရေးပါတီ	၃-၁၂-၂၀၁၆
		၉	ဦးမျိုးသီဟထွန်း	တစ်သီးပုဂ္ဂလ	၃-၁၂-၂၀၁၆
	ရှမ်းပြည်နယ်				
၈	ကျေးသီး မဲဆန္ဒနယ်	၁	ဦးစိုင်းကျော်ခိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ	၅-၁၂-၂၀၁၆
		၂	စိုင်းအောင်ကျော်	ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၄-၁၂-၂၀၁၆
		၃	စိုင်းအွမ်ခမ်း	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၂-၁၂-၂၀၁၆
		၄	ဒေါ်နန်းတင်ဦး	ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ	၁-၁၂-၂၀၁၆
၉	မိုင်းရှား မဲဆန္ဒနယ်	၁	ဦးကျော်တင်ရွှေ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ	၄-၁၂-၂၀၁၆
		၂	စိုင်းဝင်းအေး(ခ) စိုင်းထွန်းအေး	ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၄-၁၂-၂၀၁၆
		၃	နန်းခမ်းယဉ်အောင်	ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၃၀-၁၁-၂၀၁၆
		၄	ဦးဝင်းနိုင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၄-၁၂-၂၀၁၆

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတင်သွင်းမှုအခြေအနေ

စဉ်	မဲဆန္ဒနယ်	လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်		ပါတီ/တစ်သီးပုဂ္ဂလ	တင်သွင်းရက်စွဲ
၁	ချင်းပြည်နယ်				
	မဲဆန္ဒနယ် အမှတ်(၃)	၁	ဒေါ်ဇာတလဲမ် (Pi Za Tlem)	ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ	၁-၁၂-၂၀၁၆
		၂	ဦးဇိုပဲန်း (Pu Zo Peng)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ	၂-၁၂-၂၀၁၆
		၃	ဦးဘွဲခိန်း (Pu Bawi Khing)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၅-၁၂-၂၀၁၆
၂	ပဲခူးတိုင်းဒေသကြီး				
	မဲဆန္ဒနယ် အမှတ်(၄)	၁	ဒေါ်စန်းစန်းမြင့်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၆-၁၂-၂၀၁၆
		၂	ဦးစိန်ထွန်း	အမျိုးသားဒီမိုကရေစီအင်အားစုပါတီ	၄-၁၂-၂၀၁၆
		၃	ဦးဌေးနိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၆-၁၂-၂၀၁၆
		၄	ဦးမင်းသူ	ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီ	၇-၁၂-၂၀၁၆
		၅	ဒေါက်တာလှမိုး	အမျိုးသားတိုးတက်ရေးပါတီ	၄-၁၂-၂၀၁၆
		၆	ဦးအောင်ကြည်ဝင်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၇-၁၂-၂၀၁၆
၃	ရန်ကုန်တိုင်းဒေသကြီး				
	မဲဆန္ဒနယ် အမှတ်(၆)	၁	ဦးခင်မောင်ရည်(ခ) ခိုင်မောင်ရည်	အမျိုးသားဒီမိုကရေစီအင်အားစုပါတီ	၁-၁၂-၂၀၁၆
		၂	ဦးခင်မောင်အေး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ	၅-၁၂-၂၀၁၆
		၃	ဒေါ်နီလာအုန်း(ခ) ဒေါ်ထိုက်အိန္ဒြေဦး	တစ်သီးပုဂ္ဂလ	၇-၁၂-၂၀၁၆
		၄	ဒေါက်တာ မောင်မောင်	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ	၆-၁၂-၂၀၁၆
		၅	ဦးမြင့်ကြည်	ဒီမိုကရက်တစ်ပါတီ(မြန်မာ)	၅-၁၂-၂၀၁၆
		၆	ဦးသက်ထွန်း	အမျိုးသားတိုးတက်ရေးပါတီ	၆-၁၂-၂၀၁၆

(ဆက်လက်ဖော်ပြပါမည်)

သိမ်းဆည်းခံလယ်ယာမြေကိစ္စရပ်များ ဆွေးနွေးပွဲ အမ်းမြို့၌ပြုလုပ်

အမ်း ဇန်နဝါရီ ၃

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ဇန်နဝါရီ ၁ ရက်က အမ်းမြို့ လေယာဉ်ကွင်းရပ်ကွက် မြို့ဦးဘုန်းတော်ကြီးကျောင်း၌ အရှေ့ဏ်ဆွမ်းနှင့် လျှုဖွယ်များ ဆက်ကပ်လျှုဒါန်းပြီး နံနက် ၇ နာရီတွင် အမ်းမြောက်အုပ်စု ဒိုင်ကြီး ကျေးရွာသို့သွားရောက်၍ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ပြည်နယ်ဖြည့်စွက်ရန်ပုံငွေဖြင့် တင်ပြထားရှိသည့် ဒိုင်ကြီးကျေးရွာ မြောက်ပိုင်းရပ်ကွက်ကို ဆက်သွယ်ထားသောကျောက်ချောလမ်းအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပသော ရခိုင်ပြည်နယ် ပညာရေး စုံညီပွဲတော် အထိမ်းအမှတ် အားကစားစွမ်းရည်ထုတ်ဖော်ပွဲ အခမ်းအနား သို့တက်ရောက်ကာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ သည်။

ထို့နောက် အမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လယ်ယာမြေသိမ်းဆည်းခံတောင်သူများနှင့်တွေ့ဆုံကာ သိမ်းဆည်းခံ လယ်ယာမြေကိစ္စရပ်များနှင့် ပတ်သက်၍ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေး ဗဟိုကော်မတီ၏မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် လယ်ယာမြေသိမ်းဆည်းခံတောင်သူများက မိမိတို့၏ လယ်ယာမြေဆုံးရှုံးခဲ့ရသည့်ကိစ္စရပ်များကို တင်ပြကြရာ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများက ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ ဆက်လက်၍ အမ်းမြို့ မြို့မိမြို့ဖများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်မှု လိုအပ်ချက်များ၊ လျှပ်စစ်မီးမရရှိသော ကျေးရွာများ လျှပ်စစ်မီး ရရှိရေး၊ ရေရရှိရေးတို့အတွက် ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် တပ်တောင်မြို့သို့ သွားရောက်ပြီး ဒေသခံပြည်သူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆွေးနွေးခဲ့ပြီး တပ်တောင်မြို့ (၁၆) ခုတင်ဆံ့ဆေးရုံသို့သွားသည့် ကမ်းနားလမ်းဖောက်လုပ်ရန် အတွက် ငွေကျပ် သိန်း ၅၀၊ လူငယ်အားမာန်စာကြည့်တိုက်အတွက် စာအုပ် စာပေများ၀ယ်ယူရန် ငွေကျပ် ငါးသိန်းအား ပေးအပ်လျှုဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ရှမ်းပြည်နယ်မြောက်ပိုင်းမိုးမိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ယနေ့ နံနက် ၁၀ နာရီက မဘီမ်းမြို့နယ် ဘဟဲကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မဘီမ်းမြို့နယ်အတွင်း နိုဝင်ဘာလအတွင်းက ရေနစ်မြုပ်ခြင်းကြောင့် ပျက်စီးခဲ့သော ဘဟဲကျေးရွာမှ တောင်သူ ၃၅ ဦး၏ စပါးစိုက် ဧက ၁၈၆ ဒသမ၄၃ ဧကနှင့် မလှိုင်ကုန်းကျေးရွာမှ တောင်သူ သုံးဦး၏ စပါးစိုက် ဧက ၈ ဒသမ ၅၅ ဧက အတွက် တစ်ဧကလျှင် ဆင်းဧကရီ (၃)စပါးမျိုးစေ့ တစ်တင်းခွဲနှုန်းဖြင့် စုစုပေါင်းစပါးမျိုးစေ့ ၂၉၂ ဒသမ ၄၈ တင်းကို တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။**(အပေါ်ပုံ)** **ထိန်လင်းဦး(ပြန်/ဆက်)**

ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၈ နာရီမှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း/ရုံအသီးသီး၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် မြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ပြိုင်ပွဲဝင် ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ လာရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဖူဆယ်အားကစားရုံ၌ကျင်းပသော ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းက ကိုးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဗိုလ်လုပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် မြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီး ဌာနအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးအားကစားကွင်းအမှတ်(၃)၌ ကျင်းပသော လွန်ဆွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် အမျိုးသမီးပွဲစဉ်တွင် ပြည်ထောင်စုရာထူးဝန်အသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး အမျိုးသားပွဲစဉ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲသွားသည်။

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၏ ဖူဆယ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရရှိကြသော အသင်းများအား ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ကျင်းပမည့် အမျိုးသား အမျိုးသမီး လွန်ဆွဲဗိုလ်လုပွဲ ပြိုင်ပွဲများအပြီး ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ပရီမီယာလီဂ်ပွဲစဉ် ဇယားရေးဆွဲမှုကို နည်းပြဝင်းဂါး အပြင်းအထန်ဝေဖန်ခဲ့

အာဆင်နယ်နည်းပြ ဝင်းဂါးက ပရီမီယာလီဂ်ပွဲစဉ်ဇယားရေးဆွဲမှုမှာ မညီမမျှဖြစ်နေပြီး ယခုနှစ်ပွဲစဉ်ဇယားရေးဆွဲမှုသည် အာဆင်နယ်နည်းပြအဖြစ် တာဝန်ယူခဲ့သည့် နှစ်၂၀ အတွင်းမှာပင် အဆိုးရွားဆုံးဖြစ်သည်ဟု ဇန်နဝါရီ ၃ ရက်တွင် ဝေဖန်ပြောကြားလိုက်သည်။

အာဆင်နယ်အသင်းသည် ဇန်နဝါရီ ၁ ရက်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ကစားပြီးနောက် ၄၈ နာရီအကြာတွင် ဘုန်းမောက်အသင်းအသင်းကို အဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ရဦးမည်ဖြစ်သော်လည်း ဦးဆောင်သူ ချယ်လ်ဆီးကမူ ဒီဇင်ဘာ ၃၁ ရက်တွင် စတုတ်စီးတီးနှင့် ကစားပြီး ဇန်နဝါရီ ၄ ရက်မှ စပါးအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ချယ်လ်ဆီးနှင့် အာဆင်နယ်အသင်းတို့၏ ပွဲစဉ်ဇယား အခြေအနေကို နှိုင်းယှဉ်ကြည့်လျှင်ပင် ပွဲစဉ်ဇယားရေးဆွဲမှုက ချယ်လ်ဆီးကို အသာရအောင်ရေးဆွဲထားသကဲ့သို့ဖြစ်နေပြီး ချယ်လ်ဆီးအသင်း၏ ပရီမီယာလီဂ်ဖလားရရှိရေး အိပ်မက်ကို ပ့ံပိုးပေးနေသလို ရှိနေသည်။

ဝင်းဂါးက ယခုနှစ်ဘောလုံးရာသီ ခရစ္စမတ်ကာလ ပွဲစဉ်ရေးဆွဲမှုသည် သူကြုံဖူးသမျှထဲတွင် မညီမျှဆုံး ပွဲစဉ်ဇယား ရေးဆွဲမှုဖြစ်ပြီး အသင်းတစ်ခုနှင့် တစ်ခုကြား ကွာဟချက်ကြီးမားစွာရှိနေသလို ရုပ်သံထုတ်လွှင့်ရေးသဘောတူစာချုပ်အပေါ် အလေးထားလွန်းသောကြောင့် မမျှမတ ပိုမိုဖြစ်လာရခြင်းဖြစ်သည်ဟုလည်း သုံးသပ်ပြောကြားလိုက်သည်။ စစ်တမ်းများအရ ချယ်လ်ဆီးအသင်းသည် ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလ ကစားသည့် ပွဲစဉ်သုံးပွဲကြားတွင် အချိန်ကာလအကြာဆုံး နားရသည့်အသင်းဖြစ်ပြီး ဆောက်သမ်တန်အသင်းမှာ နားချိန်အနည်းဆုံး အသင်းဖြစ်နေသည်ကို တွေ့ရသည်။ **(မေလွဲသင်း)**

ပွဲတော်ကာလအတွင်း ကစားရသည့်ပွဲစဉ်သုံးပွဲကြား ကွာဟသည့်နာရီပေါင်း

ကလပ်အသင်းအမည်	နာရီ
၁။ ချယ်လ်ဆီး	၂၂၃
၂။ ဝက်ဖို့ဒ်၊ ခရစ္စတယ်ပဲလေ့စ်	၂၀၁ ဒသမ ၅
၃။ ဆွမ်ဆီး	၁၉၉
၄။ အာဆင်နယ်၊ ဘုန်းမောက်	၁၉၈ ဒသမ ၇၅
၅။ စတုတ်	၁၇၂ ဒသမ ၇၅
၆။ ဝက်စ်ဟမ်း	၁၇၂ ဒသမ ၅
၇။ မန်ယူ	၁၇၂ ဒသမ ၂
၈။ ဘန်လေ၊ အဲဗာတန်၊ စပါး၊ ဆန်းဒါးလန်း၊ ဝက်စ်ဘရွန်း	၁၇၀
၉။ ဟားလ်၊ မန်စီးတီး	၁၆၇ ဒသမ ၇၅
၁၀။ လက်စတာ၊ မစ်ဒယ်ဘရော့	၁၆၇ ဒသမ ၅
၁၁။ လီဗာပူး	၁၄၃ ဒသမ ၇၅
၁၂။ ဆောက်သမ်တန်	၁၁၇

ရှနိုက်ဒါလင်အား ပေါင် ၁၉ သန်းဖြင့် အဲဗာတန်ကမ်းလှမ်းမှု မန်ယူပယ်ချ ရီးယဲလ်နောက်ခံလူပီပီအား အိုးထရက်ဖို့ဒ်သို့ခေါ်ယူရန် မော်ရင်ဟိုဆန္ဒရှိနေ

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် အသင်း၏ ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်အား အဲဗာတန် အသင်းက ပြောင်းရွှေ့ကြေးပေါင် ၁၉ သန်းဖြင့် ကမ်းလှမ်းလာမှုကို ငြင်းပယ်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်း နောက်တန်းကစားသမား ပီပီကိုလည်းအိုးထရက်ဖို့ဒ်သို့အရောက် ခေါ်ယူရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

ပြင်သစ်ကြယ်ပွင့်ကစားသမား ရှနိုက်ဒါလင်သည် အဲဗာတန်အသင်းနည်းပြ ရော်နယ်ကိုးမန်း၏ ယခုဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်အတွင်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည့် ကစားသမားစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်နေခဲ့သော်လည်း မန်ယူအသင်းအနေဖြင့် ရှနိုက်ဒါလင်အား ၂၀၁၅ ခုနှစ်အတွင်းက ပေါင် ၂၄ သန်း ပေးခဲ့ရခြင်းကြောင့် အဆိုပါဈေးနှုန်းပေးချေမှုသာ အဲဗာတန်အသင်းအနေဖြင့် ခေါ်ယူခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ ပရီမီယာလီဂ် ပွဲစဉ်ရှစ်ပွဲ ပါဝင်ကစားပေးခဲ့ပြီး မန်ယူအသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသူဖြစ်သည်။ ထို့ကြောင့် အသင်း၏ ကွင်းလယ်ပိုင်းကို အားဖြည့်ရန်ပြင်ဆင်လျက်ရှိသည့် အဲဗာတန်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

နည်းပြမော်ရင်ဟိုသည် ရီးယဲလ်မက်ဒရစ် နောက်တန်းကစားသမား ပီပီအား မန်ယူအသင်းသို့ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး အသက်(၃၃)နှစ်အရွယ်ရှိ ပီပီသည် နည်းပြ ဇီဒန်းလက်ထက်တွင် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေသူဖြစ်သည်။

ယခုနှစ်ရာသီတွင်လည်း ရီးယဲလ်မက်ဒရစ်အသင်းအတွက် ရှစ်ပွဲသာပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး ပေါ်တူဂီအသင်းနှင့် အတူ ယူရို ၂၀၁၆ ဆုဖလားနှင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလီဂ်ဖလားတို့ကို ရယူနိုင်ခဲ့သူဖြစ်သည်။ သို့ရာတွင် နည်းပြဇီဒန်းအနေဖြင့် ဗာရာနီနှင့် ရာမို့စ်တို့ကိုသာ အဓိကပွဲထွက်ကစားသမားများအဖြစ် အသုံးပြုခဲ့ခြင်းကြောင့် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေခြင်းဖြစ်သည်။

ထို့ကြောင့် ပီပီအား တရုတ်စူပါလီဂ်ကလပ်အသင်းများ၏ စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီး နည်းပြမော်ရင်ဟိုအနေဖြင့်လည်း ပေါ်တူဂီနောက်ခံလူ ပီပီအား ခေါ်ယူလိုကြောင်း လူသိရှင်ကြားပြောကြားထားကြောင်းသိရသည်။

(ငွေကြယ်)

လာမည့်နွေဈေးကွက်တွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ် မန်ယူသို့ ပြောင်းရွှေ့ရန် နီးစပ်နေ

မန်ယူအသင်းသည် ရီးယဲလ်မက်ဒရစ် ကွင်းလယ်လူ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို လာမည့်နွေဈေးကွက်တွင် အပြီးသတ်ခေါ်ယူရန် နီးစပ်သည့် အခြေအနေတစ်ရပ်ရောက်ရှိ နေပြီး ရီးယဲလ်မက်ဒရစ်အသင်းဘက်ကလည်း ဂျိမ်းစ်ရိုဒရီဂွက်ဇ်အတွက် ပြောင်း ရွှေ့ကြေး ပေါင်သန်း ၅၀ ခန့် ပြန်လည်တောင်းဆိုထားကြောင်း သိရသည်။

ရီးယဲလ်အသင်းသည် ကစားသမားခေါ်ယူခွင့် တစ်ကြိမ် ပိတ်ပင်ခံထားရသဖြင့် ယခု ဇန်နဝါရီ ဈေးကွက်ဖွင့်လှစ်ချိန်အတွင်း ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ထုတ်ရောင်းမည်မဟုတ်သော်လည်း လာမည့်နွေရာသီတွင် ဂျိမ်းစ်ကို ရောင်းချရန်ရှိနေခြင်းဖြစ်သည်။ ဂျိမ်းစ်ကို ပရီမီယာလီဂ်အသင်းများဖြစ်သည့် မန်ယူ၊ ချယ်လ်ဆီး တို့မှ အလိုရှိနေသော်လည်း ဇန်နဝါရီကာလအတွင်း ရီးယဲလ်မှ ထွက်ခွာမည်မဟုတ်ကြောင်း ဂျိမ်းစ်ရိုဒရီဂွတ်ဇ်၏ ဖခင်ဖြစ်သူက အတည်ပြုခဲ့သည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်နှင့် မန်ယူနည်းပြ မော်ရင်ဟိုတို့နှစ်ဦးစလုံးသည် ကိုယ်စားလှယ် ဂျော့ဂျ်မန်းဒက်ဇ်နှင့် လက်တွဲလုပ်ကိုင်နေသူဖြစ်ရာ ကိုယ်စားလှယ်တူသည့် နောက်ခံအကြောင်းတရားများကြောင့်လည်း ဂျိမ်းစ်အနေဖြင့် ချယ်လ်ဆီးထက် မန်ယူသို့သာ ရောက်ရှိရန် အလားအလာများနေခြင်းဖြစ်သည်။ သို့သော် မန်ယူအသင်းသည်လည်း တိုက်စစ်ကို လိုက်ပါကစားနိုင်သည့် ကွင်းလယ်အင်အား အလွန်တောင့်တင်းသည့်အသင်းဖြစ်ပြီး မာတာ၊ ရွန်းနီ၊ အမ်ခီတာယန်၊ မာရှယ်လ်၊ ရက်ရှ်ဖို့ဒ်၊ ပေါ့ဘာတို့ ဝင်ရောက်ကစားနိုင်သည့်အပြင် ရံဖန်ရံခါ အက်ရှ်လေယန်းကိုလည်း အသုံးပြုနိုင်ရာ မော်ရင်ဟိုအနေဖြင့် ရွေးချယ်စရာ အလွန်များပြားသည့် အနေအထားပင်ဖြစ်သည်။

မန်ယူအသင်းသည်လည်း ဈေးကွက်ဦးစားပေးသည့် အသင်းဖြစ်ခြင်းကြောင့် ပုံရိပ်မြင့်မားသည့် ကစားသမားများကို ခေါ်ယူလေ့ရှိရာ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်ဟု ဘောလုံးဈေးကွက်လေ့လာရေး ကျွမ်းကျင်သူများက သုံးသပ်သည်။ ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ချယ်လ်ဆီး၊ ဂျူဗင်တပ်၊ အေစီမီလန်နှင့် အင်တာမီလန်အသင်းများကလည်း အလိုရှိနေခြင်းကြောင့် မန်ယူအနေဖြင့် ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ အထက် ပေးချေမှုသာ ရနိုင်ခြေရှိသည်။ **(မေလွဲသင်း)**

မဂ်လာညှော့ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးညွှန့်လွင်-ဒေါ်ခင်နီနီအောင်တို့၏သား

မောင်မင်းစည်သူအောင်

B.Sc(Maths) Uniteam Marine Ltd

နှင့်

ရန်ကုန်မြို့နေ ဦးလှဝင်း-ဒေါ်စမ်းစမ်းအေးတို့၏သမီး

မမြသန္တာ

B.Sc(Chem:)

Myanmar Brewery Ltd

တို့၏ ၂၉-၁၂-၂၀၁၆ရက်တွင် Yuzana Garden Hotel၌ ကျင်းပ ပြုလုပ်သော မဂ်လာညှော့ခံပွဲ အခမ်းအနားတွင် မဂ်လာအောင်စံပယ်ပန်းကုံးခြီးမြှင့်ပေးပါသော ဗိုလ်ချုပ်မိုးဟိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်သန့်စင်မြင့်၊ မဂ်လာလက်စွပ်ဆင်မြန်းပေးပါသော ဦးကျော်ကြား Chief Operating Officer (Myanmar Brewery Ltd)နှင့်ဇနီး ဒေါ်ညိုဝင်းမိုမိုတို့အားလည်းကောင်း၊ မဂ်လာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မဂ်လာလက်ဆောင်မွန်များ ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ အားလည်းကောင်း၊ မဂ်လာအခမ်းအနားမျှားအဖြစ် ဆောင်ရွက်ပေးပါသော ကိုကြည်သာ(ပွဲကြိုက်ခင်)၊ မဂ်လာတေးသံသာဖြင့် ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့နှင့် မဂ်လာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်စိမ်းမိမိမို့၊ မဂ်လာပန်းကြပေးပါသော သရုပ်ဆောင်မော်ဒယ်သွန်းသစ္စာဇော်၊ မဂ်လာရွှေမိုးငွေမိုးကြပေးပါသော မနှင်းအေးလွင်၊ မဂ်လာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မအိဖြူသန့်၊ မဂ်လာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မကေခိုင်လွင်၊ မဂ်လာသတို့သားအရံများဖြစ်သော မောင်ဝေယံမင်းထက်နှင့် မောင်ရှင်းသန့်လွင်၊ မဂ်လာသတို့သမီးအရံများဖြစ်ကြသော မဝင့်ဝါဖြူနှင့် မယွန်းပိုပိုအောင်၊ မဂ်လာဝတ်စုံ၊ ဆံပင်၊ မိတ်ကပ်နှင့် လက်ဝတ်ရတနာ ဆင်မြန်းပေးပါသော မေဦးမောင် (တော်ဝင်သူ)၊ Yuzana Garden Hotelနှင့် မဂ်လာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော နှစ်ဖက်သောမိဘသားစုမှ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များ အားလည်းကောင်း အထူးပင် လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်မင်းစည်သူအောင်-မမြသန္တာ

ပုလဲရတုမဂ်လာဆုတောင်း

၄-၁-၂၀၁၇ရက်တွင် ကျရောက်သော ချစ်ပါပါ ဦးသန်းမြင့် (သန်းမြင့်-စီးပွားရေး) CEO နှင့် အယ်ဒီတာချုပ် (THE SUCCESS လူမှုစီးပွားဂျာနယ်)၊ The Crown Computer Center Senior Vice Manager (Double Crane Co.,Ltd) နှင့် ချစ်မေမေ ဒေါ်မြမြစိန်[JAT.Retd အလက(၂)ဗဟန်း]တို့၏ နှစ်(၃၀) ပြည့် ပုလဲရတုမှသည် နောင်နှစ်(၁၀၀)တိုင် ကျန်းမာ၊ ချမ်းသာပြီး သားသမီးများနှင့် ပျော်ရွှင်စေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်သားကြီး - မောင်သန့်ဇင်အေး
(The Graphic Designer, The Crown Computer)
ချစ်သမီးကြီး - မဖြိုးမွန်ထိုက်(အယ်ဒီတာ The Success ဂျာနယ်)
ချစ်သမီးငယ် - မနှင်းမွန်ထိုက်(The Crown Computer)
ချစ်သားငယ် - မောင်အောင်နေစိုး(Final Year Eco)

ယာဉ်မောင်းအမြန် အလိုရှိသည်

အိမ်ကားမောင်းရန် ယာဉ်မောင်းအမြန်အလိုရှိသည်။
- အသက်(၃၀)မှ (၄၅)နှစ် အထိ ဖြစ်ရမည်။
- စပိုင်တွင် ကားထုတ်ရမည်။
- ယာဉ်မောင်းလုပ်သက် အနည်းဆုံး (၃) နှစ်ရှိရမည်။

ဆက်သွယ်ရန်-၀၉-၂၅၂၅၄၃၁

နန်းဦးလှိုင် ဘုရားဖူးခရီးသွားပို့ဆောင်ရေး

- မြဝတီဘုရားစုံဖူး၊ မဲဆောက်နှင့် ဘားအံဂူ(၅)ဂူ(၃)ရက်။ ● ဆံတော်ရှင်ကျိုက်ထီးရိုး(နေ့စဉ်)။
- ထားဝယ်ရှင်ကိုးရှင်း၊ မောင်းမကန်၊ မျှော်ရစ်၊ ကျိုက္ကဝီ၊ စက်ခဲ(၅)ရက် ဆက်၍မြိတ်(ဘီတ်)ပါ(၇)ရက်။
- တောင်ကြီး၊ အင်းလေးဖောင်တော်ဦး၊ ဖွေတော်ကတ္တူ။ ထမ်စမ်းဂူ၊ ပင်းတယ၊ ကုံလုံ၊ ကလောနီးဘုရား။ မြင်းမထိုဂူ(၄)ရက်-ဆက်၍ လွိုင်ကော်တောင်ကွေ့စေတီ၊ထီးပွင့်ကန်၊ထီးဆဲခါး၊ရေတံခွန်(၅)ရက်။
- အလောင်းတော်ကသပ၊ မန္တလေးဘုရားစုံဖူး၊ စစ်ကိုင်း၊ ပုံရွာ၊ မြင်ဦးလွင်၊ ကျောက်စိမ်းစေတီ(၅)ရက်။
- အလောင်းတော်ကသပ၊ မန္တလေးမဟာမြတ်မုနီ၊ စစ်ကိုင်း၊ ပုံရွာ၊ ကျောက်စိမ်းစေတီ(၃)ရက်။(**သောကြာ**)
- ပုဂံဘုရားစုံဖူး၊ ပုပ္ပါး၊ ရွယ်တော်လေးဆူ၊ ပခုက္ကူသီပေါ်ဂိုဏ်ရှင် (၄)ရက်။
- ရှေစက်တော်ဖွင့်ပွဲနှင့် အထက်မြန်မာပြည်ဘုရားစုံဖူး 30-1-2017 ထွက်မည်။

(၁၄)ယောက်စီ၊ အနှီတာတိုးကား နှင့် ကားပေါ်ရောက်ရှိ၊ လုံခြုံ၊ အော်ဒါလက်ခံသည်။

ပန်းဆိုးတန်း 01-391577, သီတာလှိုင် 09-5122961, 09-254340569, တာမေ 09-254821597

"ဖိတ်ကြားလွှာ"

ကျောက်တံတားမြို့နယ်၊ သက်ကြီးစာရေးဆရာကြီးများပွဲဖော်ပွဲကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၂၁)ရက် စနေနေ့ နံနက်(၉းဂုဝ)နာရီမှစ၍ ဆိပ်ကမ်းသာလမ်း(အထက်) မေမွာရုံ၊ ကျောက်တံတားမြို့နယ်တွင် ကျင်းပမည်ဖြစ်ပါ၍ စာရေးဆရာအဖွဲ့ဝင်များ အားလုံးနှင့် စာပေပါသနာရှင် စေတနာရှင်များအားလုံး လာရောက်နိုင်ပါရန်နှင့် ပူဖော်ပွဲတက်ရောက်ကြရန် ပန်ကြားအပ်ပါသည်။

ဆက်သွယ်ရန် ။ ၀၉၅၁၃၀၂၁၁၄၊ ၀၉၄၂၂ ၁၀၄၂၃၃၂။ ၀၉၅၂၅၀၁၁၄၂၀၁၉

ကျော်

ဘရားရေးပန်းထိမ်းအဆင့် (၄)၊ ဥပဒေအရာရှိအဆင့် (၄)
စီမံကိန်း၊ လဝက၊ ကျွန်းမာရေးနှင့်လေယာဉ်မယ်
အထူးထုတ်စာအုပ်များ၊ယယ်ယူနိုင်သည်။ ပုံမှန် /အနီးကပ်သင်တန်းများဖွင့်ပြီ။
ဥမင်၊ ပထမ်း ၊ မဟာဗန္ဓုလမ်း။ ၃၇-လမ်းနှင့်စပ်ပြီးကမ်းသာလမ်းကြား။ ရန်ကုန်။
ကျောင်းခွဲ-အမှတ်(၆၉)၊ ပေ(၅၀)လမ်း၊ လှည်းတန်းရေနေအရောက်လမ်း။
Ph: 09421042332, 01-391533, 09962598628

ကိုယ်ပိုင်ကုမ္ပဏီလုပ်ငန်း ပိုင်ဆိုင်လုပ်ကိုင်လိုသူများ ဘဝတစ်သက်စာအတွက် (၁၀)ရက်သာ အချိန်ပေးပါ။ အရင်းအနှီးတွေ အဝိုကမတုတ်။ ဖိတ်ပါဝင်စားမှုတစ်ရသာ လိုအပ်ပါသည်။
ခရီးသွားလုပ်ငန်း ပြည်တွင်းပြည်ပ၊ ကားအာဂျာ၊ ဝန်ဆောင်မှုလုပ်ငန်း အိပ် ပြီးမြေ ရောင်းဝယ်ဂျာ၊ လုပ်ငန်း၊ ကုမ္ပဏီထူထောင်ခြင်းလုပ်ငန်း အရင်းအနှီး ထုထောင်ရန် ဘဏ်မှ ငွေချေးငြင်းလုပ်ငန်း
သင်တန်းပြီးဆုံးပါက ဈေးကွက်ရှင်းလုပ်ဆောင်နိုင်ရန် တာဝန်ယူပါသည်
(၁၆-၁-၂၀၁၇) မနေ့တွင် ဝတ်ကွင့်လှစ်မည်။ (တနင်္လာမှသောကြာ ညနေ (၆းဝ၀ - ၈းဝ၀))
ဖိတ်ဝင်စားသူများ အမြန်စာရင်းပေးသွင်းနိုင်ပါသည်။ Ph:09-787200619

ဝန်ထမ်းအလိုရှိသည်

အဆင့်မြင့် Sea Food စားသောက်ဆိုင်ကြီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအမြန်အလိုရှိသည်။ အတွေ့အကြုံပေါ်တူတည်၍ လစာကောင်းကောင်းပေးပါမည်။
(၁) ဧည့်ကြို- မ (၁)ဦး (ရုပ်ရည်ချောမောရပါမည်။)
(၂) Marketing Assistant- မ(၁) ဦး (Computer, Internet, E-mail ကျွမ်းကျင်ရပါမည်။)
(၃) Waiter- ၅ ဦး
(၄) Waitress - ၅ ဦး
(၅) သန့်ရှင်းရေး- ၁ ဦး
(၆) ကားပါကင်-၁ ဦး
(၇) Public Cleaner -၁ဦး မ (အသက် ၄၀ခန့်)
Closing date-31-1-2017
ဆက်သွယ်ရန် Phone-09-444456437,09-73255598

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန နေပြည်တော်

ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း ကြော်ငြာခြင်း

၁။ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံများကို အခြေခံ၍ ကျန်းမာသန့်ရှင်းအာဟာရပြည့်ဝပြီး စျေးနှုန်းချိသာသည့် တန်ဖိုးမြှင့် (value added) မုန့်ပဲသရေစာနှင့် သီးနှံအခြေခံ စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းများကို ဖေဖော်ဝါရီလမှစ၍ စဉ်ဆက်မပြတ် အခမဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါသဖြင့် စားသောက်ကုန်ထုတ်လုပ်ငန်း စနစ်တကျ ဆောင်ရွက်လိုသူများအား သင်တန်းများ တက်ရောက်နိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ သင်တန်းတွင် အောက်ဖော်ပြပါ မုန့်ပဲသရေစာနှင့် သီးနှံအခြေခံစားသောက်ကုန်ထုတ်လုပ်နည်းများပါဝင်ပါမည်။
(က) သစ်သီးယိုနှင့် သစ်သီးခြောက်အမျိုးမျိုးထုတ်လုပ်ခြင်း
(ခ) သဘာဝ သီးနှံဖျော်ရည်အမျိုးမျိုးထုတ်လုပ်ခြင်း
(ဂ) သစ်သီးဆော့(စ်)နှင့် ဂျယ်လီအမျိုးမျိုးထုတ်လုပ်ခြင်း၊
(ဃ) ငါးမုန့်ခြောက်၊ အာလူးကြော်၊ ကြက်သွန်ပေါင်းကြော်၊ Snack အမျိုးမျိုးထုတ်လုပ်ခြင်း၊
(င) ဆန်ဖြင့် ပြုလုပ်သော ကိတ်မုန့်အမျိုးမျိုးထုတ်လုပ်ခြင်း၊
(စ) ဒေသထွက်စားသောက်ကုန်အမျိုးမျိုးထုတ်လုပ်ခြင်း၊

၃။ စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါ နေရာဌာနမှသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
(က) အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၄၇၇
(ခ) ပြည်နယ်နှင့်တိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးများ၊
(ဂ) ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများ(ဖလမ်း၊ မင်းတပ်၊ မြစ်ကြီးနား၊ လွိုင်ကော်၊ တောင်ကြီး၊ ကျောက်မဲ၊ မုဒုံ၊ စစ်တွေ၊ ပခုက္ကူ၊ ရွှေတောင်၊ မိတ္ထီလာ၊ ပုံရွာ)

ဝန်ထမ်းအလိုရှိသည်

ကြက်ကင်၊ ကြက်ဆီထမင်းချက်
ကျွမ်းကျင် ကျား(၁)ဦး အလိုရှိသည်။

Tel : 09-43074696, 09-43094399

လုံခြုံရေးဝန်ထမ်းအလိုရှိသည်

- အသက်(၁၈)နှစ်မှ (၅၀)နှစ်ကြား ကျန်းမာသန်စွမ်းသူအမျိုးသား၊
- နယ်မှ လာသူနေစရိတ်ပြိမ်း၊
- ရက်မှန်ကြေး/ OT ကြေး/နှစ်တိုးခံစားခွင့်ရှိ၊
- ရာထူး/လုပ်သက်အလိုက် အထူးလစာခံစားခွင့်၊
- ပညာအရည်အချင်းဘွဲ့ရ အခြေခံလစာ ၁၅၀၀၀၀/-
- ပညာရေး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်များလည်းလျှောက်ထားနိုင်သည်။
- English (4) Skill အဆင့်ဘွဲ့ရ၊ အထက်တန်းအောင် လစာညှိနှိုင်း
- Ever Safe Security Co.,Ltd.

ဖုန်း-၀၉ ၇၈၅၅၀၂၁၅၅၊ ၀၉- ၇၈၆၅၀၂၁၅၅၊ ၀၉- ၂၅၃၅၀၂၁၅၅၊ ၀၉- ၇၉၆၃၈၀၉၄၄
အမှတ်-၁၇၁၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရောဝတီဘဏ်အနီး။

သက်တန်းရောင်စဉ်

09787200619
09448087644

ရေးနှုန်းချိသာစွာပြင် ခရီးအနီး။ အဝေးနာရိုင်း။ လချုပ်၊ နှစ်ချုပ် ကားမျိုးစုံကို စိတ်တိုင်းကျ ငှားရမ်း နိုင်ပါသည်။
(ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။)

စာအုပ်စာပေ

လူ့မိတ်ဆွေ

Yuri Japanese Language School

2017 January လအတွက် အသစ်ထပ်မံဖွင့်လှစ်သင်ကြားပေးမည့် ဂျပန်စာ အတန်းခွဲသစ်များ

Starting Date	Class	Time	Month	Fees
11.1.2017	N5 Basic Special Class	1:00 ~ 3:00 (Mon ~ Fri)	3.5 months	80,000 kyats
31.1.2017	N4 Intermediate Special Class	10:00-12:00 (Mon~Thur)	3.5 months	80,000 kyats
14.1.2017	N3 Vocab+Kanji+Grammer Class	11:00 ~ 1:00 (Sat & Sun)	3.5 months	80,000 kyats
12.1.2017	N2 Vocab+Kanji+Grammer Class	3:00 ~ 5:00(Thur & Fri)	3.5 months	100,000 kyats
12.1.2017	N5+N4 Kanji & Listening Class	5:30 ~ 7:30(Thur & Fri)	3 months	60,000 kyats

2017 Oct Intake တွင် Tokyo, Chiba, Nagoya, Nara , Osaka, Fukuoka ရှိ ကျောင်းများသို့ ကျောင်းတက်ရင်းအလုပ်လုပ်ရန် လျှောက်လွှာများကို လက်ခံနေပါပြီ။ ဂျပန်သို့ ကျောင်းတက်မည့်သူများ သင်တန်းကြေးအခမဲ့မြင့် သင်ကြားပေးမည်ဖြစ်ပါသည်။

အမှတ်(၃၁)၊ မြည်ညီထပ်(ညာ)၊(၅၂)လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း - ၀၉ ၄၂၀၀၀၇၉၄၉၊ ၀၉ ၄၂၀၀၅၅၅၀

နန်းအိအိဇာ Wellness

HAPPY NEW YEAR ၁၂နှစ်ပြည့် အထူးထုတ်

တည်းဖြတ်ထုတ်ဝေသည့် Wellness ● မဂ္ဂဇင်း

- ● ကိုယ်လိုချင်တာကို ပိုင်ဆိုင်နိုင်ဖို့အတွက် ကျန်းမာမှုဖြစ်မယ်ဆိုတဲ့ ဒေါင်း၊ ● ကျန်းမာရေးအတွက် ကစားပေးခစေချင်တဲ့ ဝတ်မှုံခရွှရည်
- ● ကလေးတွေနဲ့ အမြဲတမ်းထိတွေ့ချင်တဲ့အတွက် ဆိုင်ဖွင့်ဖြစ်တဲ့ သက်မွန်မြင့် ● ဇသွားလည်ပတ်မှုကောင်းတဲ့ ဇလေ့ကျင့်ရန်းကို လုပ်ခစေချင်တဲ့ ဇအောင်ဇလေ၊ ● နှစ်သက်မှာ လူသစ်၊ စိတ်သစ်နဲ့ အဇောင်းဆုံး ဖြစ်ခစေချင်တဲ့ ဟန်ဇလေ၊ ● စိတ်ဓာတ်ကျခြင်း၊ စိတ်အားငယ်ခြင်းများ အတွက်ဇယာဂကျင့်စဉ် ● အဖမတွေ အားလုံးကို ဇလေးစားတဲ့ ရည်မှန်း (NO) ● ခွဲစိတ်အထူးကုဆရာဝန်ကြီး ဇေါက်တာရွှေဘော် ဇထွေးဇနွေးတဲ့ ကင်ဆာ ရောဂါအကြောင်း၊ ● ဘာကြောင့် အမျိုးသားဇတွေ အသက်တိုကြတာလဲ ● J ဇနှာ်ရဲ့ရေကူးဇက်ရှင် အလှများ ● ၄၅ ဆက် ဇမြောက် အဖမရိုကန် သမ္မတဖြစ်လာတဲ့ ဇေါ်နယ်လင်ထရမ့်ပ်
- ● ဂုဏ်သတ္တိ ဝဇနဇနှ ဇနှလယ် ၂ နာရီ ဇတော်ဝင်စင်တာ ခြေညီထပ်တွင် သရုပ်ဇဆောင် ဇေါင်းက မဂ္ဂဇင်းနှင့် ခုတိယနှလုံးသား ဇာတ်ကား DVD ဝယ်သူအားဇပ၊ သူများကို အမှတ်တရ လက်မှတ်ရေးထိုးခြင်း အစီအစဉ် ပြုလုပ်ပါမည်။

ထွက်ပြီ

အမှတ် - ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း - ၃၈၃၀၂၅၅၊ ၃၉၁၁၆၃၃၃ ၊ ၀၉ ၇၉၅ ၃၃၄ ၂၅၆

ပါကေး အစားထိုး ကြမ်းခင်း

ပြန်ဟည်ညွှင်ပစေဦးဆုံးတင်ယူင်ဌာန Since 1996

Home think of House, think of Home

New Year Special Promotion

Buy Flooring → Get Box
၄ ကျော်း ဝယ်လျှင် ၁ ပုံး လက်ဆောင်

Grade A,B,C,D
ဆင်မှန်မှုကို ဓက်မြင့် "အခမဲ့" လက်တွေ့ ဓစ်ဆေးပေးသည်။

- ★ Grade A,B,C,D အစစ်များသာ ရောင်းပါသည်
- ★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
- ★ လက္ကား ဝယ်ယူလိုသူများ အတွက် အထူးဈေးနှုန်း

ဖိတ်ရက်မရှိ

(အင်းစိန်) (သင်္ကန်းကျွန်း) (ပဲခူး) (မန္တလေး) (တောင်ကြီး) (အောင်သန်းကွင်း) (ရေမြက်ဥက္ကလာ) (ဟော်လမြို့) (မြင်ဦးလွင်) (ပုံရွာ) (နေပြည်တော်)

HOTLINE: 09-79 700 70 70
09-79 700 70 80

မီးဘေးအန္တရာယ်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်

ကော့မှူး ဇန်နဝါရီ ၃
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့မစျေးကြီးအရှေ့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့မစျေးကြီးအား မီးသတ်ပိုက်ဖြင့် ရေဖျန်းဌေးမီးသတ်ခြင်း၊ မီးသတ်ဆေးဘူးများ အသုံးပြုမီးငြိမ်းသတ်ခြင်း၊ လက်တွေ့သရုပ်ပြမှုများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမင်းထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယံယာဉ်တစ်စီးတို့ဖြင့် လက်တွေ့ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စျေးသူစျေးသားများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါအစီအစဉ်အား မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မြို့မစျေးအတွင်း မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးမှုတန်ဖိုးများစွာ မဖြစ်ပေါ်ဘဲ အချိန်နှင့် တစ်ပြေးညီ ထိရောက်အောင်မြင်စွာ မီးငြိမ်းသတ်နိုင်ရေး၊ စျေးသူစျေးသားများအား မီးလောင်ကျွမ်းမှုဖြစ်ပေါ်လာပါက မီးငြိမ်းသတ်နည်းစနစ်အား လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်သူရ** (iprd)

၄က်ဖျားရောဂါကြိုတင်ကာကွယ်ရေးဆေးစိမ်ခြင်းထောင်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိ

နတ်တလင်း ဇန်နဝါရီ ၃
၄က်ဖျားဖြစ်နိုင်ခြေရှိသော နေရာများအား ကြိုတင်ကာကွယ်ရေးနှင့် ရောဂါမဖြစ်ပေါ်စေရေးကို ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အရှေ့ခြမ်းနေ ပြည်သူများအား ဆေးစိမ်ခြင်းထောင်များ အခမဲ့ဖြန့်ဝေပေးခြင်းကို ဒေသယ်ကျေးရွာ ကျန်းမာရေးဌာနခွဲတွင် ဇန်ဝါရီ ၁ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးကျန်းမာရေးအဆင့် (၁) ဦးသိန်းလွင်၊ ကျန်းမာရေးမှူး ဦးကျော်ဆန်းလှိုင်တို့ ဦးဆောင်သောအဖွဲ့က ကျေးလက်နေပြည်သူ ၁၉၇၀၊ အိမ်ထောင်စု ၅၇၆ စုတို့အား ဆေးစိမ်ခြင်းထောင် ၁၁၂၉ လုံးအားပေးအပ်လျှဒါန်းခဲ့သည်။

ကျေးရွာအုပ်စုသုံးအုပ်စု၊ ကျေးရွာပေါင်းခုနစ်ရွာအား ၄က်ဖျားရောဂါ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရေးအတွက် ဆေးစိမ်ခြင်းထောင်များကို ဖြန့်ဝေပေးရာ နတ်တလင်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၅ ရွာအား ဆေးစိမ်ခြင်းထောင် အလုံးပေါင်း ၂၀၀၀၀ ကျော်ကို ဆက်လက်ပေးသွားမည်ဖြစ်ပြီး အဆိုပါ ဆေးစိမ်ခြင်းထောင်များကို Global Fund (ကမ္ဘာ့ရန်ပုံငွေအဖွဲ့) မှ အခမဲ့ပေးအပ်လျှဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **ဝဂ္ဂ**

သင်ကြားရေးအရည်အသွေးမြင့် ဆရာဖြစ်သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၃
မြန်မာနိုင်ငံအတွင်းရှိ ထူးချွန်အောင်မြင်သောသင်ကြားရေး ဆရာ၊ ဆရာမများစွာ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ သင်ကြားမှုအရည်အသွေးမြင့်တင်ပေးမည့်"Teacher Training Program" များကို WISDOM Education Centre (WEC) မှ Certificate Courses နှင့် ဒီပလိုမာ Courses များ စီစဉ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းအား သင်ကြားရေး ဆရာ၊ ဆရာမများအဖြစ်အလုပ်လုပ်ကိုင်နေကြသူများနှင့် သင်ကြားရေး ထူးချွန်သော ဆရာ၊ ဆရာမများအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုကြသည့် ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ တက္ကသိုလ်တက်ရောက်ဆဲ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ကြကြောင်း သိရသည်။

မြန်မာ့ပညာရေးလောကအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည့် ခေတ်မီသင်ကြားရေးနည်းစနစ်များ၊ သင်ထောက်ကူများ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းစာတမ်းများဖြင့် စာတွေ့လက်တွေ့စနစ်တကျ သင်ကြားပေးမည့် ဆရာ၊ ဆရာမ အရည်အသွေးမြင့် သင်တန်းများကို ပညာရေးဆိုင်ရာ ပါမောက္ခများ၊ ဝါရင့်သဘာရင့် ဆရာ၊ ဆရာမကြီးများ၊ ကလေးသူငယ်သင်ကြားရေးနှင့် စိတ်ပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် စာတွေ့၊ လက်တွေ့အထူးစီမံ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်ကြားရေးဆိုင်ရာ Certificate အားပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

WISDOM Education Centre (WEC) တည်ထောင်ထားသော ဆရာ ဦးရန်ဝင်းနောင်က "သင်တန်းများကို Elementary၊ Intermediate & Advanced Level များအဖြစ် သင်ကြားပို့ချပေးသွားမှာဖြစ်ပါတယ်။ Level တစ်ခုကို စုစုပေါင်းပို့ချချိန် ၃၂ နာရီ ကြာမြင့်မှာဖြစ်ပြီး တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေ နှစ်ရက်၊ ရက်သတ္တ လေးပတ် တက်ရောက်ရမှာဖြစ်ပါတယ်။

Level တစ်ခု ပြီးမြောက်တိုင်း သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်မှာဖြစ်ပြီး Level သုံးခုပြီးမြောက်ပါက Diploma in Education Course ကို ဆက်လက်တက်ရောက်နိုင်ကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ထူးချွန်အောင်မြင်သော သင်ကြားရေး ဆရာ၊ ဆရာမများစွာ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီး ဒီလိုသင်တန်းများကို စဉ်ဆက်မပြတ် ပို့ချပေးသွားမှာပါ" ဟု ရှင်းပြသည်။

Level တစ်ခုစီ၌ Education Philosophy၊ Education Psychology၊ Teaching Methodology၊ Cyber Teaching Model၊ Pedagogic Pratice၊ Assessment of Teaching၊ Learning Theory and Learning Styles နှင့် Overview of Child Development စသည့် သင်ကြားရေးဆိုင်ရာဘာသာရပ်များအပြင် ဘာသာစကား ကျွမ်းကျင်မှုအတွက် English Language Classes ကိုပါ ထည့်သွင်းသင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ ထို့အပြင် UK၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံ အစရှိသည့် International University College များ၏ အသိအမှတ်ပြု ပညာရေးဝန်ဆောင်မှု စင်တာဖြစ်သော WISDOM Education Centre(WEC) ၏ Teacher Training Program ကို တက်ရောက်အောင်မြင်ပြီး Certificate ရရှိသူများအနေဖြင့် ပြည်တွင်း၊ ပြည်ပရှိပညာရေးနယ်ပယ်၌ ဆရာ၊ ဆရာမအဖြစ် အလုပ်အကိုင်များရရှိစေရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။ **စိုးဝင်း**

ပြောင်းစိုက်ခင်းများ အထွက်နှုန်းကောင်းပြီး စျေးကောင်းရ၍ တောင်သူများအဆင်ပြေ

မန္တလေး ဇန်နဝါရီ ၃
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ပြောင်းစိုက်ခင်းများ လှိုင်လှိုင်ခုတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်း၍ စျေးကောင်းရသောကြောင့်ပြောင်းစိုက်တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ပြောင်းစိုက်ရတာက အလုပ်လည်းမရှုပ်ဘူး၊ ကုန်ကျစရိတ်လည်းမများဘူး၊ ဒီနှစ်အထွက်နှုန်းကောင်းပြီး စျေးကောင်းလည်းရတယ်။ နွားစာအတွက်လည်း အဆင်ပြေတယ်။ ဒီမှာ ပြောင်းစိုက်ခင်းတွေက ရွှေနီပြောင်းနဲ့ ရိုးရိုးပြောင်းနှစ်မျိုးစိုက်တာ၊ အဓိကတော့နွားစာပဲ၊ ပြောင်းတစ်ကေလောက်စိုက်ရင် နွားတစ်ရှဉ်း တစ်နှစ်စာဖူလုံတယ်၊ တစ်ကေကို ပြောင်းလေးပြည်ခန့်စိုက်ပျိုးပါတယ်" ဟု ဖက်ရင်းကျေးရွာ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ရွှေနီပြောင်းစိုက်လျှင် ၇၅ ရက်ကျော် ကြာပြီး ရိုးရိုးပြောင်းစိုက်လျှင် ခြောက်လခန့်ကြာမြင့်သည်။

"ကျွန်တော်တို့ဒေသက ရွှေနီပြောင်းတွေ လှိုင်လှိုင်ပေါ်တယ်။ ဒေသအခေါ် (ပြောင်းထစ်တာ)၊ ရိုးရိုးပြောင်းက နောက်လလောက်မှ ထစ်ရမှာ၊ တစ်ဧက (၁၅/၂၀) တင်းကျော်လောက်ထွက်တယ်။ အထွက်နှုန်းလည်း ကောင်းတယ်။ စျေးလည်းမဆိုးဘူး။ ပြောင်းထစ်တာကတစ်ဧကလူ ခြောက်ဦးခန့် ဌားရတယ်။ လူတစ်ဦးကို ပြောင်းထစ်ခ တစ်မနက် ပြောင်းလေးပြည် ပေးရပါတယ်" ဟု ပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

မြင်းခြံမြို့ပေါ်၌ ပြောင်းတစ်ပိသာလျှင် ဌေကျပ် ၄၆၀ ရှိပြီး ၁၈ ပိသာ (တစ်တင်း)ဆိုလျှင် ဌေကျပ် ၈၀၀၀ ကျော်စျေးရှိသည်။

မြင်းခြံဒေသရှိ ပြောင်းစိုက်တောင်သူများသည် နွားစာဖူလုံရေးအတွက် အဓိကထားစိုက်ပျိုးသော်လည်း အထွက်နှုန်းကောင်းမွန်ပြီး စျေးကောင်းရသောကြောင့် ပြောင်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

ကြို့ပင်ကောက်တွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ကြို့ပင်ကောက် ဇန်နဝါရီ ၃
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂ ရက် မွန်းလွဲ၂ နာရီက ပြုလုပ်ခဲ့သည်။

ကြို့ပင်ကောက်မြို့တွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်းပေါင်း ၁၀၀၀ ဖြင့် ရေရရှိရေးလုပ်ငန်းငါးခုအတွက် ၄၂ သိန်း၊ တံတားများပြုပြင်ဆောက်လုပ်ခြင်း လုပ်ငန်း ၁၄ ခုအတွက် ငွေကျပ် ၁၈၃ သိန်း၊ ကျေးလက်လမ်းများပြုပြင်ခြင်းလုပ်ငန်း ၄၉ ခု အတွက် ငွေကျပ် ၇၄၅ သိန်းတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို လွတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးစန်းမြင့်၊ ဦးဌေးမင်းသိန်း၊ ဦးအောင်အောင်ကိုမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ စည်ပင်သာယာရေးအဖွဲ့ အမှူဆောင်အရာရှိတို့က ရပ်ကျေး ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌများထံ လုပ်ငန်းများစတင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးရေး ရန်ပုံငွေ ၅၀ ရာခိုင်နှုန်းကို အသီးသီးပေးအပ်ခဲ့သည်။

"ဒီလုပ်ငန်းတွေကို အရင်လို ကန်ထရိုက်တွေနဲ့ ဆောင်ရွက်မှာမဟုတ်ဘဲ လုပ်ငန်းကော်မတီတွေဖွဲ့စည်းပြီး ရန်ပုံငွေတွေကို ခွဲဝေချထားပြီးတော့ ဆောင်ရွက်သွားမှာပါ" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်းက ပြောသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

ကျေးရွာနေပြည်သူများဝင်ငွေမြင့်မားစေရန် မျိုးကောင်းမျိုးသန့်ဥစားဘဲများ ဖြန့်ဖြူးပေး

အိမ်မဲ ဇန်နဝါရီ ၃
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မွေးမြူသူပိုင်ရှင်နှင့် တိရစ္ဆာန်ကောင်ရေတိုးပွားလာစေရန်၊ ကျေးလက်နေပြည်သူများ ဝင်ငွေမြင့်မားလာစေရန် ရည်ရွယ်၍ အိမ်မဲမြို့နယ် ရေသိုးဘောင်ဝိုင်းကျေးရွာ၊ ညောင်ကုန်းချောင်းဖျားကျေးရွာ၊ ကန်ကြီးထောင့်ကျေးရွာ၊ မဲဇလီစာဖြူစုကျေးရွာများရှိ ဘဲမွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် ပြည်သူများအား ဘဲကောင်ရေ ၂၀၀၀ ကို ကျေးရွာ ကြီးကြပ်ရေးကော်မတီများအလိုက် ခွဲဝေဖြန့်ဖြူးပေးအပ်ပွဲကို ဇန်နဝါရီ ၁ ရက် မွန်းတည့် ၁၂ နာရီကမွေးမြူ ရေးနှင့်ကုသရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာ၊ မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ကျော်ဂ၊ ကျေးရွာများရှိမွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့် ပြည်သူများအား မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်တိရစ္ဆာန်ဝယ်ယူဖြန့်ဖြူးရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီနှင့် ကျေးရွာကြီးကြပ်ရေးကော်မတီဝင်များနှင့် ဘဲမွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့် ပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။ **အိမ်မဲ(ပြန်/ဆက်)**

သပြေကန်ရွာတွင် နွားချည်ကြိုးကျစ်လုပ်ငန်းဖြင့် ပုံမှန်ဝင်ငွေရ

တံတားဦး ဇန်နဝါရီ ၃

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် သပြေကန်ရွာမှာ အိမ်ခြေလေးရာကျော်ရှိပြီး လက်မှုလုပ်ငန်းများဖြင့် ပုံမှန်ဝင်ငွေရရှိအောင်လုပ်ဆောင်နေသော ကျေးရွာပင်ဖြစ်သည်။ လက်မှုလုပ်ငန်းများတွင် ကိုယ်တိုင် ဝါစိုက်ပျိုးကာ စိုက်ခင်းမှထွက်သော ဝါများဖြင့် ကိုယ်တိုင်လက်ငင်ချည်များပြုလုပ်ကာ နွားချည်ကြိုးများကိုကျစ်ကာ ပုံမှန်ဝင်ငွေရရှိအောင် ဆောင်ရွက်ကြသည်။

သပြေကန်ရွာတွင် ဝါကို ကဆုန်လတွင်စိုက်ပျိုးကာ ဝါကောက်ခြင်းကို တော်သလင်းလတွင် ပြုလုပ်ကြရသည်။ရရှိလာသော ဝါများကို ရိုးရာဝါကြိတ်စက်ဖြင့်ကြိတ်ကာ ဝါစေ့နှင့် ဝါဂွမ်းကွဲသွားအောင် ပြုလုပ်ကြရသည်။ ရရှိလာသော ဝါဂွမ်းများကို ဝါဖက်စက်ဖြင့် ညက်နေအောင် ဝါဖက်ခြင်းကို ပြုလုပ်ရသည်။ ဝါဖက်ပြီးသည်နှင့် ဘိုင်းတောင့်ပြုလုပ်ကာ ချည်ရရှိအောင်ရစ်ခုံဖြင့် ချည်ငင်ပေးကြရသည်။ ချည်ခင်ဖြစ်သွားကာ ရစ်လုံးတွင် ရစ်ပတ်ထားပြီး ထိုချည်များဖြင့် ကြိုးကျစ်ကြရသည်။

ကြိုးကျစ်ရာတွင် လိုအပ်သော ပေအရှည်အတိုင်းဆွဲကာ ကြိုးကျစ်စက်ကလေးဖြင့်လှည့်ကာ ကျစ်ပေးကြရသည်။ ကြိုးကျစ်ရာတွင် ချည်အလိုက် ၁၀ ပင်၊ ၁၅ ပင်၊ အပင် ၂၀ အထိ ထည့်သွင်းကျစ်ကြရသည်။ ကြိုးကျစ်ရာတွင် နှစ်လွန်းတင် သုံးလွန်တင်မှ ခြောက်လွန်း အထိ ကျစ်ကြရသည်။ အများစုမှာ ခြောက်လွန်းတင် ကျစ်ကြရသည်။ နွားချည်ကြိုး တစ်ချောင်းလျှင်ငါးတောင်နှင့် တစ်ထွာအရှည်ကို ကျစ်ကြရသည်။ နွားချည်ကြိုးအပြင် ရာသီအလိုက် ထန်းတက်ကြိုးများ လည်းကျစ်ကာရောင်းချကြသည်။ ထန်းတက်ကြိုးကိုမူ ချည် ၁၀ ပင်ဖြင့် ကျစ် လေ့ရှိသည်။ နွားချည်ကြိုး ငါးတောင်တစ်ထွာ အရှည်တစ်ချောင်းလျှင် ငွေကျပ်တစ်ထောင်၊ တစ်စုံလျှင် ငွေကျပ်နှစ်ထောင်ဖြင့် ရောင်းချကြသည်။

ကြိုးကျစ်မှုတွင် တစ်နေ့လျှင် အစုံ ၄၀ အထိ ကျစ်နိုင်သော်လည်း ဝါမှုချည်ဖြစ်သည်အထိ ပြုလုပ်မှုမှာ လက်ဝင်ပြီး အချိန်ကြာလေ့သည်။ ယခင်က ချည်ဖြင့်ကျစ်ထားသော နွားချည်ကြိုးအစား ပလတ်စတစ်ကြိုးများဖြင့်ကျစ်ထားသော ကြိုးများကို အစားထိုးအသုံးပြုကြသည်။ လက်ရှိကာလတွင် ပလတ်စတစ်ကြိုးကို နွားကိုက်ခြင်းများ ပြုလုပ်ရာတွင် ကြိုးပြတ်ခြင်း၊ ပလက်စတစ်ကြောင့် နွားများ ရောဂါရရှိခြင်းတို့ဖြစ်ပေါ်သည့်အတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးကင်းသည့် ချည်ဖြင့်ကျစ်သော နွားချည်ကြိုးများကို တွင်ကျယ်စွာ အသုံးပြုလာသည့်အတွက် တွင်ကျယ်စွာ ကြိုးကျစ်နေရကြောင်း သပြေကန်ရွာမှ ကြိုးကျစ်ရောင်းချသူတစ်ဦးက ရှင်းပြသည်။

နွေနီ၊မြစ်ငယ်

ဘေးတွဲဆိုင်ကယ်များ များပြားလာမှုကြောင့် ယာဉ်အန္တရာယ်များ ဖြစ်ပေါ်လျက်ရှိနေ

မော်လမြိုင် ဇန်နဝါရီ ၃

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဆိုင်ကယ်များအား ဘေးတွဲများတပ်ဆင်၍ ခရီးသည်များတင်ဆောင်ခြင်း၊ ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းကြောင့် ယာဉ်အန္တရာယ်များ မကြာခဏဖြစ်ပေါ်လျက်ရှိသဖြင့် မွန်ပြည်နယ် ယာဉ်လုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ ဇန်နဝါရီ ၁ ရက်မှ ၁၄ ရက်အထိ နှစ်ပတ်ကြာကာလကို ပညာပေးကာလအဖြစ် သတ်မှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပညာပေးကာလပြီးဆုံး၍ ဇန်နဝါရီ ၁၅ ရက်မှစတင်ကာ ဆိုင်ကယ်ဘေးတွဲယာဉ်များကို ပြည်ထောင်စုလမ်းမကြီးပေါ် သို့ တက်ရောက်မောင်းနှင်ခြင်း မပြုစေရန်နှင့် တက်ရောက်မောင်းနှင်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ပြီး ဆိုင်ကယ်ဘေးတွဲထုတ်လုပ်သူများကိုလည်း တည်ဆဲဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ထီလုံ–သပုထိုကတ္တရာလမ်းသစ်ဖွင့်လှစ်

လှိုင်းဘွဲ ဇန်နဝါရီ ၃

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထီလုံ-သပုထိုကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင်ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးဦးသိန်းစိုးက ကတ္တရာလမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး ထီလုံ-သပုထို ကတ္တရာလမ်းသစ်အား ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်နယ်ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး၊ အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့သည်။

ထီလုံ-သပုထိုကတ္တရာလမ်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၀ ဒသမ ၆၆ သန်းဖြင့် မြင့်မြတ်သံလွင်ကုမ္ပဏီက ဆောက်လုပ်သော အထူ ၉ လက်မ၊ အကျယ် ၁၂ ပေ၊ အရှည်တစ်မိုင် ကတ္တရာလမ်းဖြစ်ပြီး ကျေးရွာခြောက်ရွာမှ အိမ်ခြေ ၁၁၂၆ လုံး၊ လူဦးရေ ၆၅၅၄ ဦးအား သွားလာရေး အဆင်ပြေချောမွေ့စေရေး အကျိုးပြုပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မှုခင်းအသိပညာပေးမော်တော်ယာဉ်ဖြင့် ပြည်သူများအား အသိပညာပေးလှည့်လည်ပြသ

ဟင်္သာတ ဇန်နဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်အတွင်း ပြည်သူများအား မှုခင်းအသိပညာများ ရရှိစေရန်နှင့် မှုခင်းများလျော့နည်းပပျောက်စေရန် ရည်ရွယ်၍ ဒီဇင်ဘာ နောက်ဆုံးပတ်က နယ်လှည့်မှုခင်းအသိပညာပေးမော်တော်ယာဉ်ဖြင့် မြို့နယ်အတွင်း လှည့်လည်၍အသိပညာပေး ပြသခဲ့သည်။

အဆိုပါ (Mobile Awareness Car) နယ်လှည့်မော်တော်ယာဉ်တွင် လူကုန်ကူးမှုတားဆီးကာကွယ် တိုက်ဖျက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး၊ သက်ငယ်မုဒိမ်းမှုဖြစ်ပွားရခြင်းအကြောင်းများ၊ အခြားဖြစ်ပွားတတ်သော မှုခင်းများနှင့်ပတ်သက်၍ ပြည်သူများအား အသိပညာပေးပြဘုတ်များ၊ ပန်းချီများ၊ ပိုစတာများ၊ ဓာတ်ပုံများ၊ စာသားများနှင့်တကွ စုံလင်စွာ အသိပညာပေးပြသခဲ့သည်။

နယ်လှည့်မှုခင်းအသိပညာပေးပြပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင့်ဝေကြီးကြပ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးဝင်းနှင့်တပ်ဖွဲ့ဝင်ရဲဘော်များ၊ ရဲမေမှားက လာရောက်လေ့လာကြည့်ရှုသူများအား လိုက်လံရှင်းလင်းပြသ ဟောပြောပေးခဲ့သည်။

ဟင်္သာတတွင် လာရောက်လေ့လာသူစုစုပေါင်း ၂၀၀၀ ကျော်ရှိခဲ့ပြီး မှုခင်းများ လျော့နည်းကျဆင်းရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း အဆိုပါ မှုခင်းအသိပညာပေးနယ်လှည့်မော်တော်ယာဉ် (Mobile Awareness Car) ဖြင့် ဟင်္သာတခရိုင်အတွင်းရှိ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြီခင်းမြို့များသို့ ဒုတိယအကြိမ်အဖြစ်လာရောက် အသိပညာပေးနယ်လှည့်ပြသခဲ့ခြင်းဖြစ်သည်။

ခရိုင်(ပြန်/ဆက်)

စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း ဘမ်းပုံရေလွှဲဆည်မှ နွေစပါးစိုက်ဧကတိုးချဲ့ပေးဝေမည်

ရေတာရှည် ဇန်နဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာအုပ်စု စစ်တောင်းမြစ် အရှေ့ကမ်းရှိ ပိန္နဲပင်၊ ဘိုတဲစု၊ ကရင်ဖြူကျေးရွာများမှ ဒေသခံတောင်သူ နွေစပါးစိုက်ပျိုးနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနကတာဝန်ယူပြီး တောင်ပေါ်ဒေသမှ စီးဆင်းလျက်ရှိသည့် ဘမ်းပုံချောင်းငယ်ကိုပိတ်၍ တည်ဆောက်ထားသော ရေလွှဲဆည်မှ နွေစပါးများတိုးချဲ့စိုက်ပျိုးနိုင်ရန် ပြုပြင်ပြီးသွားပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးက ပြောသည်။

"အရင်က ရေတံခါးတွေမကောင်းတော့ နွေစပါးစိုက်ဧက ၁၃၀ ကျော်ပဲ ရေပေးနိုင်တာ။ အခုရေတံခါးအသစ်တွေတပ်လိုက်တဲ့အခါ ရေ အလေအလွင့်နည်းသွားတယ်။ လယ်မြေကေလည်းပိုပေးနိုင်တာပေါ့။ အခုနွေစပါးစိုက်ရာသီမှာ ဧက ၁၅၀ ကျော်အထိ စိုက်ပျိုးနိုင်တဲ့အတွက် တောင်သူတွေလည်း အများကြီး အဆင်ပြေမှာပါ" ဟု မြို့နယ်ဦးစီးမှူးက ဆက်လက်ပြောကြားခဲ့သည်။

ကိုလွင်(ဆွေ)

လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပန်းချီ၊ ပန်းပု၊ ကာတွန်းနှင့် ပန်းချီပြိုင်ပွဲကျင်းပ

တောင်ငူ ဇန်နဝါရီ ၃

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပန်းချီ၊ ပန်းပု၊ ကာတွန်းပြပွဲနှင့် ပန်းချီပြိုင်ပွဲကို တောင်ငူမြို့(မိုင်ဒါကွင်း) ခရိုင်အားကစားကွင်းမှခ်ဦးတွင် ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲအား အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းနှင့် တောင်ငူတက္ကသိုလ် မြန်မာစာပါမောက္ခ (အငြိမ်းစား) ဒေါက်တာဒေါ်မာမဝေတို့က ဖွင့်လှစ်ပေးခဲ့သည်။

ပန်းချီပြိုင်ပွဲသို့ တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ အသီးသီးပေး အပ်သွားမည်ဖြစ်သည်။

ခရိုင် (ပြန်/ဆက်)

ကျေးလက်နေပြည်သူများ သွားလာရေး အဆင်ပြေစေရေး ရေကျော်သုံးစင်း တည်ဆောက်မည်

တံတားဦး ဇန်နဝါရီ ၃

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ခရီးသွားလာရေး အဆင်ပြေလွယ်ကူစွာသွားလာနိုင်ရေးအတွက် ပျားကျေးရွာ-ညောင်ပင်စောက် ဆက်သွယ်ဖောက်လုပ်ထားသည့်လမ်း တစ်မိုင်ပေါ်ရှိ ရေကျော်သုံးစင်းတည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေကျော် တည်ဆောက်မည့်နေရာသို့ တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးရဲလွင်နှင့် ဝန်ထမ်းများ၊ ရေကျော်တည်ဆောက်လုပ်ကိုင်မည့် ကုမ္ပဏီမှ တာဝန်ရှိသူများက ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းရေကျော်များမှာ အလျား ပေ ၁၀၀၊ အနံပေ ၂၀၊ အမြင့် ၆ လက်မရှိ ရေကျော်များကို 'အောင်' ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရဲတင့် (ပြန်/ဆက်)

တစ်ပတ်အတွင်း ထူးခြားအားကစား သတင်းများ

ခြေအိတ်ကို ရေစွတ်ပြီး ဘောလုံးကစားတဲ့ ရှုဝိန်းစတိုင်ဂါ

လူတစ်ဦးချင်းက သူများနဲ့မတူ တစ်မူထူးခြားတဲ့ အကျင့်စရိုက်တွေရှိတတ်ကြပါတယ်။ ဒါပေမယ့်မန်ယူကွင်းလယ်လူ ရှုဝိန်းစတိုင်ဂါကတော့ လေ့ကျင့်ရေးကွင်း ဆင်းတဲ့အခါ ပဲဖြစ်ဖြစ်၊ ဘောလုံးကန်တဲ့အခါပဲဖြစ်ဖြစ် ခြေအိတ်တွေကို ရေစွတ်တတ်တယ်လို့ ထုတ်ဖော်ပြောကြားခဲ့တာကြောင့် အတော်လေးအံ့အားသင့်စရာကောင်းတဲ့ စရိုက်လို့ ယူဆရမှာဖြစ်ပါတယ်။ သူ့ရဲ့အကြောင်းပြချက်ကတော့ ခြေအိတ်ကို ရေစွတ်ပြီးကစားရင် ခြေအိတ်က ပိုပြီးပါးလျပြီး ခြေထောက်နဲ့ တသားတည်းကပ်နေတယ်လို့ ခံစားရတာကြောင့် အဲလိုအမြဲလုပ်တာလို့ ဆိုပါတယ်။ သူက ဒီလိုခြေအိတ်ကို ရေစွတ်ပြီး ခြေအိတ်အစိုဝတ်ဆင်ကစားရင် ပိုပြီးခြေစွမ်းပြနိုင်တယ်လို့ ထင်မြင်ကြောင်းလည်း ဆိုခဲ့ပါသေးတယ်။

ရှုဝိန်းစတိုင်ဂါကို မေဂျာလီဂ်ကလပ်အသင်းတွေ၊ တရုတ်စူပါလီဂ်အသင်းတွေ ကမ်းလှမ်းနေတဲ့ကြားထဲ ဒီရာသီကုန်လို့ မန်ယူက သူ့ကို အလိုမရှိတော့ရင် ကစားသမားဘဝကနေ အနားယူမယ်လို့ ပြောကြားခဲ့သူပါ။ မန်ယူနဲ့ ရှုဝိန်းစတိုင်ဂါ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းက နောင်နှစ် ဘောလုံးရာသီအကုန်မှ ကုန်ဆုံးမှာဖြစ်ပေမယ့် လူငယ်အသင်းနဲ့သာ လေ့ကျင့်ရေး ဆင်းခိုင်းပြီး ပွဲထွက်ခွင့် လုံးဝမပေးခဲ့တဲ့ မော်ရင်ဟိုရဲ့ လုပ်ရပ်က အခြားသူဆို အသင်းပြောင်းခဲ့တာကြာပြီလို့ တွက်လို့ ရပါတယ်။ ဒါပေမယ့် သူကတော့ မန်ယူမှာ နေရာတစ်နေရာ အတွက်ဆက်လက်တိုက်ပွဲဝင်သွားမယ်၊ မန်ယူက သူ့ကို လုံးဝ အလိုမရှိတော့ဘူးဆိုရင် ကစားသမားဘဝကနေ အနားယူမယ်လို့ ဆိုခဲ့သူဖြစ်သလို အခုလည်း ဒီလောက်အေးတဲ့ ဆောင်းရာသီမှာ ခြေအိတ်ကိုရေစွတ်ပြီး လေ့ကျင့်ရေးဆင်းနေဆဲပဲလို့ ပြောကြားခဲ့တာကြောင့် 'လူထူးဆန်း ရှုဝိန်းစတိုင်ဂါ' လို့ ကောက်ချက်ချရပါတော့မယ်။

သားဖြစ်သူကို ဂိုးသမားမဖြစ်စေလိုတဲ့ စီရိုနယ်လ်ဒို

စီရိုနယ်လ်ဒိုက သားဖြစ်သူ ရိုနယ်လ်ဒို ဂျူနီယာကို သူ့ခြေရာနင်းနိုင်တဲ့ ဘောလုံးသမားဖြစ်စေလိုပြီး ရိုနယ်လ်ဒို ဂျူနီယာရဲ့ ဝိဇဏအရလည်း ထူးချွန်တဲ့ကစားသမားသာဖြစ်ဖို့သာ အလားအလာများနေပါတယ်။ ရိုနယ်လ်ဒို ဂျူနီယာက ဖခင်ဖြစ်သူ ကြီးခိုင်ရေးလေ့ကျင့်ခန်းလုပ်ရင် သူလည်းလိုက်လုပ်တတ်သလို ဖခင်နဲ့ အတူ အားလပ်ချိန်တိုင်း ဘောလုံးကစားလေ့ရှိတာကြောင့် အနာဂတ်ကာလမှာ ဘောလုံးသမားသာဖြစ်နိုင်ဖို့ ရာနှုန်းများတယ်လို့ အားလုံးက တစ်ထစ်ချ တွက်ထားကြတာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုကတော့ သူ့သားကို ဘောလုံးသမားဖြစ်ရင်တောင် သူ့လိုတိုက်စစ်ကစားသမားသာ ဖြစ်စေလိုပြီး တိုက်စစ်ကစားသမားမဖြစ်ခဲ့ရင်လည်း ဂိုးသမားတော့ မဖြစ်စေချင်ဘူးလို့ အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့ပါတယ်။

စီရိုနယ်လ်ဒိုက အီဂျစ်ရုပ်သံလိုင်းတစ်ခုနဲ့ အင်တာဗျူးမှာ" ကျွန်တော့်အနေနဲ့ သူဖြစ်ချင်တာကို လုပ်ခွင့်မပေးတာမျိုးမဖြစ်ချင်ပါဘူး။ ဒါပေမယ့် ကျွန်တော်သူ့ကို ဘောလုံးသမားဖြစ်လာဖို့ အနည်းငယ်တော့ ဖိအားပေးရပါလိမ့်မယ်။ ဒါပေမယ့် သူဘောလုံးကစားရင်တော့ ဂိုးသမားမဖြစ်စေချင်ဘူး။ ကျွန်တော့်လို တိုက်စစ်ကစားသမားပဲဖြစ်စေချင်ပါတယ် " လို့ ပြောကြားခဲ့ပါတယ်။ စီရိုနယ်လ်ဒိုက ဘာကြောင့် ဂိုးသမားမဖြစ်စေချင်တာလဲဆိုတဲ့ အကြောင်းပြချက်ကို မပေးခဲ့ပေမယ့် ဂိုးသမားတွေ ဘယ်လောက်ပဲတော်တော် တိုက်စစ်ကစားသမားတွေလောက် နာမည်ဂုဏ်သတင်းကျော်ကြားမှု မရှိတာကြောင့် တစ်ဦးချင်းကျော်ကြားမှုကို မက်မောတဲ့ စီရိုနယ်လ်ဒိုအနေနဲ့ သူ့သားကို ဂိုးသမားမဖြစ်စေလိုတာလို့ ယေဘုယျ တွေးထင်နိုင်ပါတယ်။

တိဗက်စံနဲ့ စူပါလီဂ်တို့ချုပ်ဆိုတဲ့စာချုပ်တွင်လျှို့ဝှက်ချက်ပါဝင်

ဘိုကာဂျူနီယာတိုက်စစ်မှူး ကားလို့ဇ်တိဗက်ဇ်က တရုတ်စူပါလီဂ်ရှန်ဟိုင်းရှန်ဟွာအသင်းကို ကမ္ဘာ့စံချိန်တင် လုပ်ခလစာနဲ့ ဒီဇင်ဘာ ၂၉ရက်မှာ အပြီးသတ် ပြောင်းရွှေ့သွားခဲ့ပါတယ်။ အသက်(၃၂)နှစ်ကျော် ကစားသမားတစ်ဦးကို ယခုလောက် လုပ်ခလစာပေးချေပြီး ခေါ်ယူတာကို အားလုံးက အံ့အားသင့်နေပြီး တစ်ပတ်လုပ်ခပေါင်း ၆၁၅၀၀၀ပေးချေနိုင်တာကလည်း စူပါလီဂ်ရဲ့ ဓနအင်အားကို လှစ်ပြနေတာကြောင့် ကမ္ဘာကျော်များရဲ့ အိပ်မက်က စူပါလီဂ်ဖြစ်လာတော့မလားဆိုပြီး စိုးရိမ်ပူပန်မှုတွေလည်း တစ်ဖက်မှာ ရှိနေပါတယ်။ ဒါပေမယ့် တိဗက်ဇ်ကို ခေါ်ယူခဲ့တဲ့ရှန်ဟိုင်းရှန်ဟွာအသင်းက ယခုလောက်ငွေကြေးပမာဏကို မစဉ်းစား မဆင်ခြင်ဘဲ ပေးခဲ့တာ မဟုတ်တာကို စာချုပ်ပါ လျှို့ဝှက်ချက်များအရ သိရပါတယ်။တစ်ကယ်လို့ တိဗက်ဇ်နဲ့ ရှန်ဟွာအသင်းတို့ကြားချုပ်ဆိုထားတဲ့ နှစ်နှစ်စာချုပ်သာ တစ်စုံတစ်ခုကြောင့် ကျိုးပျက်ခဲ့ရင် ရှန်ဟိုင်းရှန်ဟွာအသင်းကို လျော်ကြေးငွေ ရှစ်ဒသမတစ်သန်း ပြန်လျော်ရမှာဖြစ်ပြီး ဘိုကာဂျူနီယာအသင်းက ၆၀ ရာခိုင်နှုန်း၊ တိဗက်ဇ်က ကျန် ၄၀ ရာခိုင်နှုန်းကို ပေးရမှာဖြစ်တယ်လို့ပါရှိခဲ့ပါတယ်။

တိဗက်ရဲ့ ကိုယ်စားလှယ်ရော်ကိုက စာချုပ်ပါ အချက်အလက်တွေနဲ့ ပတ်သက်ပြီး ရှင်းလင်းရာမှာ တိဗက်ဇ်သာ စူပါ လီဂ်မှာ မအောင်မြင်ခဲ့ရင် ဘိုကာဂျူနီယာအသင်းက ပြန် ခေါ်ရမယ်ဆိုတဲ့အကြောင်းကြောင့် အထက်ကဖော်ပြတဲ့ အချက်အလက်ကို ထည့်သွင်းချုပ်ဆိုခဲ့တာလို့ ပြောပါတယ်။ ရော်ကိုက "တိဗက်ဇ်အနေနဲ့ အခုကနေစပြီး လာမယ့် နိုဝင်ဘာလကြား အချိန်အတွင်း စူပါလီဂ်မှာ မအောင်မြင်ရင် ဘိုကာဂျူနီယာအသင်းကိုပဲ ပြန်လာရပါ လိမ့်မယ်။ ဒါကလည်း သူဘောလုံးလောကကနေ အနားယူရင်ယူ၊ မယူရင် ဘိုကာဂျူနီယာအသင်းကို ပြန်လာရင်လာ ဆိုတဲ့ အကြောင်းနှစ်ရပ်အတွက်ပဲ အကျုံးဝင်ပါလိမ့်မယ်။ တကယ်လို့ အခြားကလပ်အသင်းတစ်ခုကို ပြောင်းမယ်ဆိုရင်တော့ ရှန်ဟိုင်းရှန်ဟွာရဲ့ သဘောအတိုင်းသာ ဆုံးဖြတ်ခွင့်ရှိပါလိမ့်မယ်" လို့ ဆိုပါတယ်။

တိဗက်ဇ်က ကိုရင်သီယန်၊ ဝက်စ်ဟမ်း၊ မန်ယူ၊ မန်စီးတီး၊ ဂျူဗင်တပ်၊ ဘိုကာဂျူနီယာစတဲ့ မတူညီတဲ့ ကလပ်အသင်းများစွာမှာ ကစားခဲ့ဖူးသူဖြစ်ပြီး အခုတော့ ကြယ်ပွင့်ကစားသမားတွေ အများအပြားရောက်ရှိခဲ့ပြီး ဖြစ်တဲ့ စူပါလီဂ်ကို စိန်ခေါ်မှုအသစ်တစ်ရပ်အနေနဲ့ ပြောင်းရွှေ့သွားပြီဖြစ်ပါတယ်။ တိဗက်ဇ်က အမြင့်မားဆုံး လုပ်ခလစာကို မက်မောပြီး ပြောင်းရွှေ့သွားပေမယ့် တစ်ဖက်မှာလည်း လျော်ကြေးငွေ ပေးချေရမယ်ဆိုတဲ့ အချက်ကို ထည့်သွင်း ချုပ်ဆိုထားတာကြောင့် တရုတ်စူပါလီဂ်က အများထင်သလောက် "အချောင်ရတဲ့ ငွေပွပေါက်" တစ်ခု မဟုတ်တာ သေချာပါတယ်။

ချယ်လ်ဆီး နိုင်ပွဲဆက်ခြင်းရဲ့ နောက်ကွယ်က အကြောင်းတရား

ချယ်လ်ဆီးအသင်းက စတုတ်စီးတီးအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူခဲ့ပြီးနောက်မှာတော့ ၁၂ ပွဲဆက် အနိုင်ရလဒ်နဲ့အတူ ယခုနှစ်ပရီမီယာလီဂ်ဖလားကို ရယူနိုင်ဖို့ တစ်ပွဲထက်တစ်ပွဲ ပိုပြီး နီးစပ်လာခဲ့ပါပြီ။ ချယ်လ်ဆီးအသင်း ဘာကြောင့် အခုလောက်အထိရလဒ်တွေ ကောင်းမွန်နေတာလဲဆိုတာ ပရီမီယာလီဂ်ပြိုင်ဖက်အသင်းတွေ သိချင်နေတဲ့ အကြောင်းရင်းတစ်ရပ်ဖြစ်နေမှာဖြစ်ပြီး ဒီလိုနိုင်ပွဲဆက်မှုရဲ့ အကြောင်းရင်းများစွာထဲက တစ်ခုကို အသင်းခေါင်းဆောင်ဂျွန်တယ်ရီက အရိပ်အမြွက် ပြသခဲ့ပါတယ်။ ချယ်လ်ဆီးနောက်ခံလူ ဂယ်ရီကာဟေးတစ်ယောက် အာကာသဘောင်းဘီလို့အလွယ်ခေါ်တဲ့ နော်မယ်တက်ခ်ပရိုစနစ်သုံး အထူးဘောင်းဘီကို ဝတ်ဆင်ပြီး ကော့ပ်ဟန်လေ့ကျင့်ရေးရုံအတွင်းရှိ ကုထုံးစင်တာမှာ အနားယူနေတဲ့ ပုံကို ဂျွန်တယ်ရီက သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ် တင်ခဲ့တာဖြစ်ပါတယ်။

နော်မယ်တက်ခ်ပရိုစနစ်က ခုနောက်ပိုင်း ဘောလုံးလောကအတွင်း ခေတ်စားလာတဲ့ နည်းစနစ်တစ်ခုဖြစ်ပြီး နွမ်းနယ်နေတဲ့ ကြွက်သားတွေကို အညောင်းပြေလျှော့စေခြင်းနဲ့ သွေးလည်ပတ်မှုအားကောင်းအောင် ဖြည့်တင်းပေးနိုင်ခြင်းပဲဖြစ်ပါတယ်။ နေမာနဲ့ ဂါရတ်ဘေးလ်တို့လို ထိပ်တန်းကစားသမားနှစ်ဦးက ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းကပဲ အခုလိုအလားတူစနစ်ကို အသုံးပြုနေကြတဲ့ပုံကို သူတို့ရဲ့ အင်စတာဂရမ် စာမျက်နှာ အသီးသီးမှာတင်ခဲ့သေးပြီး သိပ်မကြာခင်မှာပဲ ဂျွန်တယ်ရီကလည်း ခုလို အသိပေးခဲ့တာကြောင့် နော်မယ်တက်ခ်ပရိုနည်းပညာသုံး ပစ္စည်းတွေရောင်းအား ကောင်းလာဦးမယ်လို့ အားကစားမီဒီယာတွေက မှန်းချက်ထုတ်လိုက်ပါတယ်။

ရီးယဲလ်မက်ဒရစ်လောက် ဘိုင်ယန်ကြီးကျယ်ခမ်းနားမှုမရှိခဲ့ပါဘူး

ရီးယဲလ်မက်ဒရစ်အသင်းကနေ ဘိုင်ယန်မြူးနစ်ကို ပြောင်းရွှေ့လာခဲ့ရတာက ဘဝမှာ အခက်ခဲဆုံး ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ပြီး အဲဒီအချိန်တုန်းက ရီးယဲလ်မက်ဒရစ်ကနေ ထွက်ခွာလိုစိတ်လုံးဝမရှိခဲ့ဘူးလို့ ဘိုင်ယန်စတားအာဂျန်ရော်ဘင်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းက ၂၀၀၉ ခုနှစ်မှာ ပီရက်ဇ် ဥက္ကဋ္ဌပြန်လည်ဖြစ်လာခဲ့ပြီးနောက် စီရိုနယ်လ်ဒို၊ ဘင်ဇီမာ၊ ကာကာ၊ အလွန်ဆိုတို့လို ပုံရိပ်မြင့်မားတဲ့ ကစားသမားတွေကို ခေါ်ယူပြီးနောက် အသင်းရဲ့ လက်ရှိ ကစားသမားတွေကို ပြန်လည်ရောင်းချခဲ့ရာမှာ ရော်ဘင်ကလည်း ဘိုင်ယန်ကို ရောင်းချခံခဲ့ရတာဖြစ်ပါတယ်။ ရော်ဘင်က အခုတော့ ဘိုင်ယန်မြူးနစ်အသင်းမှာ ပျော်ရွှင်နေပြီး ဘိုင်ယန်ရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ခဲ့ရတာကို ဂုဏ်ယူပေမယ့် ၂၀၀၉ခုနှစ်ကတော့ ဘိုင်ယန်က ရီးယဲလ်ထက် အဆင့်တစ်ရပ် လျော့ကျတဲ့ ကလပ်အသင်းသာဖြစ်တာကြောင့် အသင်းမပြောင်းလိုပေမယ့် သူ့ကို ဥက္ကဋ္ဌ ပီရက်ဇ်ကရောင်းချခဲ့လို့ ဘိုင်ယန်ကို ရောက်ရှိလာတာဖြစ်တယ်လို့ အံ့အားသင့်ဖွယ်ရာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

မေလဲ့သင်း စုစည်းတင်ဆက်သည်။

ငါ့သရောက်မြို့မှ ရိုးရာအိုးလုပ်ငန်းကို ပြည်တွင်းပြည်ပခရီးသွားများလေ့လာမှုများပြား

ငါ့သရောက် ဇန်နဝါရီ ၃

ငါ့သရောက်မြို့ တောင်ကုန်းတွင် ပြုလုပ်လျက်ရှိသော ရိုးရာအိုးလုပ်ငန်းကို ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြားလျက်ရှိသည်။ အများစုသော ပြည်ပခရီးသွား ဧည့်သည်များမှာ ပုဂံ-ညောင်ဦးဘက်မှ သီးသန့်လာရောက်လေ့လာမှတ်တမ်းယူလေ့ရှိသည်။ တောင်ကုန်းတွင် အိမ်ခြေ (၁၂၀) ခန့်ရှိပြီး အိုးလုပ်ငန်းကို အဓိကအားထားလုပ်ကိုင်ကြသည်။ အိုးလုပ်ရန်အတွက်တောင်ကုန်းရွာနှင့် လေးဖာလုံအကွာရှိနေရာမှ မြေများကို ယူကာပြုလုပ်ကြရသည်။ အဓိကအားဖြင့် သောက်ရေအိုး၊ ဘုရားပန်းအိုး၊ ဟင်းချက်အိုး၊ မြှုအိုး၊ သင်္ကြန်အိုးနှင့် အခြားမြေထည်ပစ္စည်းများကို ပြုလုပ်ကြသည်။ အိုးလုပ်ငန်းကို ရာသီအလိုက် ပြောင်းလဲလုပ်ကိုင်ကြရသည်။ မြှုအိုးများကိုမူ ပြာသို၊ တပိုတ္တဝါ၊ တပေါင်းလများတွင် အားထားလုပ်ကိုင်ပြီး အခြားရာသီများတွင် သောက်ရေအိုးနှင့် ဟင်းချက်အိုးများကို ပြုလုပ်လေ့ရှိသည်။ လက်ရှိကာလ ငါ့သရောက်ဒေသထွက် သောက်ရေအိုး တစ်လုံးလျှင်ငွေကျပ် ၃၀၀ နှုန်းဖြင့် ဖောက်သည်ပေးရသည်။ တစ်ဆင့်ခံ ရောင်းချသူများမှာ စျေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချကြသည်။ ပြာသိုလတွင်ပြုလုပ်သော သောက်ရေအိုးမှာ ပိုမိုအေးမြကြောင်း သိရသည်။

အိုးပြုလုပ်ရန်အတွက် မြေကို အိမ်တွင်သယ်ယူကာစုပုံထားကြသည်။ ပထမဦးစွာ မြေများကို သန့်စင်ကာဖြန့်ခင်းပြီး ဘောင်ဖြင့်ခွေပတ်ထားကြသည်။ ထိုမြေများကို ရေဖြင့်ဖျော်ကာ အမှိုက်မပါအောင်စစ်ကာ လောင်းချပြီး သမအောင်မွှေနှပ်ကာ ရွံ့ဖြစ်အောင်ထားပေးရသည်။ ဒေသအခေါ်အားဖြင့် မြေစိမ်သည်ဟုပင်ခေါ်သည်။

မြေစိပ်ပြီး တစ်ညအကြာတွင် မြေများကို ခြေဖြင့်နင်းကာ စေးပိုင်လာအောင် ပြုလုပ်ပေးရသည်။ ဒေသအခေါ်အားဖြင့် မြေတုံးသည်ဟုခေါ်ကာ မြေတုံးပြီးသည်နှင့် အိုးထိန်းစက်ပေါ်တင်ကာ ပုံသွင်းယူကြရသည်။ ပုံသွင်းပြီးပါက အကြမ်းထည်ရပြီး ထိုအကြမ်းထည်ကိုပင်လက်ဖြင့်ရိုက်ကာ အိုးပုံဖော်ကြရသည်။ လက်ရိုက်ရာတွင် အဝတ်ခံကာ လက်ရိုက်ဖြင့်စိတ်ရှည်စွာ ရိုက်ကြရသည်။ အိုးကောင်းကိုလိုချင်သမျှ နာနာရိုက်ပေးကြရသည်။ ထိုသို့အိုးပုံသွင်းပြီး အိုးတစ်လုံးရလာသည်နှင့် အစီအရီချကာ လှမ်းပေးထားကြရသည်။ အိုးများခြောက်သွေ့သည်အထိ လှန်းပြီးပါက မြေအိုးများကို မီးဖုတ်ကြရသည်။

အိုးဖုတ်ခြင်းလုပ်ငန်းမှာလည်း လက်ဝင်လှသည်။ အိုးဖုတ်သည့်ကျင်းအတွင်း နွားချေးခြောက်တစ်ထပ် အိုးတစ်ထပ်ထည့်ကာ စနစ်တကျစီပေးရသည်။ နောက်ဆုံးအထပ်တွင် နွားချေးခြောက်များကိုပုံကာ ရွံ့ဖြင့်မံပေးကြရသည်။ ထိုသို့ရွံ့မံသရွတ်ကိုင်ပြီးသည်နှင့် အောက်ခြေမှစကာ မီးရှို့ပြီးအိုးဖုတ်ကြရသည်။ သုံးနာရီကျော်ကြာလျှင် အိုးကျက်သည်။ အိုးတစ်ဖိုဖုတ်ပါကသောက်ရေအိုး ၁၅၀ နှင့် အခြားဟင်းချက်အိုးများကို ရောကာဖုတ်ကြရသည်။ အများအားဖြင့် ညပိုင်းတွင် အိုးဖုတ်ကာ နံနက်ပိုင်းတွင် ပြန်လည်ဖော်ယူလေ့ရှိသည်။ လက်ရှိကာလ ငါ့သရောက်မှအိုးလုပ်ငန်းကို နိုင်ငံတကာ ခရီးသွားဧည့်သည်များသာမက ပြည်တွင်းဘုရားဖူးဧည့်သည်များပါ လေ့လာမှတ်တမ်းယူမှု များပြားလျက်ရှိကြောင်း သိရသည်။

တိမ်တမန်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဆိုင်ရာ ဧည့်လမ်းညွှန် သင်တန်းဖွင့်

မုံရွာ ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပခရီးသွားများ နေ့စဉ်ဝင်ရောက်လျက်ရှိရာတွင် နိုင်ငံခြား ဧည့်သည်များအနေဖြင့် တိုင်းဒေသကြီးအတွင်း အလွယ်တကူသွားလာလည်ပတ်နိုင်စေရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ကြီးကြပ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ပံ့ပိုးမှုဖြင့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းဖွင့်ပွဲကို မုံရွာမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ၂၅ရက် နံနက် ၉ နာရီကဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ကျွမ်းကျင်သောဧည့်လမ်းညွှန်ကောင်းများ ပေါ်ထွက်လာစေရန်၊ ဝန်ဆောင်မှု၊ စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှု လုပ်ငန်းများကို လေ့လာတတ်မြောက်ပြီး လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးချတတ်စေရန်၊ ခရီးသွားလုပ်ငန်း ရေရှည်ပ်ွန့်ဖြိုးတိုးတက်ရေးအတွက် သဘာဝအရင်းအမြစ်များ ထိခိုက်မှုမရှိစေရေး၊ ထိန်းသိမ်းစောင့်ရှောက်ရန်၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များကို ဖော်ထုတ်ပြသရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာနိုင်ငံ၏ ပကတိဖွံ့ဖြိုးတိုးတက်လာမှုအား ဧည့်လမ်းညွှန်မှုများမှတစ်ဆင့် နိုင်ငံခြားသားများသိရှိစေရန်အတွက် ဒေသခံလူငယ် ဧည့်လမ်းညွှန်များကို မွေးထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အခုသင်တန်းကစစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ အမှန်တကယ်နေထိုင်ပြီး ဧည့်လမ်းညွှန်လုပ်ငန်းကို စိတ်ဝင်စားတဲ့ လူငယ်တွေကို သင်ကြားပေးတာပါ။ ဒေသခံတွေဆိုတော့ ကိုယ့်ဒေသမှာရှိတဲ့ အထင်ကရနေရာတွေကို သေသေချာချာ ဖော်ထုတ်ပြသနိုင်မှာဖြစ်တဲ့အတွက် တိုင်းဒေသကြီး၊ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိသလို၊ ကိုယ့်အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းရရှိစေမှာပါ။ ကိုယ်ဒေသရဲ့ အထင်ကရနေရာတွေကို နိုင်ငံခြားဧည့်သည်တွေကနေတစ်ဆင့် တခြားနိုင်ငံတွေက သိရှိစေနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းကို တစ်နှစ်ထက်တစ်နှစ် နိုင်ငံခြားသားခရီးသွားတွေ ဝင်ရောက်မှုများလာတဲ့အတွက် ဒေသခံဧည့်လမ်းညွှန်တွေလည်း အများကြီးလိုအပ်လာတဲ့အတွက် အခုလို သင်တန်းဖွင့်လှစ်ပေးတာပါ။ အခုအခြေခံသင်တန်း တက်ရောက်ပြီးလို့ နောက်သုံးနှစ်သက်တမ်းရှိတဲ့အခါမှာ လိုင်စင်ရ ဧည့်လမ်းညွှန်သင်တန်းကို ဝင်ရောက်နိုင်ခဲ့ရင် ဧည့်လမ်းညွှန်လုပ်ငန်းကို တစ်နိုင်ငံလုံးမှာ လိုက်ပြီးလုပ်ဆောင်နိုင်မှာပါ" ဟု တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

ဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်းအား စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များမှ သင်တန်းသား /သူ ၁၁၁ ဦးဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ၂ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**

ဗိုးသာအေးကန် ပြန်လည်တူးဖော်လိုက်သောကြောင့် ဒေသခံများ သောက်သုံးရေအဆင်ပြေ

မလှိုင် ဇန်နဝါရီ ၃

မလှိုင်မြို့နယ် သပြေပင်ကျေးရွာအုပ်စု သံပုရာကန်ကျေးရွာတွင် အများသုံးရေကန်တစ်ခုကို အောက်တိုဘာလဆန်းပိုင်းမှ စတင်ပြီး ပြန်လည်တူးဖော်ပေးသည့်အတွက် ဒေသခံများ သောက်သုံးရေအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာအတွင်း၌ စက်ရေတွင်းများရှိသော်လည်း သုံးရေအတွက်သာ အသုံးပြုနိုင်ပြီး သောက်ရေကို သံပုရာကန်ဆည် အောက်ဘက်ရှိ စိမ့်တွင်းရေနှင့် ရွာအနောက်ဘက်ရှိ ဗိုးသာအေးကန်ရေကို အသုံးပြုနေရသည်။

မိုးတွင်းပိုင်းတွင် အခက်အခဲမရှိသော်လည်း ဆည်ရေခန်းချိန်တွင် ကန်ရေကို အဓိကထားသုံးစွဲနေရ၍ ဒေသခံများအတွက် နွေကာလတွင် သောက်ရေအခက်အခဲမရှိစေရန် ပဲခူးမြို့နေ ဦးအောင်မင်း (စစ်မှုထမ်းဟောင်း အငြိမ်းစား)နှင့် ဒေါ်ခင်နန်းတင့် မိသားစုတို့က ရေကန်ကို ပြန်လည်ဆည် ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါကန် ပြန်လည်ဆည်ပေးခဲ့သည့်အတွက် ဒေသခံလူများအတွက်သာမက သိုး၊ ဆိတ်၊ နွားတိရစ္ဆာန်များအတွက်ပါ အထောက်အကူဖြစ်၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

သီပေါမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ထောက်ပံ့ရေးပစ္စည်းများသွားရောက်လှူဒါန်း

သီပေါ ဇန်နဝါရီ ၃

ရှမ်းပြည်နယ် ကျောက်မဲခရိုင် သီပေါမြို့နယ်ရှိ နောက်ဆုံးလက်ကျန်ဖြစ်သည့် မိုးတေကျေးရွာအုပ်စုရှိ မန်ကောင်းစစ်ဘေးရှောင်စခန်းသို့ ဇန်နဝါရီ ၁ ရက်မွန်းလွဲ ၁ နာရီခွဲက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ရှမ်း(မြောက်)တာဝန်ခံ ဦးမျိုးဇော်နှင့်အဖွဲ့တို့မှ ထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ မန်ကောင်းကျေးရွာ စစ်ဘေးရှောင်စခန်းတွင်ရှိသည့် စစ်ဘေးရှောင်များမှာ မန်တုံမြို့နယ်၊ ကုံးမုံကျေးရွာ၊ မော်နေကျေးရွာ၊ ကောင်းမူးကျေးရွာ၊ ကုန်းညောင်ကျေးရွာ၊ ဝမ်မိုင်ကျေးရွာများမှ ပြည်သူများ ဖြစ်ကြပြီး ဒီဇင်ဘာ ၃ ရက်မှ စတင်၍ စစ်ရှောင်စခန်းသို့ ရောက်ရှိလာကြကာ စစ်ရှောင်ကာလ တစ်လနီးပါးကြာမြင့်နေပြီဖြစ်ကြောင်း သိရသည်။

ဒေသငြိမ်းချမ်းမှု မရှိသေးသောကြောင့် အိမ်ထောင်စု (၄၅)စု၊ လူဦးရေ (၁၅၃)ဦးတို့မှာ ၎င်းတို့၏ဒေသသို့ မပြန်နိုင်ဘဲ ကျန်ရှိနေပြီး ၎င်းတို့အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တစ်ဦးလျှင် စောင်တစ်ထည်နှင့် ဆန်တစ်ပြည်နှုန်း ထောက်ပံ့လှူဒါန်း ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်

အင်းမစေး မီးလောင်မှုအခြေအနေနှင့် ယာယီစေးဆောင်ရွက်ပေးမည့် မြေနေရာတို့အားကွင်းဆင်းစစ်ဆေး

သဲကုန်း ဇန်နဝါရီ ၃

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၃ နာရီက သဲကုန်းမြို့နယ် အင်းမမြို့ သီရိမင်္ဂလာရပ်ကွက် အောင်မင်္ဂလာစေး မီးလောင်မှုအခြေအနေနှင့် ယာယီစေးဆောက်ရွက်ပေးမည့်မြေနေရာတို့အား တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးနှင့်အတူ တိုင်းဒေသကြီးစည်ပင်သာယာရေးမှူးချုပ်ကြားရေးမှူး ဦးအောင်မြင့်၊ အမှတ် (၂) တိုင်းဒေသကြီးကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်မီးသတ် ဦးစီးမှူးဦးအေးကျော်၊ ခရိုင်စည်ပင်သာယာရေးမှ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်သူတို့ပါဝင်သည့်အဖွဲ့သည် အင်းမစေး မီးလောင်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါစေး၏ စေးခေါင်းရုံးတွင် စေးသူ၊ စေးသားများနှင့်တွေ့ဆုံ၍ ယာယီစေးဖွင့်လှစ်ပေးမည့်အခြေအနေနှင့် စေးအမြန်ပြန်လည်ရောင်းချနိုင်ရေးအတွက် ဆောက်ရွက်သွားမည့်အခြေအနေများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများအား လုပ်ငန်း အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် လမ်းညွှန်မှာကြားခဲ့ပြီး ယာယီစေးပြုလုပ်ပေးမည့် အင်းမမြို့ သီရိမင်္ဂလာ ရပ်ကွက်၊ ပိုလ်ရုံလမ်းရှိ ပိုလ်ရုံဝင်း (ပဆင မြေနေရာ) တို့အား ကြည့်ရှုပြီး ယာယီစေးဆောက်မည့်အခြေအနေ၊ မူလဆိုင်ခန်းပိုင်ရှင်ဦးရေနှင့် စေးအိမ်သာ၊ သောက်သုံးရေကန် ဆောက်လုပ်မည့် အခြေအနေများအား ကြည့်ရှုခဲ့ကြသည်။ **သူရအောင် (မြည်)**

ဆောင်းလချိန်ခါယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ကျောင်းကုန်း ဇန်နဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် လက်ပန်ချောင်ကျေးရွာအုပ်စု ဇေယျာစိန်ကျောင်းဆရာတော် အရှင်ကဝိန္ဒာစာရ ဦးဆောင်ဖွင့်လှစ်သော ဆောင်းလချိန်ခါ ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်နံနက် ၁၀ နာရီတွင်ကျင်းပခဲ့သည်။

အခမ်းအနားတွင်လှည်းဆိပ်ကျောင်းဆရာတော် ဥဋ္ဌာဏဇေက ငါးပါးသီလချီးမြှင့်ပြီး ပညာနှင့်ကိုယ်ကျင့်တရားကို တန်ဖိုးရှိအောင်မြှင့်တင်ကြရန်လိုကြောင်း၊ ပညာတတ်အောင် စာကြိုးစားကြဖို့လိုပြီး ကိုယ်ကျင့်တရားကောင်းအောင် ယဉ်ကျေးလိမ္မာသင်တန်းတက်ကြဖို့လိုကြောင်း၊ ယဉ်ကျေးမှု ရှိ-မရှိ သိချင်လျှင် ကိုယ်အမူအရာ၊ နှုတ်အမူအရာကို ကြည့်ရမှာဖြစ်ကြောင်း၊ ပညာရှိ-မရှိ သိချင်လျှင် သူပြောတဲ့စကားကို ကြည့်ရမှာဖြစ်ကြောင်း၊ မြေကောင်းမကောင်းသိချင်လျှင် မြက်ညှိုး၊ မည်ကြည့် ရမည်ဖြစ်ကြောင်း ဆုံးမစကား ပြောကြားခဲ့သည်။

ဇေယျာစိန်ကျောင်းဆရာတော် အရှင်ကဝိန္ဒာစာရက ယဉ်ကျေးလိမ္မာ ပထမဆင့်နှင့်ဒုတိယဆင့်၊ (၃၈) ဖြာမင်္ဂလာ တရားတော်များကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး ကျောင်းပိတ်ရက် (စနေ၊ တနင်္ဂနွေ) နေ့များတွင် သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းသို့ လက်ပန်ချောင် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများ၊ လှည်းဆိပ်ကျေးရွာနှင့်ဂုန်မင်းကျေးရွာတို့တွင် အလယ်တန်းပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူလေးများတက်ရောက်ခဲ့ပြီး အဆိုပါသင်တန်းကို နွေကျောင်းပိတ်ရက်အထိ သင်ကြားသွားမည်ဖြစ်သည်။

ဝင်းကြိုင်(ပြန်/ဆက်)

တောင်သမန်အင်းအတွင်း လယ်စိုက်ပျိုးရန် စက်စွမ်းအားသုံး၍ ထွန်ယက်

မန္တလေး ဇန်နဝါရီ ၃

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်အင်းအတွင်းမှ ရေဝင်မြေများရေကျသွားသည့်အတွက် လယ်စိုက်ရန်အတွက် စက်စွမ်းအားသုံးကာ ထွန်ယက်လျက်ရှိသည်။ တောင်သမန်အင်း ရေကျသွားသည်နှင့် မုရင်းလယ်စိုက်ခြင်း၊ မြေပဲစိုက်ခြင်းများကို ပြုလုပ်လေ့ရှိသည်။ ယခုနှစ်တွင် နောက်ရေတိုးလာသည့်အတွက် လယ်စိုက်နောက်ကျခြင်းဖြစ်သည်။

တောင်သမန်အင်းအတွင်း လယ်စိုက်ပျိုးရန်အတွက် ကြိုတင်ပျိုးထောင်ထားပြီး လယ်စိုက်ရန်မြေများကိုမူ မြေတော်ရေတော် အခြောက်ထယ် ထိုးကာ ရေသွင်းပြီးစိုက်ပျိုးကြသည်။ အခြောက်ထယ် ထိုးရာတွင် ရေတိုးစဉ်က တင်ကျန်နေသော ဗေဒါများဖယ်ရှားရန်အတွက်ပါ ရှေ့တွင် မြေတွန်းညှိသည့် ကိရိယာပါတပ်ဆင်ပြီး ထွန်ယက်ကြရသည်။ စက်စွမ်းအားသုံး ထွန်ယက်မှုတွင် တစ်ဧကလျှင် နှစ်သောင်းမှ နှစ်သောင်းသုံးထောင်အထိ ယူလေ့ရှိသည်။ ဗေဒါဖယ်ရှားခြင်း၊ မြေညှိ မြေထိုးခြင်းများပြုလုပ်ပါက တစ်နာရီလျှင် ငွေကျပ် သုံးသောင်းပေးကြရသည်။

လက်ရှိကာလတွင် တောင်သမန်အင်းအတွင်းမှ လယ်မြေများ အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် စက်စွမ်းအားသုံးကာ ထွန်ယက်လျက်ရှိသည်။ အများစုမှာ မနောသုခစပါးမျိုးကို စိုက်ပျိုးလေ့ရှိသည်။ ရေဝင်မြေဖြစ်သည့်အတွက်နှစ်စဉ် အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

စိုးရွှေ

လူမှုဖူလုံရေးရွှေ့လျားဆေးကုသယာဉ်မကွေးမြို့သို့ရောက်ရှိ

မကွေး ဇန်နဝါရီ ၃

ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည့် လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာအထူးကုဆေးခန်းနှင့် ဓာတ်ခွဲခန်းတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွှေ့လျားဆေးကုသယာဉ်သည် မကွေးမြို့ခရိုင် အားကစားကွင်းအတွင်း၌ ဒီဇင်ဘာ ၃၀ ရက်မှစတင်ပြီး လူမှုဖူလုံရေးအဖွဲ့ဝင်များအား ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ရွှေ့လျား ဆေးကုသယာဉ်တွင် ဆေးကုသခြင်း၊ အီးစီဂျီရိုက်ခြင်း၊ သွေး၊ ဆီးစစ်ဆေးပေးခြင်းများကို တစ်နေရာတည်း၌ ပြုလုပ်ပေးလျက်ရှိပြီး မကွေးမြို့ပေါ်မှ လူမှုဖူလုံရေးအဖွဲ့ဝင်များ လာရောက်ကုသလျက်ရှိသည်။

အဆိုပါ ဆေးကုသမှုများကို ဇန်နဝါရီ ၃ ရက်အထိ ဆောင်ရွက်ပေးခဲ့သည်။

ညီညီမောင်(မကွေး)

မန်စီမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်ကြိုးတံတား တည်ဆောက်နေမှုအား ကွင်းဆင်းစစ်ဆေး

ဗန်းမော် ဇန်နဝါရီ ၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သွားလာရေး အဆင်ပြေကောင်းမွန်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် သံတံတား-မလင်ကျေးရွာချင်းဆက်ချောင်းကူကြိုးတံတား ၂၂ပေရှည် တည်ဆောက်နေမှုလုပ်ငန်းအား ဒီဇင်ဘာနောက်ဆုံးအပတ်က မန်စီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် ရုံးအဖွဲ့ဝန်ထမ်းတို့က လုပ်ငန်းပြီးစီးမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက် ချောင်းကူးကြိုးတံတား တည်ဆောက်ပြီးစီးပါက သံတံတား၊ မလင်ကျေးရွာ များမှ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ရာသီမရွေး အလွယ်တကူသွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဝင်းကကျေးရွာတွင် သောင်နှကျွန်းမြေလုပ်ပိုင်ခွင့်ရွေးချယ်ချထားပေးနိုင်ရေးဆွေးနွေး

ဘီးလင်း ဇန်နဝါရီ ၃

ဘီးလင်းမြို့နယ် ဝင်းကကျေးရွာတွင် ဒေသခံလယ်မဲ့ယာမဲ့၊ သူရင်းငှားများနှင့် လယ်ယာလုပ်သား အိမ်ထောင်စုများကို သောင်နုကျွန်းမြေလုပ်ပိုင်ခွင့် ရွေးချယ်ချထားပေးနိုင်ရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁ ရက်က ဝင်းကကျေးရွာအုပ်စုခေတ်သစ်သိပ္ပံကျောင်း၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးက ဒုတိယအကြိမ် ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် သောင်နုကျွန်းမြေလုပ်ပိုင်ခွင့် မေးခွန်းမေးမြန်းခဲ့ပြီးဖြစ်ပြီး ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်များချပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက်ကျေးရွာ လယ်/စီအဖွဲ့ကလည်း သောင်နုမြေချထားရေးနှင့် ပတ်သက်၍ ဥပဒေများကိုလည်း ချပြဆွေးနွေးခဲ့သည်။

ဘီးလင်းမြို့နယ်အတွင်း ဝင်းက၊ အရက်သီးမ၊ တောင်ကြီး၊ ဇုတ္တလိ၊ ပေါက်တောနှင့် ကင်းရွာတို့တွင်မြေနုကျွန်းမြေလုပ်ပိုင်ခွင့်များကို မကြာမီချပေးသွားရန် စီစဉ်လျက်ရှိကြောင်း ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ကပြောသည်။

ထူးနောင်(ဘီးလင်း)

ပိုင်းယုမြို့ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဒေသခံပြည်သူများ ဝိုင်းဝန်းဆောင်ရွက်

မိုင်းယု ဇန်နဝါရီ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့တွင် (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုင်းယုဒေသခံပြည်သူများသည် မိုင်းယုမြို့ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် RC နှစ်ထပ် အထက်တန်းကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန် ကျောင်းဆောင်ဟောင်း ဖြိုဖျက်ခြင်း၊ မြေနေရာရှင်းလင်းခြင်းကို ဇန်နဝါရီ ၁ ရက်နံနက် ၈ နာရီခွဲက ဝိုင်းဝန်းဆောင်ရွက်ခဲ့သည်။

မိုင်းယုမြို့၌ RC နှစ်ထပ်အထက်တန်းကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက် မြေနေရာနှင့် ကျောင်းဆောင်ဟောင်းဖြိုဖျက်ရှင်းလင်းခြင်းကို မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်အောင် ဦးဆောင်သော မိုင်းယုဒေသခံပြည်သူစုစုပေါင်း ၁၅၀ တို့က သွပ်မိုး၊ တံခါးကျည်းပေါင်၊ အုတ်ဟောင်းနှင့် သစ်သားတိုင်ဟောင်းများတို့ကို စုပေါင်းရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

မိုင်းယု(ပြန်/ဆက်)

လမ်းတံတားနှင့်စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်

ယင်းမာပင် ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု လက်ပံကျေးရွာတွင် တော်ဝင်အင်းဝ ကုမ္ဗဏီက ငွေကျပ် ၁၁ ဒသမ၂ သန်းဖြင့် ရွာအဝင် ကွန်ကရစ်တံတား ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် တောင်ပုအုပ်စု တရော်ကျင်းကျေးရွာတွင် Teach United Power ကုမ္ဗဏီက ကျပ် ၁၈ ဒသမ ၅ သန်းဖြင့် စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအား တိုင်းဒေသကြီးလွှတ်တော် အမှတ် (၁) ကိုယ်စားလှယ် ဒေါ်ခင်နှင်းရီသည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သန်းနှင့် ဝန်ထမ်းများ လိုက်ပါကာ ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက အရည်အသွေးပြည့်မီစေရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။ "ကျွန်တော်တို့ကျေးရွာမှာ ယခင်ကရှိတဲ့ လက်ငင်းရေတွင်းတွေဟာ နွေရာသီဆိုရင် ရေပြတ်သွားလို့ သောက်ရေသုံးရေ အခက်အခဲများနှင့် နှစ်စဉ်ကြုံတွေ့ခဲ့ရပါတယ်။ ခုဆိုရင် တစ်နာရီမှာဂါလန် ၁၈၀၀ ထွက်ရှိတဲ့ စက်ရေတွင်း တူးဖော်ရရှိပြီလို့ ကျွန်တော်တို့ ကျေးရွာရဲ့ သောက်ရေ၊ သုံးရေအခက်အခဲများလည်း အဆင်ပြေသွားပြီဖြစ်တဲ့အတွက် ကျေးရွာသူ၊ ကျေးရွာသားများ ဝမ်းသာ နေကြပါတယ်" ဟု တရော်ကျင်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

မေသရဏူး

ဆိပ်ဖြူမြို့နယ်မှထွက်သောပန်းမုန်လာပွင့်များချောက်မြို့ဈေးသို့တင်ပို့ရောင်းချလာ

ချောက် ဇန်နဝါရီ ၃

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၏ အနောက်ဘက် ဆိပ်ဖြူမြို့နယ်အတွင်းထွက်ရှိသော ပန်းမုန်လာပွင့်များအား ချောက်မြို့ဈေးသို့ တင်ပို့ရောင်းချလာကြောင်း သိရသည်။

ယင်းပန်းမုန်လာပွင့်များကို ဆိပ်ဖြူမြို့အတွင်း ချောင်းမကျီးကျေးရွာမှ ထွက်ရှိပြီး၊ ချောက်မြို့ဈေးသို့ လာရောက်ရောင်းချ၍ မြို့ခံဈေးသည်များမှ ပန်းမုန်လာအပွင့်ကြီးတစ်ပွင့်လျှင် ငွေကျပ် ၃၀၀ ၊ အပွင့်အလတ်တစ်ပွင့် ငွေကျပ် ၂၅၀ စျေးပေါက်၍ ရာသီပေါ်သီးနှံများ လတ်လတ်ဆတ်ဆတ်ရ၍ စျေးဝယ်ပြည်သူများ စျေးနှုန်းချိုသာသဖြင့် ဝယ်ယူလျက်ရှိသည်။

ကျော်မိုး(ပြန်/ဆက်)

ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် မုန်လာဥစိုက်ပျိုးခြင်းဖြင့် စျေးကောင်းရ၍ အမြတ်များစွာရရှိ

ရေဦး ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မန်ကျီးတောကျေးရွာ တောင်သူများမှာ စပါးနှင့် ဆောင်းသီးနှံများဖြစ်ကြသည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဗူး၊ ဖရဲ၊ ဖရဲ၊ မုန်လာထုပ်၊ ပန်းမုန်လာ၊ ပဲနှင့် မုန်ညင်းအမျိုးမျိုးတို့ကို အချိန်တိုအတွင်း မိသာစုဝင်ငွေရရှိအောင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် မုန်လာဥ အဖြူစိုက်ပျိုးအောင်မြင်ကာ စျေးကောင်းရောင်းချနေမှုနှင့်ပတ်သက်၍ တောင်သူ ဦးနေဝင်းအောင်က "ကျွန်တော်က စပါးနဲ့ ဆောင်းသီးနှံ နှစ်မျိုးစလုံးစိုက်တယ်။ ဧကကမများပါဘူး။ စပါးကိုလယ်မြေမှာစိုက်တယ်။ ဆောင်းသီးနှံစိုက်ပျိုးမှုအနေနဲ့ ယာမြေမှာရာသီဥတုနဲ့လိုက်မည့် သီးနှံပင်ပဲစိုက်တယ်။ အခုလို ဆောင်းရာသီမှာတော့ တစ်လခွဲလောက်နဲ့ သီးနှံရရှိသည့် မုန်ညင်းအဖူး ဒသမ ၅၀ နှင့် မုံလာဥအဖြူ ဒသမ ၇၀ စိုက်တယ်၊ ဆောင်းမုံညင်းက ရာသီပေါ်သီးနှံဖြစ်လို့ဆေးသိပ်မဖျန်းရဘူး။ မုံလာဥစိုက်ပျိုးချိန်အနေနဲ့ တန်ဆောင်မုန်းလဆန်းမှာ စတင်စိုက်ပျိုးခဲ့တယ်။ ဆေးသုံးကြိမ်ဖျန်းတယ်။ ရေသုံးကြိမ်ပေးသွင်းရတယ်၊ ပေါင်းနုတ်၊ ထယ်ထွန်နှင့် စက်သုံးဆီသုံး၀ါလန်အပါအဝင် စိုက်ပျိုးစရိတ်ကုန်ကျမှု တစ်သိန်းခွဲခန့်ကုန်ကျတယ်။ လောလောဆယ်မှာထွက်ရှိမုန်လာဥ လှည်းအစီး ၂၀ တိုက်အထိရရှိပြီး ရောင်းချရရှိငွေတွက်ကြည့်တာ ငါးသိန်းကျော်ရနေပြီ။ မနှစ်ကဒီချိန်ဆို စျေးကောင်းမရဘူး။ သိပ်မမြတ်ဘူး၊ ယခုနှစ်မှာတော့ စရောင်းကတည်းက စျေးကောင်းရောင်းရတယ်။ ဖောက်သည်စျေးနဲ့ ရောင်းတယ်။ လက်ရွေးဝယ်မည်ဆိုပါက ဥတစ်ဥကို ငွေကျပ် ၁၀၀ နဲ့ရောင်းရတယ်။ ဥ ၁၁ လုံးပါ အထုံးတစ်ထုံးဆို ကျပ် ၁၀၀၀ နဲ့ ရောင်းတယ်။ နုတ်ပြီး မုံညင်းဥအပင်တွေကိုညနေပိုင်းမှာ ရေဆေးပြီးမှဖောက်သည်ပေးဖို့ အထုံးထုံးပေးရတယ်။ မိုးလင်းတာနဲ့ကုန်ပြီ။အခြားသောတောင်သူများအနေဖြင့် မိသားစုဝင်ငွေတိုးစေမည့် မုံလာဥမျိုးကို စနစ်တကျနဲ့သာဂရုစိုက်စိုက်ပျိုးရောင်းချမည်ဆိုပါက ကုန်ကျစရိတ်နည်းပြီး အထွက်နှုန်းပိုကောင်းကာ အမြတ်များစွာရရှိနိုင်သည့် မုံလာဥအပင်ကိုစိုက်ပျိုးသင့်တယ်" ဟု ရှင်းပြသည်။ **သန်းထိုက်(ရေဦး)**

ယူနီဆက်မှ ဆောင်ရွက်ပေးသည့် ရေပေးရေးလုပ်ငန်းများစစ်ဆေး

ချောင်းဦး ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ယူနီဆက်မှ ဆောင်ရွက်ပေးသည့်ရေပေးဝေရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေးခြင်းကို ဘူတာကျေးရွာနှင့် ပဲပြစ်တောကျေးရွာများသို့ ဇန်နဝါရီ၂ ရက် နံနက် ၉ နာရီခွဲက သွားရောက်စစ်ဆေးခဲ့ကြောင်းသိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုး၊ မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းထွေးတို့နှင့်အတူ ချောင်းဦးမြို့နယ်အတွင်း ယူနီဆက်မှ ဆောင်ရွက်ပေးထားသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် အိမ်တိုင်ရာရောက် ရေမီတာစနစ်တပ်ဆင်သုံး စွဲလျက်ရှိသည့် ကျေးရွာများသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဘူတာကျေးရွာနှင့် ပဲပြစ်တောကျေးရွာများတွင် ရေပေးဝေမှု၊ ရေမီတာတပ်ဆင်သုံးစွဲနေမှုနှင့် ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာရေကော်မတီဝင်များနှင့် တွေ့ဆုံကာ တစ်ဦးတစ်ယောက်ချင်းစီမှ စနစ်တကျသုံးစွဲမှသာလျှင် မိမိတို့ကျေးရွာများတွင် စဉ်ဆက်မပြတ် ရေသုံးစွဲနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ရေမီတာတပ်ဆင်သုံးစွဲနေသည့် နေအိမ်များသို့သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပုဗ္ဗသီရိမြို့နယ်၌ လစဉ်ပုံမှန်ကာကွယ်ဆေးအခမဲ့တိုက်ကျွေးထိုးနှံပေး

နေပြည်တော် ဇန်နဝါရီ ၃

မိခင်ကျန်းမာရေးမြှင့်တင်ရေး၊ ငါးနှစ်အောက်ကလေးသေဆုံးမှုကျဆင်းရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ပြည်သူများဖြစ်လာစေရန်ရည်ရွယ်၍ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အမှတ်(၂/၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၂ ရက်နံနက် ၉ နာရီမှ စတင်၍ မွေးကင်းစမှ ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးရေးကို ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးလက် ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်အေးအေးဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ဝက်သက်၊ ပိုလီယို၊ penta ငါးမျိုးစပ်၊ ဦးနောက်တီဘီ၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးအသစ်(PCV)၊ လူးစေ့တီဘီဝိုး ကာကွယ်နိုင်ရန် BCG ဆေးမျိုးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမိဘများအား ဆရာမဒေါ်အေးအေးဝင်းက ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍ ကာကွယ်နိုင်သည့် ရောဂါများအကြောင်းနှင့် အကျိုးကျေးဇူးရရှိပုံများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ရွှေရဲရင့်

ဖျာပုံမြို့တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ပြု အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပ

ဖျာပုံ ဇန်နဝါရီ ၃

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့နယ်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပရေးဦးစီးကော်မတီက ဦးဆောင်လျက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားများကို ဇန်နဝါရီ ၁ ရက်မှစတင်၍ ဖျာပုံမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့ပေါ်တွင် ဇန်နဝါရီ၁ရက်မှ စတင်ကာ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲ၊ ကုန်စည်ပြပွဲ၊ အားကစားပြိုင်ပွဲများ၊ စျေးရောင်းပွဲတော်များကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ စျေးဝယ်သူ၊ စျေးရောင်းသူ၊ ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိပြီး ဇန်နဝါရီ ၅ ရက်အထိ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လွတ်လပ်ရေးပွဲတော်က အရင်နှစ်ကထက်ပိုစည်ပါတယ်။ စျေးတန်းတွေကလည်း ဖျာပုံမြို့ (၅)လမ်း အ-ထ-က(၁) ကျောင်းရှေ့မှ ဆေးရုံရှေ့အထိ၊ ဒုတိယလမ်းမှာဆိုရင်လည်း သီရိအဏ္ဍာဝါခန်းမမှ ဗဟာဗန္ဓုလလမ်းလောက်အထိ စျေးရောင်းသူ၊ စျေးဝယ်သူတွေနဲ့ စည်ကားနေပါတယ်။ ကလေးတွေ ကစားလို့ရတဲ့ရဟတ်တို့၊ ကစားကွင်းတို့ကိုလည်း အစုံတွေ့ရပါတယ်" ဟု ဒေသခံ ကိုကြည်စိုးက ပြောသည်။

ယခုနှစ် ဖျာပုံမြို့ သီရိအဏ္ဍာဝါခန်းမတွင် ကျင်းပလျက်ရှိသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကုန်စည်ပြပွဲသည် NIBBAN ကုမ္ပဏီထုတ် ပစ္စည်းများကို တာဝန်ခံရောင်းချပေးလျက်ရှိသည့် ဖျာပုံ မြို့ 'ကြိုးကြာ' လျှပ်စစ်မှ ကိုဝီချိုင်းက "အခုခင်းကျင်းပြသရောင်းချလျက်ရှိတဲ့ ကုန်စည်ပြပွဲ၊ စျေးရောင်းခြင်းက ရရှိမယ့် အကျိုးအမြတ်ငွေအားလုံးကို ဖျာပုံမြို့မှာရှိတဲ့ ပရဟိတလုပ်ငန်းတွေအတွက် အသုံးပြုသွားဖို့ ရည်ရွယ်ထားပါတယ်။ အခု ဒီပြပွဲမှ NIBBAN ကုမ္ပဏီက ထုတ်လုပ်တဲ့ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ မီးပူ၊ ပေါင်မုန့်ကင်စက်မှအစ အိမ်အသုံးအဆောင်ပစည်းတွေကိုပါ ရောင်းချပေးပါတယ်။ ဝယ်ယူအားပေးသူတိုင်းကိုလည်း နှစ်သစ်ကူးလက်ဆောင်အဖြစ် ကံစမ်းမဲဖောက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ဖျာပုံမြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပြည်သူများ ကိုယ်လက်ကျန်းမာကြွရှင်ရေး၊ စည်းလုံးညီညာအောင်ကြောင်းဖြာဟူသော ဆိုစကားနှင့်အညီ အချင်းချင်း စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်လိုသော အလေ့အထကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်လျက် လေ့လော်ပြိုင်ပွဲ၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်၊ မုန့်စားပြိုင်ပွဲ၊ အာလူးကောက်၊ ဂုန်နီအိတ်စွပ်၊ မီနီမာရသွန်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်၊ ဘောလုံးပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ဖူဆယ်ဘောလုံးပြိုင်ပွဲမျိုးစုံ ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ရိုဒ်ရေကန်သို့ လာရောက်လည်ပတ်မှတ်တမ်းရိုက်ယူသူများအဆင်ပြေ

ရိုခေါဒါရဲ ဇန်နဝါရီ ၃

ချင်းပြည်နယ်၏ အလှကိုတန်ဆာဆင်ပေးသည့် အထင်ကရနေရာတစ်ခုနှင့် ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၆၆ ပေအမြင့်တွင် သဘာဝအတိုင်းဖြစ်ပေါ်ပြီး ပြည်နယ်၏ဂုဏ်ဆောင်တစ်ခုဖြစ်သည့် အသည်းနှလုံးပုံသဏ္ဌာန် ရိုဒ်ရေကန်သို့နှစ်သစ်ကူးကာလအတွင်း ပြည်တွင်းပြည်ပမှ ခရီးသွား ပြည်သူများ၊ လေ့လာရေးခရီးဖြင့်လာရောက်လည်ပတ်သည့်ဧည့်သည်များအတွက်အမှတ်တရမှတ်တမ်းရိုက်ယူနိုင်ရန် ရိုဒ်ရေကန်ရှုခင်းသာ (RihView-point) ကို ပြုလုပ်တည်ဆောက်ထားပေးခြင်းကြောင့် အဆင်ပြေမှုရှိကြောင်း သိရသည်။

ရိုဒ်ရေကန်သည် ချင်းပြည်နယ်၏ အနောက်မြောက်ဘက် အိန္ဒိယ- မြန်မာနယ်စပ်တွင် တည်ရှိပြီး ကလေးမြို့မှ ၉၇ မိုင်ခန့်၊ တီးတိန်မြို့မှ ၃၂ မိုင်၊ ဖလမ်းမြို့မှ ၆၄ မိုင်၊ ဟားခါးမြို့မှ ၁၀၄ မိုင်ခန့် အကွာတွင် တည်ရှိသည်။ ရိုဒ်ရေကန်သည် ပတ်လည်အကျယ် ၂ ဒသမ ၅ မိုင်ခန့်ရှိပြီး ကန်ရေအနက်ပေ ၄၀ မှ ပေ ၅၀ ခန့်ရှိ၍ နှစ်စဉ် ဒီဇင်ဘာလနှောင်းပိုင်းတွင် ကန်ရေတစ်ခုလုံး နောက်ကျိလေ့ရှိသည်။ အဆိုပါ ရိုဒ်ရေကန်၏ ပေ ၃၀ ပတ်လည်သာရှိသောနေရာ၌သာ ရေချိုးဆိပ်တစ်နေရာရှိရာ အခြားသောကမ်းစပ်များသည် ရွှံ့ဗွက်များဖြင့် ပြည့်နှက်ဝန်းရံထားသဖြင့် လူနှင့် တိရစ္ဆာန်များအတွက် အလွန်အန္တရာယ်များသည်။ ထို့ကြောင့် ရေချိုးဆိပ်၌သာ ခရီးသွားပြည်သူများက မှတ်တမ်းမှတ်ပုံရိုက်ကူးကြသော်လည်း ယင်းနေရာတွင် ရေကန်၏ သဘာဝအလှအသည်းနှလုံးပုံသဏ္ဌာန် ပေါ်လွင်ခြင်းမရှိပေ။ ယင်းသို့ကြောင့် ရိုဒ်ရေကန်၏ အသည်းနှလုံးပုံဏ္ဌာန် ထင်ရှားပေါ်လွင်သည့် မြို့တွင်းရှိ တောင်ကုန်းတစ်နေရာအား ရိုဒ်ရေကန်ရှုခင်းသာအဖြစ် ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ခဲ့ရာ ရိ-ဘွန်နဲလ် ကုမ္ပဏီ၏ တာဝန်ယူမှုဖြင့် ရိုဒ်ရေကန်ရှုခင်းသာကို ရာဘူန်းပြည့် အကောင်အထည်ဖော်ပြုလုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

"ရိုဒ်ရေကန်ရဲ့ ရေချိုးဆိပ်ဘေးပတ်ဝန်းကျင်မှာ ခရီးသွားပြည်သူတွေအဖို့ နေထိုင်စားသောက်ရေး၊ ညအိပ်တည်းခိုနိုင်ရေးအတွက် ရိုဒ်ကန်သာစားသောက်ဆိုင်နဲ့ ဟိုတယ်တွေ ဖွင့်လှစ်ထားပါတယ်။ အဲဒီမှာ တည်းခိုဆောင် ခုတင်လေးလုံးပါ အဆောင်ခြောက်ခုရှိပါတယ်။ ဒါ့အပြင် ရိုဒ်ပြည်ထောင်စုရိပ်သာတစ်ခုရှိပြီး အဲဒီရိပ်သာမှာလည်း ခရီးသွားပြည်သူ ၂၀ ဦးခန့် ညအိပ်တည်းခိုနိုင်ပါတယ်။ အခုအခါမှာတော့ ရိုဒ်ရေကန်လေ့လာရေးခရီးစဉ်နဲ့ ရောက်ရှိလာတဲ့ အများပြည်သူတွေအတွက် နေထိုင်စားသောက်တည်းခိုရေး၊ ရေကန်ရဲ့ သဘာဝအလှနဲ့အတူ အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်ကူးရေးပါ အဆင်ပြေလို့ ဝမ်းသာကျေနပ်ကြသလို ပြည်တွင်းပြည်ပက ခရီးသွားပုဂ္ဂိုလ်တွေ အရင်နှစ်တွေထက်ပိုပြီးအဆင်ပြေချောမွေ့လာတာကိုတွေ့မြင်ရပါတယ်" ဟု ဒေသခံ ဦးပက်ကာက ပြောသည်။

ရိုဒ်ရေကန်သို့ လေ့လာကြည့်ရှုခြင်းဖြင့် လာရောက်လည်ပတ်သူအများစုမှာ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ရှိ မီဇိုးကျောင်းသားများဖြစ်ကြပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့လည်း လာရောက်လေ့လာကြကြောင်း၊ လာရောက်လည်ပတ်သူများမှာ အပန်းဖြေနားနေရန် အစုအဖွဲ့လိုက်ဖြင့်သော်လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း၊ ဘာသာရေးအသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လာရောက်လည်ပတ်သူများ ဖြစ်ကြကြောင်း၊ ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလအတွင်း ရိုဒ်ရေကန်ရှိ ရေများသည် နှစ်စဉ် အစဉ်အလာမပျက် ရေနောက်ချိန်ဖြစ်ပြီး ယင်းရေနောက်ချိန်တွင် ရိုဒ်ရေကန်၏ ထူးခြားမှုလက္ခဏာ တစ်ခုဖြစ်ကြောင်း၊ ရေနောက်ချိန်သည် နှစ်အလိုက်ကွာခြားမှုရှိပြီး အများအားဖြင့် တစ်ပတ်၊ နှစ်ပတ်ကြာ ရေနောက်လေ့ရှိကြောင်း ဒေသခံဦးပက်ကာက ဆက်လက်ပြောပြသည်။

ရိုဒ်ရေကန်ကို မန္တလေးမှ ဟားခါး- ဖလမ်း- ရိခေါဒါရိကားလမ်းအတိုင်းသော်လည်းကောင်း၊ မန္တလေးမှ ကလေး-တီးတိန်-ရိခေါဒါရဲ့ ကားလမ်းအတိုင်းသော်လည်းကောင်းသွားလာနိုင်ပြီး ယခုအခါတွင် ချင်းတောင်ပြေးဆွဲသည့် ဂျစ်ကားများသာမက ဇိမ်ခံကားလေးများပါ သွားလာနိုင်သဖြင့် ရိုဒ်ရေကန်အရောက်သွားရန် မခက်ခဲတော့ဘဲ လာရောက်လည်ပတ်သူများသည် ညအိပ်၍ လာရောက်လည်ပတ်သူများရှိသလို နေ့ချင်းပြန်ခရီးဖြင့်လည်း လာရောက်ကြရာ ရိုဒ်ရေကန်အနီးအနားရှိ တည်းခိုခန်းများ၌ ညအိပ်ဧည့်သည်များ ပြည့်နှက်နေချိန်တွင် ရိခေါဒါရဲမြို့တွင်းရှိ လူနေအိမ်များ၌ပါ တည်းခိုကြကာ ရိုဒ်ရေကန်အနီးအနားတစ်ဝိုက်တွင် လူစည်ကားလျက်ရှိကြောင်း သိရသည်။

ဇိုဟောဇာ

သတင်းသမားများ ဘေးကင်းလုံခြုံရေး

ဦးဟန်ညွှန့်(ဥပဒေ)

အသတ်ခံရသည်

"သတင်းထောက်တွေ အသတ်ခံရတယ်။ အရိုက်ခံရတယ်။ အနှိပ်စက်ခံရတယ်။ ဆရာဘယ်လိုမြင်ပါသလဲ။ ရှင်းပြပါ"ဟု R.F.A သတင်းထောက်တစ်ဦးက မေးသည်။ မေးသည့်နေရာမှာ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်ဖြစ်သည်။ သူ့အမေးကို အချိန်မရ၍ ပြည့်စုံကျေနပ်အောင် မဖြေခဲ့ရ။

တောင်ကြီးမှာ

တောင်ကြီးမှာ အလုပ်ရုံဆွေးနွေးပွဲ တစ်ပွဲရှိသည်။ ပြီးခဲ့သည့် အပတ်ကပါ။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် DIPD တို့ ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။ DIPD ဆိုသည်မှာ Danish Institute for Parties and Democracy ဖြစ်သည်။

ကောင်စီဝင်များ

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ တက်ရောက်ခဲ့ကြသည်။ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်း၊ အတွင်းရေးမှူး ဦးသီဟစော၊ ကောင်စီဝင်များဖြစ်ကြသော ဟံသာဝတီ ဦးအုန်းကြိုင်၊ ဦးမြင့်ကျော်နှင့် ကျွန်တော် တို့ ၈ါးဦးဖြစ်သည်။ ဆွေးနွေးပွဲက မြိုင်မြိုင်ဆိုင်ဆိုင်ပါ။

ခေါင်းစဉ်

အလုပ်ရုံဆွေးနွေးပွဲ ခေါင်းစဉ်မှာ "ပဋ္ဌိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ရေးသားဖော်ပြခြင်းနှင့် လူထုအသံမြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ" ဟူ၍ ဖြစ်သည်။ ဒီဇင်ဘာ ၁၅၊ ၁၆ နှစ်ရက်ကြာသည်။ နယ်မြေခံ ပါတီခေါင်းဆောင်များ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ကြသည်။ အဓိကဦးတည်ချက်မှာ ပါတီများနှင့် သတင်းမီဒီယာများ ထိတွေ့စေခြင်း၊ အပြန်အလှန် ပူးပေါင်းပါဝင်စေခြင်းပင်ဖြစ်သည်။

တက်ရောက်သူများ

ပါတီဝင်များ၊ ပါတီကိုယ်စားလှယ်များမှာ ဓနုအမျိုးသားများအဖွဲ့ချုပ်၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ၊ ပအမဖ၊ ပအိုင်းအမျိုးသားအဖွဲ့ချုပ်၊ WNUP၊ NLD၊ SNLD၊ LNDP၊ FUP၊ KNP၊ INDP၊ NUP၊ USDP၊ PNO၊ TNP တို့မှဖြစ်သည်။

သတင်းမီဒီယာကိုယ်စားလှယ်များမှာ ကမ္ဘောဇ တိုင်းဂျာနယ်၊ ရိုးမအသံဂျာနယ်၊ မြစ်မခ၊ RFA၊ Voice၊ SSSMN၊ Democracy Today၊ MSASU၊ ကမ္ဘောဇ တိုင်း၊ SKY Net၊ သျှမ်းသံတော်ဆင့်၊ မြဝတီ၊ IPRD Tgi၊ ပြန်/ဆက်၊ ရွှေမောင်းဂျာနယ်နှင့် အလွတ်သတင်းထောက်များဖြစ်သည်။

ရည်ရွယ်ချက်

ဆွေးနွေးပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ

(၁) သတင်းလွတ်လပ်ခွင့်အရေးကြီးပုံကို နိုင်ငံရေးပါတီများမှ သိရှိနားလည်စေရန်နှင့် ၎င်းအကြောင်းအရာများအား ပြန်လည်စည်းရုံးလှုံ့ဆော်ရန်

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဖြစ်ပွားနေသော ပဋ္ဌိပက္ခများအပေါ် ရေသားတင်ပြရာတွင် စိန်ခေါ်မှုနယ်ပယ်များအား နိုင်ငံရေးပါတီများနှင့် မီဒီယာများမှ ဆွေးနွေးရန်နှင့် ယင်းစိန်ခေါ်မှုများဖြေရှင်းရန်အတွက် နည်းလမ်းများရှာဖွေရန်

(၃) ငြိမ်းချမ်းရေးနှင့် ပဋ္ဌိပက္ခများအပေါ် လူထုအသံကို ပိုမိုကောင်းမွန်စွာ ပုံဖော်ထင်ဟပ်စေရန် နည်းလမ်းများကို ပါတီများနှင့် မီဒီယာများမှ ဆွေးနွေးနိုင်ရန်နှင့် တာဝန်ယူမှုကို မြှင့်တင်နိုင်ရန်တို့ဖြစ်ပါသည်။

ဆွေးနွေးချက်များ

ဦးအောင်လှထွန်းက ပါတီများနှင့် သတင်းမီဒီယာ ဆက်စပ်မှုကို မိတ်ဆက်ပေးသည်။ နိုင်ငံတကာအတွေ့အကြုံများနှင့် ယှဉ်တွဲသုံးသပ်ပြသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပဋ္ဌိပက္ခအခြေအနေရေးသားတင်ပြမှု၊ ဆိုရှယ်မီဒီယာ၊ တိုင်းရင်းသားမီဒီယာ၊ Citizen Journalists များ၏ အခန်းကဏ္ဍစုံလင်စွာ တင်ပြဆွေးနွေးသည်။

ဦးသီဟစောက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပဋ္ဌိပက္ခအခြေအနေဆိုင်ရာ သတင်းရေးသားခြင်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဟံသာဝတီဦးအုန်းကြိုင်က သတင်းလွတ်လပ်ခွင့်နှင့် လက်ရှိအခြေအနေများကို တစ်နာရီကျော်ကြာ ပြည့်ပြည့်စုံစုံ ဆွေးနွေးသည်။ ရှေ့မီနောက်မီ သတင်းစာဆရာကြီး၏ အသက် (၈၈)နှစ် အတွေ့အကြုံများမှာ မှတ်သားဖွယ်ဖြစ်သည်။

ဦးမြင့်ကျော်နှင့်အဖွဲ့ (စာရေးသူအပါအဝင်) တို့က စုပေါင်း ဦးဆောင်ဆွေးနွေးကြသူများဖြစ်သည်။ ပါတီနှင့် မီဒီယာအလှမ်းမဝေးစေလို။ နီးနီးကပ်ကပ်ဖြစ်စေလိုသည်။ အပြန်အလှန်အကျိုးပြုစေချင်သည်။ အထင်အမြင်မမှားစေချင်။ ပြည်သူ့အကျိုးရွက်သယ်ပိုးဖို့မှာ အဓိက ဦးတည်ချက်ပါ။ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများ၊ သတင်း မီဒီယာကျင့်ဝတ်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်းတို့ကို စာရေးသူ၏ တာဝန်အဖြစ် ကျေပွန်အောင် ရှင်းလင်းဆွေးနွေးခဲ့သည်။ အချိန်မလောက်သည့်ကြားမှ တန်ဖိုးများအောင် Power Point ဖြင့် ထောက်ပြတင်ပြခဲ့သည်။ မေးခွန်းများ ဖြေကြားခဲ့သည်။

ပွင့်လင်းမြင်သာ

ပါတီခေါင်းဆောင်များလည်းဖြစ်၊ သတင်းမီဒီယာသမားများလည်းဖြစ်၍ အချင်းချင်းပြောရ၊ ဆိုရ၊ ဆွေးနွေးကြရသည်မှာ ပွင့်လင်းသည်။ မြင်သာသည်။ အဖြေရှာသည်။ ရန်သူမဖြစ်။ မိတ်ဆွေဖြစ်သည်။ ရှေ့ဆက်ရမည့်ခရီး ဖြောင့်ဖြူးမည်။ ခလုတ်ကသင်း ရှိခဲ့ငြား၊ ဖြတ်သွား၊ ကျော်လွှား၊ကြရမည်။ ငြိမ်းချမ်းရေးကို ဦးတည်သည်။ အများပြည်သူအကျိုးစီးပွားကို အဓိကထားသည်။ ဥပမာကြည့်ပါ။

အများပြည်သူအကျိုးစီးပွား

သတင်းမီဒီယာကျင့်ဝတ်တွင် အဓိကထားသော ၇၅၀ ကျော်သည် တာဝန်ထမ်းဆောင်နေစဉ် သို့မဟုတ် သတင်းရယူသောအလုပ်နှင့်ဆက်စပ်၍ အသတ်ခံခဲ့ကြရသည်။ ၎င်းတို့သည် သတင်းထောက်များ ဖြစ်ပြီး ၎င်းတို့၏သတင်းများနှင့် စုံစမ်းထောက်လှမ်းမှုများသည် ဘက်တစ်ဖက် သို့မဟုတ် တခြားတစ်ဖက်၏ ဝါဒဖြန့်မှုကို အနှောင့်အယှက်ပေးရာရောက်နေသည့်အတွက် ၎င်းတို့အား ပစ်မှတ်ထားကြသည်။ ဤကဲ့သို့ နှိပ်စက်ညှင်းပန်းခံရမှုများကို ဆီးရီးယားနိုင်ငံမှ အဖြစ်အပျက်များက ဝမ်းနည်းစရာဖြစ်ရပ်တစ်ခုအဖြစ် ပြနေပေသည်။ ဆီးရီးယားသည် ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် သတင်းထောက် အသေအပျောက်အများဆုံးနိုင်ငံ သုံးခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး သတင်းထောက်များသည် ပြန်ပေးဆွဲခံရခြင်း၊ ဓားစာခံအဖြစ် ဖမ်းဆီးခံရခြင်း သို့မဟုတ် ခေါင်းဖြတ်သတ်ခံရခြင်းများကဲ့သို့သော ကြီးမားလာသည့် အန္တရာယ်များကြောင့် အယ်ဒီတာများက ၎င်းတို့၏ဝန်ထမ်းများကို ထိုဒေသများသို့ တာဝန်ချထားဖို့ ဝန်လေးလာကြသည်ဟု ဖော်ပြသည်။

[UNESCO မှ ထုတ်ဝေသော သတင်းစာဆရာများ အချက်မှာ အများပြည်သူအကျိုးစီးပွားပင်ဖြစ်သည်။

"သတင်းမီဒီယာများသည် မည်သို့သောအခြေအနေမျိုးတွင်မဆို ၎င်းတို့၏လုပ်ဆောင်ချက်များ မှန်ကန်မျှတကြောင်းကို အများပြည်သူအကျိုးစီးပွားအား အခြေခံကြောင်းနှင့် တရားဝင်ဖြစ်ကြောင်း ဖော်ထုတ်ပြသနိုင်ရမည်"ဟု ဖော်ပြထားသည်။

[သတင်းမီဒီယာကျင့်ဝတ်၊ အပိုဒ် ၂၈(၂)]

ကြီးမားလာသော အန္တရာယ်များ

"အကြမ်းဖက်အုပ်စုများ၊ မာဖီးယားဂိုဏ်းများ သို့မဟုတ် ပြင်းထန်သော အစွန်းရောက်သမားများအား စုံစမ်းထောက်လှမ်းခြင်းနှင့် သို့မဟုတ် လျှို့ဝှက်အလုပ်လုပ်ခြင်းများကဲ့သို့ အန္တရာယ်အလွန်ကြီးသည့် လှုပ်ရှားမှုများပါဝင်ကြောင်း" သတင်းစာဆရာများအတွက် ကြီးမားသော အန္တရာယ်များ၊ အခန်း(၁)တွင် ဖော်ပြထားသည်။

သတင်းစာဆရာများအား ပစ်မှတ်ထားခြင်း

၂၀၀၅ ခုနှစ် နောက်ပိုင်းမှစ၍ သတင်းထောက်ပေါင်း

အတွက် ဘေးကင်းလုံခြုံရေးလမ်းညွှန်စာအုပ် (၂၀၁၆) စာ ၁၄]

အချိန်အတိုင်းအတာ

အချိန်အတိုင်းအတာကြောင့် သတင်းစာဆရာများအတွက် ဘေးကင်းလုံခြုံရေးအကြောင်းတွေ ပြည့်ပြည့်စုံစုံ မပြောခဲ့ရပါ။ သမိုင်းတွေ၊ ဥပဒေအကိုးအကားတွေ ပြောချင်သေးသော်လည်း အလျှင်းသင့်မှ တင်ပြပါရစေဟု ခွင့်ပန်ခဲ့ရသည်။ ဆွေးနွေးပွဲအပြီး မတွေ့မဖြစ် သတင်းစာ ဆရာကြီးတစ်ဦးနှင့် တောင်ကြီးမြို့ထဲမှာ သွားတွေ့ခဲ့သေးသည်။ ဆရာကြီး ဦးစံအောင်ပါ။

သတင်းစာဆရာကြီး ဦးစံအောင်(တောင်ကြီး)

သတင်းစာဆရာကြီးဦးစံအောင် အိမ်သို့ ရောက်တော့ည ၇ နာရီကျော်နေပြီ။ အဘ ဟံသာဝတီဦးအုန်းကြိုင် ခေါ်၍ ကျွန်တော်လိုက်ပါခွင့်ရခဲ့သည်။ အိပ်ယာထဲတွင်လဲနေသော၊ ကျန်းကျန်းမာမာရှိဆဲ၊ အသက် (၉၃) နှစ်အရွယ် အဘဦးစံအောင်ကို ကျွန်တော်တို့ တွေ့ရသည်။ "မသေသေးဘူးနော်၊ ဝမ်းသာတယ်"ဟု အစချီ၍ ဟံသာဝတီဦးအုန်းကြိုင်အား အဘဦးစံအောင်က ဦးစွာ နှုတ်ဆက်သည်။ ရှမ်းပြည်နယ် ပြည်သူ့ရဲဘော် အဖွဲ့ဝင်လည်းဖြစ်တဲ့သူ၊ မြန်မာ့အလင်းသတင်းထောက်လည်းဖြစ်ခဲ့သူ၊ ပင်လုံစာချုပ်ချုပ်ခဲ့စဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် ရင်းနှီးခင်မင်ခဲ့ဖူးသော ပါလီမန်အမတ်တစ်ဦးဖြစ်ခဲ့သူ အဘဦးစံအောင်ကို တွေ့ဆုံခွင့် ရသည်မှာ ယနေ့လူငယ်သတင်းထောက်မျိုးဆက်သစ်များအတွက် မဟာဆုလာဘ်ပင်ဖြစ်သည်။ အဘဦးအုန်းကြိုင်နှင့်အတူ ပါလာကြသော ကျွန်တော်တို့ သတင်းသမားများကို အမှတ်တရ ဩဝါဒပေးပါဟု ကျွန်တော်က မေတ္တာရပ်ခံသည်။ ထိုအခါ အဘဦးစံအောင်က "မင်းတို့ သတင်းထောက်တွေ မဟုတ်လား။ Safety First တွေ မှတ်ထား" ဟု အားယူပြီး အော်ပြောလိုက်သည်။

သတင်းများ

ယခုတစ်လော သတင်းစာများတွင် မုံရွာမြို့မှ သတင်းထောက်ကိုစိုးမိုးထွန်းအသတ်ခံရသည့် သတင်းက ထိပ်တန်းသတင်းဖြစ်နေသည်။ ဒေသခံဝန်ကြီးချုပ်ကိုယ်တိုင်အမှုမှန်ပေါ်ရေး တွန်းအားပေးနေသည့်သတင်းကို လည်းဖတ်ရသည်။ မြန်မာနိုင်ငံ သတင်းစာဆရာများ အသင်းအပါအဝင် အဖွဲ့အစည်းများကလည်း ကြေညာချက်များထုတ်ပြီး ဝမ်းနည်းကြေကွဲမှုပြသသည်။ သတင်းထောက်များ၏ဘဝလုံခြုံရေး စိုးရိမ်ကြသည်။ ဘယ်လိုကူညီနိုင်မည်လဲ။

သတင်းစာဆရာအသင်းစည်းမျဉ်း

မြန်မာနိုင်ငံသတင်းစာဆရာအသင်းဖွဲ့စည်းပုံ၊ အခြေခံစည်းမျဉ်းအခန်း ၂ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ် အပိုဒ် ၅(ခ) တွင် "သတင်းမီဒီယာသမားများ၏လွတ်လပ်စွာလုပ်ငန်းဆောင်ရွက်ပိုင်ခွင့်ကို အကာအကွယ်ပေးရေး"ဟူသော အချက်တစ်ချက်ပါရှိသည်။

သတင်းမီဒီယာဥပဒေ

သတင်းမီဒီယာဥပဒေပုဒ်မ ၃(၈) တွင်လည်း" သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရှိစေရန်" ဥပဒေ၏ရည်ရွယ်ချက် အချက်တစ်ချက်ဖြစ်သည်။ ဥပဒေအခန်း ၃ တွင်လည်း "သတင်းမီဒီယာသမားများ၏ရပိုင်ခွင့်များ" ဖော်ပြပြဋ္ဌာန်းထားပြီးဖြစ်သည်။

ကျွန်တော့အဖြေ

"တိုင်းကျိုးပြည်ပြု အမှန်တရားဘက်တော်သားတွေဖြစ်တဲ့ သတင်းထောက်တွေအတွက် ဖြစ်စဉ်တွေအပေါ်မှာ တည်ဆဲတရားဥပဒေများနှင့်အညီ ကူညီစောင့်ရှောက်သွားကြရမှာပါ။ သတင်းစာဆရာတွေအတွက် ဘေးကင်းလုံခြုံရေးဟာ ဒီမိုကရေစီနိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်တာမို့ ဝိုင်းဝန်းကူညီသွားကြပါစို့"ဟု လိုတိုရှင်းဖြေကြားလိုက်ရပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူခံမွမ်းသာင် ဖိတ်ကြားလွှာ



ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)

အဂ္ဂမဟာပဏ္ဍိတ၊
အပြည်ပြည်ဆိုင်ရာထေရဝါဒ
ဗုဒ္ဓသာသနာပြုတက္ကသိုလ်။

နေရာ - **ပြည်သူ့ရင်ပြင်**

အချိန် - **ည ၇း၃၀နာရီ**

တရားပွဲဖြစ်မြောက်ရေးကော်မတီ

ဘဝနတ်ထံပ့ံလွှန်တော်မူပြီးသော ပညာဝတီဆရာတော်ကြီး၏ (၁၄) နှစ်မြောက် ကုသိုလ်ပြုပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပညာဝတီရိပ်သာကျောင်းတိုက်ကြီးကို စတင်တည်ထောင်ခဲ့သော ကျေးဇူးရှင် **မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိ ဆရာတော်ကြီး၏ ဘဝနတ်ထံ ပ့ံလွှန်တော်မူ**သည့်(၁၄)နှစ်မြောက်အထိမ်းအမှတ် နှင့် ကျေးဇူးရှင်များဖြစ်သော ကမ္မဋ္ဌာန်းစရိယ ဆရာတော် ဦးဥာဏ၊ ဦးသုမနတို့အား ရည်စူးပြီး ဘုရားအမျှူးရှိသော သံဃာတော်(၃၈)ပါးတို့အား အရက်ဆွမ်း၊ နေ့ဆွမ်း၊ သက်နံ့းစသော လှူဒယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်ကျွေးမွေးလှူဒါန်းပြီး ကျေးဇူးဆပ်လိုပါသောကြောင့် **၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက်၊ ၈-၁-၂၀၁၇ (တနင်္ဂနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ** ပညာဝတီရိပ်သာကျောင်းတိုက်၊ အမှတ်(၅) ရပ်ကွက်၊ အနောက်ရန်ကင်း၊ ဆီဒိုးနားဟိုတယ်အနီး၊ ပညာဝတီလမ်း၊ ရန်ကင်းမြို့နယ်သို့ ကြည်ညိုသဒ္ဓါ အတူပွားရ၍ ကျေးဇူးဆပ်ရန်အတွက် ကြွရောက်ကြည်ညိုပါရန် ဖိတ်ကြားအပ်ပါသည်။

The Republic of the Union of Myanmar
Yangon Region Government
Yangon City Development Committee
Invitation for Bids

Date 3rd January 2017

Name of Project: Installation, Maintenance and Operation of Street Furniture Items in the City of Yangon

1. YCDC invites bids from the interested bidders for the Installation, Maintenance and Operation of Street Furniture Items and the grant of an exclusive right to advertise on the street furniture items in the City of Yangon.
2. The interested bidders may obtain further information about this invitation for bids from the following office during office hours:
   Engineering Department (Road and Bridge), Yangon City Development Committee, City Hall, Yangon.
   Telephone no.09-431 93314
3. A complete set of bidding documents may be purchased upon submission of a written application to the above address and upon payment of a non-refundable fee of Kyat 50000(fifty thousand kyats only) to YCDC.
4. Bids documents shall be delivered in person to the above office on or before 15 hrs. on 17th February 2017. Electronic bidding will not be permitted. Any bid submitted after the designated date and time will be rejected.
5. All Bids must be accompanied by bid security (tender guarantee) in the amount of Kyat 300,000,000 or USD 250000 issued by local bank as described in the bidding documents.
6. Bids will be opened in a session to be held at the office of Yangon City Development Committee in the presence of representatives of the bidders on the date and time as may be notified to the bidders.

Yangon City Development Committee

မွေးနေ့ဆုတောင်း

၄-၁-၂၀၁၇ ရက်တွင်ကျရောက်သည့် သားသား **"သုခမြည့်စုံ"**၏ (၉)နှစ်မြောက် မွေးနေ့ရက်မြတ်မဂ်လာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် လောကဓာတ်၊ အလင်း၊ လောကဓာတ်၊ ဆားသဖွယ်၊ ထွန်းလင်းတောက်ပသော ကြယ်ကဲ့သို့ အေးချမ်းသာယာသော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ဘွားဘွား - ဒေါ်အုန်းမြင့် (ကျောက်ပန်းတောင်းမြို့)
ပါးပါး - ဦးချစ်ကိုကို (ဌာနမှူး) အင်ဂျင်နီယာဌာန၊ ဒဝုံတက္ကသိုလ်
မိုးမိုး - ဒေါ်နော်ခင်ထွေးရီ(ခ) နော်ထွေး(သန်လျင် TU- ဇြမ်း)
နှစ်ဖက် - ဦးဦး၊ ဒေါ်ဒေါ်၊ ညီအစ်ကိုမောင်နှမများ

သန်လျင်မြို့နယ်၊ သံယာ့နာယကအဖွဲ့ရုံး (သံယာ့ဗိမာန်) ရေစက်ချမင်္ဂလာအခမ်းအနားဖိတ်ကြားလွှာ

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၊ သံယာ့နာယကအဖွဲ့ရုံး (သံယာ့ဗိမာန်) အဆောက်အအုံကို ရဟန်းရှင်လူအများ၏ ကောင်းမှုဖြင့် ခံ့ညားထည်ဝါစွာ တည်ဆောက်ပြီးစီးပြီဖြစ်ပါ၍ ရေစက်ချ ပူဇာမင်္ဂလာအခမ်းအနားသို့ အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက်၊ ၈-၁-၂၀၁၇ (တနင်္ဂနေ့)
အချိန် ။ ။ မွန်းလွဲ ၂ နာရီ
နေရာ ။ ။ မြို့နယ် သံယာ့နာယကရုံး (သံယာ့ဗိမာန်)၊ ကျိုက်ဗောဓိဘုရားလမ်း၊ အမှူထမ်းရပ်ကွက်၊ သန်လျင်မြို့။

သံယာ့ဗိမာန်တည်ဆောက်ရေးအဖွဲ့

FORWARD (YGN)
Travel & Tour Co.,Ltd
ချောင်းသာ နေ့စဉ်
09 259259180
09 259259181
09 259259182

ဖုန်း Sim Card ဝယ်သည်
73, 47, 49, 50, 86
ရဲမင်းထွန်း
Ph: 09-5014706

ရွှေဒိုးကြီး
ကားငှား၊ ဟိုတယ်၊ ဗီဇာ
Hotel တည်း S/P (Visa) ဆိုင်ထမင်းကျွေး
ကားလုံးပြင်း(75000) Jan-6,13,2027
09421073634, 777636630

HEALTHY LIFE
ကျန်းမာလုပလုပ်မှုဘဝဂျာနယ်
ဆောက်ကြေးနေ့ထုတ် အမှတ်(၆၄) ထွက်ပြီ
☎ ၀၉ ၅၁၃၀၉၆၆၊ ၀၉ ၇၈ ၅၁၈၅၆၇၆၊ ၀၉ ၂၂၂၀၇၉၄
♦ဗိဘမဲ့ကလေးတွေကို စောင့်ရှောက်ဖို့ သေအဲ့မှုမှAIDSကို ကျော်လွှားနိုင်ခဲ့သူ ကိုသက်နိုင်ဦး♦ကင်ဆာကြောင့် အားပယ်ရန်မလိုပါ ♦သုက်ပိုးများစေနည်း-ဒေါက်တာတင့်ဆွေ♦ဘလေအတွင်း ကလေးလေးဦး မွေးသည့်မိခင် ♦ပေါင်ဘဝဝိတ်ချိန်ပြင်ခဲ့သူ♦သလဲသီးအစွမ်း ♦အအေးမြင်ခြင်းနှင့်ကျန်းမာရေး-ပါမောက္ခဒေါ်သန်းသန်းအေး♦ကိုယ်ဝန်ရှိချိန် အဆီပိုတက်ခြင်းကင်းစေရန်♦ဘယ်လောက်အိပ်သင့်သလဲ ♦ကလေးတီဘီရောဂါ-ပါမောက္ခဦးစောဝင်း♦ဂ၅နှစ်အရွယ်မာရသွန်စံချိန်ချိန်ခဲ့♦အိမ်ထောင်သက်ပါပန်ရှိဇနီးကို နောက်ဆုံးတွေ့ပြီးဆုံးပါး ♦မကြာခဏ ဝမ်းချုပ်နေလျှင်-ပါမောက္ခဦးအေးမွန်♦အအေးမိ တုပ်ကွေးကြောင့် နာမကျန်းဖြစ်လျှင် ♦ချစ်ခြင်းမေတ္တာ တိုးစေမည့်အစာ ♦ဆီးချိုရှိသူတို့အစားအသောက် ရွေးချယ်ခြင်း♦ကိုယ်အလေးချိန်ကျစေမည့် အစာ ♦ငါးပိမနစ်ပေးရမြင့် စိတ်ဖိစီးမှုပြေလျော့စေမည့်နည်း ♦အစွဲအလန်းလွန်ကဲထပ်တလဲလဲပြုမူခြင်း-ဒေါက်တာအုန်းကျော် ♦ဝိုက်ချပ်စေမည့်တစ်မိနစ်ကျင့်စဉ်♦အကျိုးပြုဘက်တီးရီးယား အစွမ်း ♦ဆီးချိုရောဂါနှင့် HbA1c-ပါမောက္ခဦးကိုကို♦သီချင်းဆိုပြသူကင်ဆာဝေနာရင်ရေ ဝိုဒုံသည့် ဖိုင်လေးဆိုင်းရပ်စ်♦အုန်းဆီ၏အသုံးဝင်ပုံ ♦တင်ပိုးလွင်၏ကျန်းမာလုပလုပ်မှုဘဝ♦အသားအရေအတွက် နိန်ချဉ့်♦မေးစေ့နစ်ထပ်ဖြစ်လျှင်ပြုပြင်နည်း၊ စသည့် ဆောင်းပါးကောင်းများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ မြေကွက်အမှတ်(၆၉၂)၊ အကျယ်အဝန်း (၆၀'×၇၈')ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ပြုးပြုးမြင့် (၁၂/ရကန(နိုင်)၀၅၀၆၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L
တရားလွှဲတော်တော်ရှေ့နေ (စဉ်-၉၉၇၆)
စာရင်းစာတမ်းနှင့် အိမ်ခြံစီမံ ဥပဒေအကြံပေး
အမှတ်(၁၀၉၁)၊ပြာဘိုလမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉ ၄၂၀ဝ၇၁၂၊ ၀၉၇၉၉၄၄၇၅၉

ဓမ္ဓာလာပါ
အိမ်ပြောင်း၊အိမ်ရှေ့လုပ်ငန်း ပြုပြင်ရေး/နေထိုင်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားမျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ယွေးသည်အသက်

KEMBANGAN - GROUP OF MEDICAL CENTRES
နိုင် ဝ် တ ကာ အ ဆင့် မီ အ ရေ ပြား အ လှ အ ပ နှင့် ကျန်း မာ ရေး ဆိုင် ရာ ဝန် ဆောင် မှု များ
50% DISCOUNT
ACNE SCAR LASER TREATMENT
ACNE / ACNE SCAR
FREE CONSULTATION
ဝက်ခြံနှင့် ဝက်ခြံ အမာရွတ် ကုသရန်
အခမဲ့ တိုင်ပင်ဆွေးနွေးခြင်း
7th January 2017 (တစ်ရက်ထဲသာ)
New Year New Look Go Confident
Hotline : 09 772458611 , 09 795899634
Kembangan Group of Medical Centres
Hotline :09 778527793 , 09 778527794
Kembangan Thuwunna
အမှတ် - ၄၃၉/၄၄၁၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
အမှတ် - ၃/၃၊ ၂၃ ရပ်ကွက်၊ သံသုမာလမ်းမကြီး၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ကား မျိုးစုံ
Alphard, Hiace ၉/၁၃ယောက်စီး၊ အန်စာတုံး၊ ၂၄/၃၃/၃၇/၄၅/၄၉ယောက်စီးများကိုခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင်ချိသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249,095418126

GREAT Car Rental
Mark II, Crown, Alphard, အန်စာတုံး(၁၀/၁၅ ယောက်စီး) ကားများ ငှားရမ်းနိုင်ပါသည်။
ဖုန်း-၀၉ ၄၂၀ဝ၆၉၇၁၇၊ ၀၉- ၇၇၆ဝ၈ဝ၅၂၂၆

SUMMIT ကျောက်မျက်သင်တန်း
➢ စာတွေ့နှင့်လက်တွေ့ တစ်ပြိုင်တည်းသင်ကြားပေးသည်
➢ ကျောက်မျက်ရတနာအတု၊ အစစ်ခွဲနည်းနှင့် တန်ဖိုးဖြတ်ခြင်း ကိုအဓိကသင်ကြားပေးသည်။
➢ စိန်နှင့်လက်ဝတ်ရတနာများ စစ်ဆေးတန်ဖိုးဖြတ်ပေးသည်။
အမှတ်(၂၃)၊ မျက်နှာစာတန်း(အပေါ်ထပ်)၊ ဒိုလ်ချေပ်ဈေး၊ ရန်ကုန်။
☎ 01-253508 09-5411596

NAY GABAR MYANMAR
Construction Co., Ltd

အင်းယားကန် ၊ပြည်လမ်းမတို့နှင့် ကိုက်(၁၀၀)ခန့်သာ ဝေးသော ဓမ္မာရုံလမ်းမပေါ်ရှိ ဘိုးဘွားပိုင်မြေတွင်တည်ရှိပြီး အင်းယားကန်ရေပြင်မှ
သန့်ရှင်းလတ်ဆတ်သောလေကို ရှူရှိုက်နိုင်သော ပတ်ဝန်းကျင်သဘာဝအလှအပများကို ခံစားနိုင်မည်. . .



Show Room : Tower (A),Unit-1B,Royal Sin Min Condo,Corner Of Strand Rd & Ahlone St,Ahlone Twp,Yangon.

Ph : 09-5022717, 01-218023, 09-421037409, 09-250076710. Email : ngbm.con@gmail.com Website: www.naygabarmyanmar.com

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

HAPPY NEW YEAR 2017

မင်္ဂလာရှိသော နှစ်သစ်ကူးအချိန်ကာလမှစ၍ လူအပေါင်းတို့အားလုံး စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနှင့် ပြီးပြည့်စုံကာ၊ ပျော်ရွှင်ချမ်းမြေ့အေးချမ်းကြပါစေကြောင်း

DIAMOND LAND စိန်အရောင်းပြခန်း မိသားစုမှ

နှစ်သစ်ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဒေါက်တာခင်မောင်ဝင်း+ဒေါက်တာဝေဝေ

DIAMOND LAND စိန်အရောင်းပြခန်း၊ ဗိုလ်ချုပ်စျေး

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃	သွင် ၀၁-၃၇၂၅၉ ၀၉၇၃ ၂၃၅၆၀	မင်္ဂလာ(၁) သင်ခန်းကြီးရေ ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈	မင်္ဂလာစံပြ ၀၉၂၆၀၈၈၃၀ ၀၉၂၆၀၈၈၃၆ ၀၁ ၂၃၀၃၀၆၅
Top Royal (စိန်ဂေဟာ-ပန်းရိုး) ၀၉၄၂၀၁၆ ၂၉၁ ၀၉၄၂၀၁၆ ၂၉၂	မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂ ၂၈ ၀၂-၆၀ ၂၉၁	မန္တလေး မြိုမ ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇	(မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၆၀၉၁၁၂၁၁ ၀၉၉၆၀၉၁၁၃၁၁
မင်္ဂလာတွန်းသီရိ (မြန်း) ၀၉၇၉၁၁၀၃၇၇ ၀၉၇၉၁၁၀၃၇၂	မင်္ဂလာ ဂမုန်းပွင့် ဝုတ္တမတန်း - ဓနိုင်ဖြစ် ၀၉ ၇၇၉၀၅၄၆၇ ၀၉ ၇၇၉၀၅၄၆၂ ၀၉ ၇၇၉၀၅၄၆၃	မင်္ဂလာ ICON Mall - ပဲခူး ၀၉၄၅၅၆၀၀၀၁၅ ၀၉၄၅၅၆၀၀၀၁၆	NEW 3D Cinema တောင်ငူ ၀၉၀၆ခ်ခ်ခ်ခ်ခ် ၀၉၇၇ခ်ခ်ခ်ခ်ခ်-၂

တက်နေဝန်း

အိမ်ခြံငှား/အိမ်ခန်းလုပ်ငန်း (10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။

09-442076599
09-400448695
09-33100721

GLOBAL PHOENIX
အိမ်ခြံမြေ အကျိုးဆောင်

အဆင့်မြင့် လုံးချင်းအိမ်များ၊ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။

09-260 2600 29 / 59

ဒဏ္ဍာမြို့သစ်

အလျှိုင်း
သိပ်ကမ်းမြို့နယ်
ကောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။

09-6809893
09-5120620

၇၁/၆၄၉၆ (Toyota Mark II) မော်တော်ယာဉ်နှင့်ပတ်သက်ပြီး အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ အမှတ် (D/10/A)နေ ဒေါ်သန်းသန်းအေး (ALE-008316)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာ အပ်ပါသည်။

မော်တော်ယာဉ်အမှတ်-၇၁/၆၄၉၆၊ ယာဉ်အမျိုးအစား(Toyota Mark-II) သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းသန်းအေး၏ ညီမအရင်းဖြစ်သူ ဒေါ်ဝင်းဝင်းမော်[၁၂/အလန (နိုင်)၀၁၅۶۶۲] အမည်ပေါက်ဝယ်ယူပိုင်ဆိုင်ခဲ့သော မော်တော်ယာဉ်ဖြစ်ပါသည်။ အထက်ပါ ၇၁/၆၄၉၆ (Toyota Mark II) မော်တော်ယာဉ်အား ဒေါ်သန်းသန်းအေးနှင့် ဒေါ်ဝင်းဝင်းမော်တို့၏ သဘောတူခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံပေးကမ်းခြင်း၊ စွန့်လွှတ်လျှောဒါန်းခြင်း၊ အာမခံထားရှိခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို(လုံး၀)မပြုလုပ်ရန် တားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထင်အောင် (စဉ်-၃၀၇၈)
ဒေါ်သန်းသန်းစိန် (စဉ်-၇၈၀၀)

ဒေါ်ဟေမာန်ဦး (စဉ်-၃၅၆၅၆)
အထက်တန်းရှေ့နေ

ဒေါ်ထူးထူးရင်(စဉ်-၈၀၂၄)
တရားလွှတ်တော်ရှေ့နေများ

ရုံး- အမှတ်(၈၃)၊ အခန်း-၁၁(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၆၄၀၆၊ ၀၉-၇၃၁၅၁၈၁၇

ငွေနှင့်မြေကို အလွဲသုံးစားပြုလုပ်သူ အမရပူရမြို့နယ်၊ မြစ်လောင်းကျေးရွာနေ ဦးချစ်ခိုင်၊ အလွဲသုံးစားပြုလုပ်သူကို အားပေးကူညီခဲ့သည့်အနေနှင့် ဝယ်ယူခဲ့သူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁×၈၂လမ်းကြား၊ ၂၉လမ်းနေ ဦးကျော်ကျော်နှင့် အများသိစေရန်ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၈၈-ခ၊ ပြောင်းတွင်းကံ)၊ ဦးပိုင်အမှတ်(၁-ယ/၁၆)၊ ဧရိယာ(၁. ၁၀)ဧကနှင့် ဦးပိုင်အမှတ်(၁-ယ/၁၆-ခ)၊ ဧရိယာ(၀. ၃၂)ဧက၊ စုစုပေါင်း(၁. ၄၂) ဧက အကျယ်အဝန်းရှိ လယ်မြေကွက်ကို မူလပိုင်ရှင် ဦးအုန်းမောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၁၈-၁၁-၂၀၀၉ရက်တွင် အရပ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပြီး၊ ခြံစည်းရိုးခတ်ခြင်း၊ နေအိမ်ဆောက်ခြင်း၊ ရေတွင်းတူးခြင်း၊ စားသုံးသီးနှံပင်များစိုက်ပျိုးခြင်းတို့ပြုလုပ်ကာ ယနေ့တိုင်လက်ရောက်ရယူ နေထိုင်ခဲ့ပါသည်။ ဦးပိုင်အမှတ်(၁-ယ/၁၆-ခ)မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးလွှေခိုင်ဝမ်အမည်ဖြင့် မြေစာရင်းပုံစံ(၁၀၅)အမည်ပေါက်ခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေက မူလပိုင်ရှင် ဦးအုန်းမောင်ထံမှ မြေဝယ်ယူရာတွင် ဦးချစ်ခိုင်သည် မြေပွဲစားအဖြစ်ဆောင်ရွက်ပေးခဲ့ပြီး အရောင်းအဝယ်ကတိစာချုပ်တွင် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးခဲ့သူဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူခဲ့သည့် မြေကွက်များအနက်မှ ဦးပိုင်အမှတ်(၁-ယ/၁၆-ခ)၊ ဧရိယာ(၀. ၃၂)ဧကမှလွဲ၍ ကျန်ရှိမြေအစိတ်အပိုင်းကို ကျွန်ုပ်၏မိတ်ဆွေအမည်ဖြင့် အခြားနည်းသုံးစွဲခွင့် လျှောက်ထားပေးမည်ဟုဆိုကာ ဦးချစ်ခိုင်က ငွေကျပ်သိန်း(၃၀၀)ကျော်ကို လက်ခံရယူသွားခဲ့ကြောင်း အထောက်အထားများရှိပါသည်။

ဦးချစ်ခိုင်အနေနှင့် ငွေကျပ်သိန်း(၃၀၀)ကျော်ကို လက်ခံရယူသွားသော်လည်း ကျွန်ုပ်၏မိတ်ဆွေအမည်ဖြင့် အခြားနည်းသုံးစွဲခွင့်ရရှိအောင် ပြုလုပ်မပေးခဲ့ပါ။ အစိုးရအကူးအပြောင်းကာလတွင် ဦးကျော်ကျော်ဆိုသူထံသို့ ရောင်းခဲ့ခြင်းသည် မြေကို လည်းကောင်း၊ ငွေကိုလည်းကောင်း၊ အလွဲသုံးစားပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိကြောင်း ဦးချစ်ခိုင်ကိုယ်တိုင် သိရှိပါလျက် ဦးချစ်ခိုင်မှ ဦးကျော်ကျော်သို့ လက်ညှိုးထိုးရောင်းချခဲ့ခြင်း၊ ဦးကျော်ကျော်လက်ရှိမဟုတ်ဘဲ ၎င်း၏အမည်ဖြင့် နှစ်(၃၀)ဂရန်ဖောက်ပေးခဲ့ခြင်းမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥပဒေကို ဆန့်ကျင်ချိုးဖောက်ခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် အလွဲသုံးစားပြုလုပ်သူ ဦးချစ်ခိုင်၊ ၎င်းထံမှ ဝယ်ယူသူဦးကျော်ကျော်နှင့် **တရားဥပဒေမဲ့ဂရန်ရရှိအောင် ဆောင်ရွက်ပေးသူများကို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။**

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စန်းယုခိုင်	**ဒေါ်နွယ်နွယ်စန်း**	**ဒေါ်ဆင့်ဆင့်**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၇၂၈၆)	**(စဉ်-၇၃၁၉)**	**(စဉ်-၇၂၈၇)**

အကွက်အမှတ်(၂၉၈)၊ ဒေးဝန်းအရှေ့ရပ်၊ ၈၉လမ်း၊ ၃၅×၃၆လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၀၁၄၅၅၃၆၊ ၀၉-၂၀၁၂၄၉၇၂၊ ၀၉-၂၀၂၄၀၄၆

သမ်ပင်ခိုက်ပါ ဇွဲကမ္ဘာ သာယာလှပ ခိမ်းမြေမြ

ကြော်ငြာ

ဓါတ်ပုံနှင့်ရောင်းရင်းများ ကျွန်ုပ်ထီးရိုး/ချောင်းသာ (နေ့ခင်း)

- ငေးဘင်ကြီး၊ အင်းလေး၊ ကုံလုံ၊ ပင်းတယ၊ မွေတော်၊ ထမ်းစမ်း (၄)ရက်။ လွှဲပြောင်းကော်–ထီးဆဲခါ၊ရေတံခွန်ပါ .. (၅)ရက်။
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ပုဂံ(ဖွယ်တော်လေးဆူ)၊ ပုတ္တီး ခရီးစဉ် (၆)ရက်၊
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ဝုန်ရှာ [ကျောက်စိမ်းစေတီ] (၄)ရက်။
- မန္တလေး၊ ပြင်ဦးလွင်၊ [ဒီးဒုတ်ရေပြောအိုင်၊ ကျောက်စိမ်းစေတီ] (၃)ရက်။
- အလောင်းတော်ကသပ ခရီးစဉ် (၃)ရက်။
- ပုဂံ၊ ပုတ္တီး [ဖွယ်တော်လေးဆူ]၊ ပခုက္ကူ၊ ဝလေ (၄)ရက်။
- ပုဂံ၊ ပုတ္တီး [ဖွယ်တော်လေးဆူ]၊ ပခုက္ကူ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် (၅)ရက်။
- မြေဝတီ၊ မဲဆောက် ခရီးစဉ် (၃)ရက်။
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုကွမီ၊ စက်ဆဲ (၅)ရက်။
- မော်လမြိုင်၊ ကျိုကွမီ၊ စက်ဆဲ၊ [နွားလေပို့တောင်]၊ ဘားအံ ၇(၅)ရှု ခရီးစဉ်။

ထုံးဘို အကောက်တောင် ပြည်ဘုရားခုံ(ဝနေ) ဇလွန်(တနင်္ဂနွေ)

www.facebook.com/ စိန်ဝင်းနှင့်ရောင်းရင်းများ ဘုရားလှူပို့ဆောင်ရေး သို့ဝင်ရောက်စုံစမ်းနိုင်ပါသည်။

ရှေစက်တော်ဘုရားပွဲတော်သို့ (ကြိုတင်လက်မှတ်ရောင်းခြင်း) 30-1-2017

အမှတ်–၂၇၅၊ပန်းဆိုးတန်းလမ်း(အထက်ဘလောက်) 01-249871,255553,09-5137245,09-5122511

MAIN SPONSOR
MMM
MUDON MAUNG MAUNG

MCHT
မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ
ဖြိုင်ပွဲဝင်များဖိတ်ခေါ်ခြင်း

GOLD SPONSOR
BRANDED
SILVER SPONSOR
TOKYO PIPE

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ [MYANMAR CULTURAL HERITAGE TRUST] MCHT နှင့် စိမ်းလန်းစိုပြည်ဂါးဘင်းတို့ မူးဖေါင်းကာ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲအား ၁၃၇၈ ခုနှစ် တပိုတွဲလဆန်း(၁) ရက် (၂၈–၁–၂၀၁၇) ရက်နေ့တွင် ကျင်းပမြလုပ်သွားမည်ဖြစ်ပါသည်။

မြန်မာတိုင်းရင်းသားများ အားလုံးပါဝင်ဆင်နွှဲနိုင်သော ဆယ်နှစ်လရာသီပွဲတော် တစ်ခုအား ဖော်ထုတ်ခြင်းဖြစ်ပါသည်။

ဝုတည်းခြင်း၊ ညီညွှတ်ခြင်း၊ အတူတကွပျော်ရွှင်ခြင်းနှင့်အတူ မြန်မာ့ရိုးရာ အစားအစာကို စနစ်တကျ စီမံဆောင်ရွက်ခြင်းတို့အား ပြသနိုင်အတွက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြပါရန် ပြိုင်ပွဲဝင်များကို ဖိတ်ခေါ်အပ်ပါသည်။

ပြိုင်ပွဲဝင်အဖွဲ့ (၂၀) သတ်မှတ်ထားပါသည်၊ လူငယ်ကျောင်းသားအဖွဲ့များ၊ အသင်းအဖွဲ့များအား ဦးစားပေးလက်ခံသွားပါမည်။

ပထမဆု (၁၀) သိန်း၊ ဒုတိယဆု (၆) သိန်း၊ တတိယဆု (၃) သိန်းနှင့် နှစ်သိမ့်ဆု များ အတွက် (၁) သိန်းစီ၊

အသေးစိတ် အချက်အလက်များ သိလိုပါက ဖုန်း (၀၁–၅၁၄၄ ၆၃၅ / ၀၉–၅၀၀၀ ၁၁၃) သို့ ဆက်သွယ်နိုင်ပါသည်။
လိပ်စာ– (စိန်းလမ်းစိုပြည် ဂါးဘင်း) ၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပြိုင်ပွဲဝင် လျောက်လွှာများပိတ်ရက် (၁၅–၁–၂၀၁၇) ရက်နေ့၊
စိတ်ပါဝင်စားသူတိုင်း လာရောက်အားပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

CO SPONSOR
YumYum INSTANT NOODLE
VESTIGE
Seine Lann So Pyay
MCHT
MCC GROUP
MYAT EAINDRAY Group of Companies

ဖိတ်ကြားခြင်း

ဒုရဲအုပ်လောင်းအရာရှိ သင်တန်းအမှတ်စဉ်(၁၅)၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်နေ့ ညစာစားပွဲကို ၂–၂–၂၀၁၇ရက်(ကြာသပတေးနေ့) ၁၈း၀၀ မှ ၂း၀၀နာရီထိ M3 Restaurant ၌ပြုလုပ်မည်ဖြစ်ပါ၍ (၁၅)ဆင်း သူငယ်ချင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ဒုရဲအုပ်လောင်းအရာရှိ သင်တန်းအမှတ်စဉ်(၁၅)အသင်း

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-

ဦးခန့်	-၀၉-၅၁၅၅၀၁၃	ဦးသန့်ဇင်	-၀၉-၇၃၂၂၅၀၂၄
ဦးဝင်းနိုင်	-၀၉-၅၁၀၉၄၄၁	ဦးဝင်းသန်း	-၀၉-၅၁၇စ၄၄၁

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်မြေ၊ မြေညီထပ်၊ မဂ်လာလမ်း၊ 09401505559 စမ်းချောင်း

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ဈေးနှုန်းချိုသာစွာဖြင့် ကားနှင့် လုပ်သားအပါ စီစဉ်ပေးပါသည်။
ပြိုတ္တွင်း/နယ်ဝေး
09-440390558
09-784109116

ဆေးတက္ကသိုလ်(၁)လိပ်ခုံး(ရန်ကုန်)

၁၉၆၇-၆စခုနှစ် M.B.B.S,B.V.S.,B.D.Sဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ ပြန်လည်တွေ့ဆုံပွဲ တက်ရောက်ပါရန် နွေးထွေးစွာ ဖိတ်ခေါ်အပ်ပါသည်။

ကျင်းပမည့်ရက် - ၂၁-၁-၂၀၁၇ရက်(စနေနေ့)
ကျင်းပမည့်နေရာ (၁) သိကြားဂူကျောင်းတိုက်၊ မန္တလေးတောင်ခြေ၊ (မန္တလေး Resort Hotel မြောက်ဘက်) နံနက် ၉နာရီ (ဆွမ်းကျွေး/တရားနာ)
(၂) Oriental House ၆၄လမ်း×၂၇လမ်းထောင့် မန္တလေး ညနေ ၅ နာရီ (Dinner)

ဆက်သွယ်ရန် -Dr. သန်းကို ၀၂-၇၂၅၂၉၊ ၀၉-၂၅၉၀၈၆၁၇၊ Dr.အောင်ကျော် ၀၉-၂၅၉၀၀၂၉၉၂၂ Dr.ကံမြင့် ၀၂-၆၄၅၁၂ Dr.ကျော်ရှိန် ၀၉-၂၃၃၁၀၄တို့ထံ ၁၅-၁-၁၇ရက် နောက်ဆုံးထားရ၍ သတင်းပို့ကြပါ။

စန်းမြင့်ဦး (J-8) ရဲ့ထူးကဲလုတဲ့ ပုစွန်ခြောက်ငါးခြောက်

စန်းမြင့်ဦး

ပုစွန်ခြောက်၊ ငါးခြောက်၊ ငါးပုတ်ခြောက် ရောင်းဝယ်ရေး။
ဆိုင်အမှတ်(J-8)၊ မြေညီထပ်၊ ညောင်ပင်လေးစျေး။
ဖုန်း-09-73017644, 09-799630673, 09-454917249

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (စ)ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၁၁၃)မြေညီထပ်(ခြေရင်းခန်း)နှင့်ပတ်သက်၍ ဦးခင်မောင်ဝင်း (၁၂/လမန(နိုင်)၆၅၈၁၁)နှင့် ဒေါ်စုလှိုင်(၁၂/လသန(မြို)၀၀၀၇၇၉)နှင့် အမှားသိစေရန် ကန့်ကွက်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (စ)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း(ရေကျော်)၊ အမှတ်(၁၉)(၆)လွှာနေ ဒေါ်ဇင်မာနိုင် (၁၂/ဥကမ(နိုင်) ၁၆၀၈၁၁)တိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးခင်မောင်ဝင်း၊ ဒေါ်စုလှိုင်နှင့် အမှားသိစေရန် အသိပေးကန့်ကွက်ကြော်ငြာအပ်ပါသည်။

လူကြီးမင်းတို့၏ ရှေ့နေမှ (၃၀. ၁၂. ၂၀၁၆)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ကန့်ကွက်နိုင်ကြောင်း ကြေညာချက်နှင့်ပတ်သက်၍ အခန်းပိုင်ရှင်အစစ်အမှန်မှာ ဦးအောင်ဝင်းဟန်(၆)လူလန်ဆင်း (၁၂/လသန(ဧည)၀၀၀၁၈၇)နှင့် ကန်ထရိုက်တာ ဒေါ်ခင်နီလီ (၁၂/လသန(နိုင်) ၀၁၀၃၁၀)တို့နှစ်ဦးသည် (၂၀. ၄. ၂၀၁၅)ရက်နေ့တွင် မူလနေထိုင်သူနှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူ ကတိစာချုပ် ချုပ်ဆို၍ မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ ချုပ်ဆိုသော စာချုပ်ဖြစ်ပါသည်။

ဦးအောင်ဝင်းဟန်(၆)လူလန်ဆင်းသည် (၁၉. ၄. ၂၀၁၅)ရက်နေ့တွင် ကွယ်လွန်ပြီးဖြစ်ပါသမြင့် ဦးအောင်ဝင်းဟန်(၆)လူလန်ဆင်း မရှိတော့သည့်နောက်ပိုင်းတွင် ၎င်း၏ဝန်းဖြစ်သူ ဒေါ်ဇင်မာနိုင်မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့် အလိုအလျောက်ပိုင်ဆိုင်လာသော တိုက်ခန်းဖြစ်ပါသည်။ လူကြီးမင်းတို့သတင်းစာပါ ကြေညာပါ ဦးခင်မောင်ဝင်းနှင့် ဒေါ်စုလှိုင်တို့ ပိုင်ဆိုင်သော တိုက်ခန်းမဟုတ်ကြောင်း အမှားသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ထိုသို့ အမှားသိစေရန် အသိပေးကြေညာထားပါလျှက် အထက်ဖော်ပြပါလိပ်စာတွင် ပါရှိသော တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ကိစ္စနှင့်အခြား ဥပဒေနှင့် မည်သည့်တာသည့် ကိစ္စရပ်များအားလုံးကို ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက ကျွန်ုပ်တို့အမှုသည် ဒေါ်ဇင်မာနိုင်မှ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှားသိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်။

ဒေါ်ဇင်မာနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်ဝင်း
တရားလွှတ်တော်ရှေ့နေ၊ စဉ် - ၆၁၇၉
အမှတ်(၉၀၀/အေ)၊ မြေညီ(၀ဘက်)၊ သုမန(၂)လမ်း၊ ၁၆/၄ ရပ်ကွက်၊ သယံနီးကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၅၁၄၂၂၀၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ တံတားမြို့ကန်လမ်း၊ တိုက်အမှတ်(၁၀၁)၊ အခန်းအမှတ်(၂၃) ၆–လွှာ၊ အကျယ်အဝန်း (၁၈' x ၆၅')အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်သိန်း (၁၂/လမန(နိုင်)၀၅၅၀၈၁)(WAW-027276)ထံမှ ကျွန်ုပ်တို့အိမ်ထောက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေများ	
ဦးသန်းထွန်း	ဦးဝင်းအောင်	ဒေါ်ဟန်သီစိုး	ဒေါ်ဝတ်ရည်ဌေး
LL.B, D.B.L	LL.B, D.M.L, D.B.L	LL.B,WIPO ,IADCS(UK)	LL.B,LL.M
(စဉ်–၄၅၉၉)	(စဉ်–၈၁၅၆)	(စဉ်–၃၉၄၄)	(စဉ်–၃၆၉၁၈)

စိုးစံ(လင်း) အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ

ရုံးချုပ် – အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်တိုင်း၊ ကမာရွတ်မြို့နယ်။
☎ – 510760, 510940, 510950, 500643, 502517, 2304311
ဗဟန်းရုံးခွဲ – အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမုတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ – 01 - 552742/ 559320, 09 5060938, 09 5060940, 09 73500535

ကန့်ကွက်နိုင်ပါကြောင်း အမှားသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ နယ်မြေ(၁၀)၊ မင်းစေတီလမ်းသွယ်၊ (သို့) မြို့ပတ်လမ်းသွယ်၊ အမှတ် (၅၁၂/က)၊ (၂၀ × ၆၀') မြေပိုင် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်ဒီလာဝင်း ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဝိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့် ပတ်သက်၍ အကျိုး ခံစားခွင့်ရှိသူ မည်သူမဆို တရားဝင် နိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အမှားသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ငြိုမြို့လှိုင် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (ရပ်-သတ ၂၃)
ရုံး- အမှတ်(၁၆၃)/(၄)လွှာ(၃၇)လမ်း(အလယ်)၊ အပ်ခ-အမှတ်(၄၃၀/၁)၊ ထေးနုရာလမ်း၊ (၁၃၀)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဒုတိယ-ပြည်သစ်တောင်ပိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၁၁၃၂၂၇၈၊ ၀၉-၈၉၄၄၇၄၃၁

နိုင်ငံခြားမှာကျောင်းတက်ဖို့ ဆိုရင် မှန်ကန်သေချာပြီး၊ နိုင်ငံတကာကျောင်းပေါင်း(၁၀၀)ကျော်နှင့် ချိတ်ဆက်ထားတဲ့
Grace Education Services နှင့်ဆက်သွယ်ပါ။

Australia, Canada, USA, UK, Europe, New Zealand, Sweden Switzerland, Singapore, China, Malaysia, Thailand

- နိုင်ငံခြားကျောင်းပေါင်း(၁၀၀)ကျော် နှင့် မေဂျာပေါင်း (၂၀၀)ကျော် ရွေးချယ်နိုင်ခြင်း။ ကျောင်းဝင်ခွင့်ရရန်နှင့် ပညာသင်ဆုလျှောက်ပေးခြင်း၊ အကြံပေးခြင်း။
- ကျောင်းခေါ်စာလျှောက်ပေးခြင်း၊ sevis သွင်းပေးခြင်း။
- ဗီဇာအကြံပေးခြင်းများ။
- ကျောင်းအဆောင် (သို့) Homestay နေရန်၊ မိဘလိုက်နိုင်ရန်နှင့် လေဆိပ်ကြိုပို့ စီစဉ်ပေးခြင်းများ။
- Transfer တက်လိုက စီစဉ်ပေးခြင်း။ Test register လုပ်ပေးခြင်း၊လိုအပ်သည်များတိုင်ပင်ဆွေးနွေးနိုင်ပါသည်။

* No need SAT, GRE, GMAT.

ENGLISH CLASSES
IELTS - Mon-Fri - 3:00 - 4:30 PM
Academic Writing - Mon-Fri - 9:00 - 10:30 AM
TOEFL - Sat-Sun - 4:00 - 5:30 PM
We have proved Toefl score - 580; IELTS- 6.5

No. 92, 51 ST., Middle Blk, Pazundaung Tsp, Yangon. T: 09 51 40 80 2; 09 78 51 40 80 2; 09 79 18 22 66 5
fb: Grace Education Services (စကောလားနေစ်သတင်းကိုဝင်ကြည့်နိုင်ပါသည်။)

STAR
အဝုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052, 09-73254389, 09-421067330

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အိမ်နံပါတ်(၄)၊ နယ်မြေ(၁)၊ တောင်ဇလပ်ရပ်ကွက်နေ ဦးမြင့်ထွန်း၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးသော်တာစိုးမှ (၉-၁၀-၂၀၁၆) ရက်စွဲဖြင့် ပေးပို့ခဲ့သောအကြောင်းကြားစာအပေါ် ဦးမြင့်ထွန်းနှင့် အများသိရှိစေရန် တုံ့ပြန်ရှင်းလင်းကြေညာချက်

ကလေးမြို့၊ စမ်းမြို့ရပ်ကွက်၊ မြို့ပတ်လမ်းနေ ဦးမျိုးသန့်(၁) ဦးလားတန်ဝီး(၅)/ ကလထ(နိုင်)၁၁၆၀၇၅၂ မန်နေဂျင်းဒါရိုက်တာ(Alpha and Omega Co.,Ltd.) နှင့် (Rih Pan Thitsar Co.,Ltd.) ၏ လွှဲအပ်ညွှန်ကြားချက်အရ တုံ့ပြန်ရှင်းလင်းကြေညာချက်ပြုလုပ်သည်မှာ--

၉-၁၀-၂၀၁၆ရက်စွဲပါ ဦးမြင့်ထွန်း၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးသော်တာစိုးမှ ဦးမျိုးသန့်(၁) ဦးလားတန်ဝီးထံသို့ လိပ်မူပြီးစခန်းမှူး၊ ဟားခါးပြည်သူ့ရဲတပ်ဖွဲ့စခန်း၊ ဟားခါးမြို့အပါအဝင် ၄ခန(၆)ခုသို့ မိတ္တူပေးပို့ခဲ့သော အကြောင်းကြားစာအား ဟားခါးစခန်းမှူးမှ ဦးမျိုးသန့်(၁) ဦးလားတန်ဝီးထံသို့ ၂၀-၁၂-၂၀၁၆ရက်တွင် မိတ္တူပေးပို့ချက်အရ သိရှိရပါသည်။ ယင်းအကြောင်းကြားစာပါ အချက်အလက်များမှာ မှတ်တန်ခြင်းမရှိပါ။

ဦးမျိုးသန့်(၁) ဦးလားတန်ဝီး၏ ကုမ္ပဏီတွင် ဦးမြင့်ထွန်းက အစုရှယ်ယာ(၁၀၀)ခု ဝယ်ယူပြီး ကုမ္ပဏီဒါရိုက်တာဖြစ်လာသည်ဆိုသည်မှာ လုံးဝမမှန်ပါ။

ဦးမြင့်ထွန်းသည် တစ်လလျှင် လစာ(၇)၀၀၀၀၀/-) (ကျပ်ငါးသိန်း တိတိ)ဖြင့် လစာပေး(ငှားရမ်း) ခန့်အပ်ဒါရိုက်တာတစ်ဦးဖြစ်၍ ကုမ္ပဏီ၌ မည်သည့်အစုရှယ်ယာမှ ဝယ်ယူခဲ့ခြင်းမရှိပါ။ ဦးမြင့်ထွန်းအနေဖြင့် Alpha and Omega Co.,Ltd တွင် တာဝန်ထမ်းဆောင်စဉ်ကာလများအတွက် လစာငွေများအား အပြည့်အဝထုတ်ယူပြီးကြောင်း ဦးမျိုးသန့်(၁) ဦးလားတန်ဝီး တင်ပြသော စာရွက်စာတမ်းအထောက်အထားများအရ သိရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီမှ လုပ်ငန်းဆောင်ရွက်မှုမှန်သမျှကို ဦးမြင့်ထွန်းမှ ကြီးကြပ်ပြီး လုပ်ငန်းအတွက် သုံးငွေထုတ်ယူခြင်း၊ ပြန်လည်ပေးသွင်းခြင်း စသည့်ငွေရေးကြေးရေးကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း ဦးမျိုးသန့်(၁)ဦးလားတန်ဝီး၏ ညွှန်ကြားချက်အရ သိရှိရပါသည်။

ဦးမြင့်ထွန်းသည် လခပေး(ငှားရမ်း)ခန့်အပ် ဒါရိုက်တာတစ်ဦးဖြစ်၍ လုပ်ငန်းအကျိုးအမြတ်များအား ခွဲဝေခံစားခွင့်ရှိသူ မဟုတ်ပါ။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းတွင် ဦးမြင့်ထွန်း၏ တာဝန်ယူထုတ်ယူသုံးစွဲခဲ့သည့် ငွေထုတ်၊ ငွေသွင်းစာရင်းအား ကုမ္ပဏီမှ ဖွဲ့စည်းထားသည့် စာရင်းစစ်ဆေးရေးကော်မတီက စစ်ဆေးရှင်းလင်းခဲ့ရာ ဦးမြင့်ထွန်း ထုတ်ယူသုံးစွဲခဲ့သည့်ငွေများအနက် ငွေကျပ်သိန်း(၂၁၉၇၃၆၇၁၀) (ကျပ်နှစ်ထောင့်တစ်ရာကိုးဆယ့်ခုနှစ်သိန်းသုံးသောင်းခြောက်ထောင်ခုနှစ်ရာ့တစ်ဆယ်တိတိ) ကွာဟနေသည်ဟု ဦးမျိုးသန့်(၁)ဦးလားတန်ဝီး၏ ညွှန်ကြားချက်အရသိရှိရပါသည်။

ယင်းကွာဟငွေ (၂၁၉၇၃၆၇၁၀) (ကျပ်နှစ်ထောင့်တစ်ရာကိုးဆယ့်ခုနှစ်သိန်းသုံးသောင်းခြောက်ထောင်ခုနှစ်ရာ့တစ်ဆယ်တိတိ)နှင့် ပတ်သက်၍ ဦးမြင့်ထွန်းကကျမ္ဘာ့ကျော်ရုံးသို့ ပြန်လည်ပေးသွင်းပါမည်ဟု ၁၅-၉-၂၀၁၆ရက်၌ ဝန်ခံကတိပြု လုပ်မှတ်ရေးထိုးခဲ့ကြောင်း၊ ယင်းဝန်ခံကတိပြု လက်မှတ်ရေးထိုးမှုကိုလည်း ဦးမြင့်ထွန်း၏ လွတ်လပ်သော သဘောတူညီချက်အရ သက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း ဦးမျိုးသန့်(၁)ဦးလားတန်ဝီး၏ ညွှန်ကြားချက်များအရ သိရှိရပါသည်။

ဦးမြင့်ထွန်းက အထက်ပါ ကွာဟငွေများအား သတ်မှတ်ရက်အတွင်း ပေးသွင်းခဲ့ခြင်းမရှိ၍ ဦးမြင့်ထွန်း အပါအဝင် ဆက်စပ်ပါဝင်သူများအပေါ် ဦးမျိုးသန့်(၁) ဦးလားတန်ဝီးက ၂၁-၁၀-၂၀၁၆ ရက်တွင် ဟားခါးရဲစခန်းတွင် ပ-၄၄/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ-၄၀၉ ဖြင့်အမှုဖွင့် တိုင်တန်းထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

ဦးမြင့်ထွန်းသည် ၎င်း၏ ဆန္ဒအလျောက်ကုမ္ပဏီဝန်ထမ်းအဖြစ်မှ နုတ်ထွက်သွားခဲ့ခြင်းဖြစ်ပါသည်။ ဦးမျိုးသန့်(၁) ဦးလားတန်ဝီးက ဖိအားပေး၍ ကုမ္ပဏီမှ ထွက်ရခြင်းမဟုတ်ပါ။ မမှန်မကန် စာရင်းဇယားများပြသ၍ စာရင်းရှင်း လက်မှတ်ရေးထိုးခိုင်းခြင်း မျိုးလည်း မရှိခဲ့ပါ။

ဦးမြင့်ထွန်း၌ တစ်စုံတစ်ရာနစ်နာမှုမရှိ၍ ၎င်း၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးသော်တာစိုးပေးပို့ခဲ့သော အကြောင်းကြားစာအား လိုက်နာလျက် မလိုအပ်ပါကြောင်းနှင့် ဦးမြင့်ထွန်း အပါအဝင် ဆက်စပ်သူများအပေါ် ဟားခါးရဲစခန်း၌ တိုင်တန်းထားသည့်အမှုအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမြင့်ထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ဝင်းဦး	ဒေါ်ရတနာအေး	ဒေါ်မြမြည့်စံ
(စဉ်-၈၅၉၃)	(စဉ်-၈၅၆၅)	(စဉ်-၈၉၀၁)

တရားလွှတ်တော်ရှေ့နေများ
၄/၅၄၊ အောင်မြေမာန်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကလေးမြို့။
ဖုန်း-၀၉-၂၆၄၀၅၄၄၃၊ ၀၉-၂၅၃၀၆၇၂၁၀၊ ၀၉-၄၀၀၃၀၁၀၂၁၁

သန်းဌေးနှင့်ရောင်းရင်းများ ➳ ကျိုက်ထီးရိုး/ချောင်းသာ(နေ့ဝင်)

☆ တောင်ကြီး၊ ပင်းတယ၊ ကုံလုံ၊ ထပ်စမ်းလျှိုက်ဂူ၊ မွေတော်ကတ္တူ(၄)ရက်
လျှိုင်ကော်ပါ(၅)ရက်။ ☆ ပုဂံ၊ ပုပ္ပါး။ ဖွယ်တော်လေးဆူ၊ ပခုက္ကူ၊ နေပြည်တော် (၄)ရက်။
☆ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်ပါ (၅)ရက်။
☆ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုကွမီ၊ စက်ဝ (၅)ရက်။
☆ မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြောအိုင်၊ ဝေရောစနကျောက်စိမ်းစေတီ (၃)ရက်။
☆ မော်လမြိုင်၊ ကျိုကွမီ၊ စက်ဝ၊ (ကျိုက်ထီးရိုး) (၂/၃)ရက်။ Jan 3,6,13,20,27
☆ ဇလွန် ☆ နေပြည်တော် ☆ ပြည်၊ အကောက်တောင် ...(နေ့ချင်းပြန်) ...(စဝန်/တနင်္လာ) Jan30 ထွက်မည်

အလောင်းတော်ကဿပ ထွက်ခေါ်ပြီ ရွှေဝက်တော် ပွင့်ပွဲ

အမှတ်(၄၂၄)၊ ရွှေဘုံသာ(အထက်) Ph: 01-380141, 01-241863, 09-43043109, 09-73251422

ရန်ကုန်လက်ဖက်တင်ပို့ရောင်းချသူများ၊ အစုအဖွဲ့ပြန်လည်ဖွဲ့စည်းခြင်း အသစ်အနားပိတ်ကြားခြင်း

မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့မှကြီးမှူးကာ ရန်ကုန်လက်ဖက်တင်ပို့ ရောင်းချသူများအဖွဲ့ကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် လက်ဖက်တင်ပို့ရောင်းချသူများ နှင့် စိတ်ပါဝင်စားသူများအားလုံးအောက်ပါအစီအစဉ်အတိုင်းကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့/ အချိန် .....(၁၄-၁-၂၀၁၇) (စနေနေ့)/ မွန်းလွဲ (၁း၀၀)နာရီ
ကျင်းပမည့်နေရာ ..... ကုန်သည်စက်မှုအသင်းချုပ်(၅လွှာ)၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (အစည်းအဝေးခန်းမ)အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊
ဆက်သွယ်စုံစမ်းရန် 01-218367, 09-431-27656

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

L.Haj ဒေါ်ရွှီစီ(ခ)ဒေါ်ဌေးဌေး

မြန်မာနိုင်ငံလွတ်လပ်ရေးနေ့တွင် မွေးဖွားခဲ့သော ချစ်မားမား၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်မှသည် အသက်ရာကျော်တိုင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများစွာဖြင့် ဘာသာ သာသနာနှင့် လူသားမျိုးနွယ် အားလုံးကို ကူညီဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း - L.HAjဦးအောင်သန်း(ဦးစီးအရာရှိ-ငြိမ်း)၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ချစ်သားကြီး - HAj Dr.စည်သူအောင် B.V.Sc,M.V.Sc(Public Health), PGD in English(UFL), Ph.D(Candidate) စွမ်းအား ရာထူးဝင်ခွင့်သင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများ
ချစ်သမီးလတ် - HAj ဒေါ်ဝင့်ဝင့်နိုင် B.Econ(Statistics),GTC(MP)
အမြွာချစ်သမီးထွေး -L.HAj ဒေါ်ပွင့်ဖြူခိုင် B.Sc(Geology)
L.HAj ဒေါ်ပွင့်ဖြူနိုင် B.Sc(Geology)
ဒေါက်တာစည်သူအောင် ဆေးနှင့်စတိုး၊ စွမ်းအားလျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေး၊ နေပြည်တော်မင်္ဂလာစျေး၊ ပျဉ်းမနားမြို့မစျေး။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဒေါ်နန်းမြနု၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူ(၅)လမ်း၊ တိုက်အမှတ်-၂၇၊ အခန်းအမှတ်(၁၀၄)၊ (၀-လွှာ)တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်အေးအေးဦးထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေမှ ငွေတစ်စိတ်တစ်ဒေသကို ၃၀-၁၂-၂၀၁၆ရက်တွင် ပေးချေပြီးဖြစ်ပါသည်။ ၎င်းအဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း အရေးဆို စပ်ဆိုင်ကန့်ကွက်လိုသူများက တိကျခိုင်မာသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးမိုးမြင့် LL.B(Q),D.B.L,D.I.L,D.I.R(စဉ်-၃၀၄၉၄)
ဥပဒေအတိုင်ပင်ခံရှေ့နေ (Justice Law Firm)
အမှတ်-၉၄၊ (တတိယထပ်)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တိုက်ခန်းရောင်းမည်

(၁၂ခန်းပေ×၅၀ပေ×၉ပေ)
မြေညီထပ်ပြင်ဆင်ပြီး။
အလင်းရောင်လမ်း၊ဒေါပုံမြို့နယ်
ဖုန်း ၊ ၀၉-၄၂၅၀ ၂၅၂၈၁

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မော်တီမြို့၊ ထောက်ကြန့်တိုးဂိတ်အနီး
သန္ဓေပင်ကျေးရွာ
(40'×60')သိန်း80
(40'×55')သိန်း75
(40'×50')သိန်း70
Ph : 09 250261304
09 799230279

ဝတဲ့သူတွေစံစားနေရတဲ့ တင်းကျပ်တဲ့ ဒုက္ခတွေလျော့အောင် ကိုယ်ပေါ်က အဆီဝိုတွေကိုအမြန်ဆုံး ထိရောက်ပြီး ဘေးကင်းဆုံးဖယ်ရှားပေးနိုင်တာ...

"စက္ကူဘုံးခွံမပါဝင်ပါ"
"အမည်ထင်တူယိုးမှားအတုအပ သတိပြုပါ"

7-Days အဆီချခရင်မ်

လို့

လက်တို့ပြီး ပြောပြလိုက်မယ်...

FDA မှ အလုပ်ကုန် ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021

အသုံးပြုပုံ
အဆီများတဲ့နေရာ(ဗိုက်၊ တင်၊ လက်မောင်း ပေါင်စသဖြင့်)ကို အဆီချခရင်မ်ဖြင့်နေရာနဲ့စပ်အောင် ပွတ်လိမ်းပြီးနိုင်နယ်ပေးပါ။

ပေလောပန်းသီးထံမှ ဆိပ် အထူးသတိပြုရန် (ကျား / မ မရွေး သုံးနိုင်သည်)

Apple Production Co., Ltd. - အမှတ်(A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံမှုလုန်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၈၆၁၈၀၈၁ ၊ ၀၉-၄၉၃၁၆၄၀၈ ။

အာရှနဂါး

မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

သုံးရောသီ ဝမ္ပဒါန

မန္တလေး။ မေမြို့၊ စစ်ကိုင်း၊ ပုံရှား
(အလောင်းတော်ကဿပ) ထပ်ဆင့်(၄၀၀၀/-)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထပ်ဆင့်(၃၀၀၀/-)
ကျိုက်မရောက်၊ ထီးခဲ့ကိုင်ရိုးဆုံ၊ ထပ်ဆင့်(၃ဆ/-)
ပုဂံ ပျဉ်း ပုခုက္ကူ ရွယ်တော်(၄)ဆု ထပ်ဆင့်(၄၀၀၀/-)
ကားအပြီးပျိုးခင်းလုံးဌားသည်။ Jan-6, 13
420144148, 421153797

ရွှေခင်းသာ

FULLY AIR-CON EXPRESS
ကားစီးလုံးဌားစီစဉ်ပေးသည်

- ✧ မန္တလေး၊ ပြင်ဦးလွင်၊ ဘုရားဆုံ၊ ဒီးဒုတ်ရေပြောအိုင်၊ ကျောက်စိမ်းစေတီ (၃)ရက် (စာပြိုမ်း) ၄၀၀၀ Jan 6
- ✧ မန္တလေး၊ ကျောက်စိမ်းစေတီ၊ စစ်ကိုင်း၊ ပုံရှား၊ အလောင်းတော်ကဿပ (၄)ရက် (စာပြိုမ်း) ၄၅၀၀ Jan 6
- ✧ ပြည်၊ ထုံးဘို၊ အကောက်တောင်း၊ နုဂါရုပ်တောင်း၊ တပ်သာ၊ ရေလွန် ဘုရားဆုံ(၃)ရက် (စာပြိုမ်း) ၃၀၀၀ Jan 6
- ✧ ထားဝယ်ရှင်ကိုးရှင်၊ မြိတ်၊ ပေါင်းသာန်း၊ ဝေါ်လမ်ပြိုင်း၊ ကျိုကွမီ၊ စက်ဝ (၆)ရက် (ဖောင်ပြိုမ်း) ၃၀၀၀ Jan6/13

အမှတ်-၂/၂၃ အကောက်ဖက်တိုင်းတောင်ဖွေ Ph: 09-420046635, 09-30207754, 09-262607878

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် လစဉ်ပုံမှန်ကျင်းပမဲ့(၁၁၈)ကြိမ်မြောက်(၁၀)ရက်တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ်(၉)ရပ်ကွက်နေဝေါ်လမ်း ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ "တျေးဇုံးတော်ရှင်အဂ္ဂမဟာဝဏ္ဏာတ ဦးကုတ်ဆရာတော်ဘုရားကြီး" ၏ဥပနိဿယကိုခံယူလျက် ဆရာတော် "အရှင်ပုညာနန္ဒ" ၏ဥာဏ်မှီသမျှ ဟောကြားတော်မူခဲ့ပါသောခန္ဓာဥာဏ်ရောက်သစ္စာဆိုက်တရားတော်များ၊ အလုပ်ပေးတရားတော်များနှင့်တကွနယ်လှည့်မွေကထိကဆရာတော်ကြီးများ၏ ခန္ဓာဥာဏ်ရောက်သစ္စာဆိုက်တရားတော်များကိုနာယူကျင့်ကြံအားထုတ်နိုင်ရန် "ပုညာရာမတျောင်းတိုက်ကြီး" ၏ဦးစီးပဓာနနာယကဆရာတော် "ဘုန်းဘုန်းကြီး ဘဒ္ဒန္တဝိစာရ" မှ (၁၃-၁-၂၀၁၇)မှ(၂၃-၁-၂၀၁၇)နေ့အထိကျင်းပသွားမည်ဖြစ်ရာတရားစခန်းဝင်ရောက်ကျင့်ကြံအားထုတ်လိုသူများ၊ လိုအပ်သောအချက်အလက် စုံလင်စွာ ဖြင့် ကြိုတင်စာရင်းသွင်းနိုင်ကြပါသည်။(ဆက်သွယ်ရေးများမှစာရင်းပေးသွင်းခြင်းမရပါ) (အထူးမေတ္တာရပ်ခံအပ်ပါသည်။)ဖုန်း-၀၁-၅၅၃၃၃၀၊ ၀၁-၅၅၁၁၁၃၂၂ ၀၉-၅၀၁၃၂၂၉၇၊ ၀၉-စ၆၁၁၇၀၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဗဟုသုတ ရှာဖွေကြံဆုပေးပွဲ ဆန်းပြားဟူတော်

SH ဖြူ၌ သူ့ထက် YU

B.Ed (၂)နှစ်သင်တန်း နည်းပြ/ ဆရာပ်ပြ
JO/LO
ကျန်းမာရေးမှူး ဝင်ခွင့်ရ သင်တန်းကြီး (၂/၄)
ဗဟုသုတ (ပြည်တွင်း/ပ အစိုက(၅)ပုဒ်စီကျော်ရမည်)
ဗဟုသုတ (ပြည်ပ/ပ အစိုက(၅)ပုဒ်ကျော်ရမည်)
ကျောက်လှပန်းပြစ်ရေး
ပန်းပုပြုလုပ်ခြင်းရေး
ကားလိပ်စာ Essay
(ကုန်ကျစရိတ်ကိုပေးရမည်)
(ကုန်ကျစရိတ်ကိုပေးရမည်)
(ကုန်ကျစရိတ်ကိုပေးရမည်)

telenor
ပျော်ပျော်ရွင်ရွင်အတူဆင်နွဲ
လွတ်လပ်ရေးဒေါက်ပွဲ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏
(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို
တယ်လီနောမြန်မာမှ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးနှင့်အတူ
ဝမ်းမြောက်ကြည်နူးစွာ ဂုဏ်ပြုကြိုဆိုလိုက်ပါတယ်။

nice style TRAVEL & TOURS

အတာရေမစိုဘဲ ကမ္ဘာမြေဘယ်လိုလဲဆိုတာ
သွားကြည့်ကြရအောင် ၂၀၁၇ သင်္ဘောခရီးစဉ်များ

www.nicestyletravel.com www.facebook.com/nicestyletravel
HOTLINE : 09 799 700 099, 09 799 700 090, 09 775 775 660, 09 775 775 661

- ဥရောပ (၇) နိုင်ငံ ခရီးစဉ် အီတလီ – သြစတီးယား – ဆွစ်ဇလန် – ပြင်သစ် – ဘယ်လဂျီယမ် – နယ်သာလန်–ဂျာမနီ 8-23 APRIL (၁၅ညအိပ်၊ ၁၆ရက်ဆိုး) USD 4450
- ဥရောပ (၃) နိုင်ငံ ခရီးစဉ် အီတလီ – ဆွစ်ဇလန် – ပြင်သစ် (၁၀ညအိပ်၊ ၁၁ရက်ဆိုး) 8-18 APRIL USD 3800
- သြစတြေးလျ ခရီးစဉ် မဲဘုန်းလ – ဆစ်ဒနီ – ဂိုးကိုစ် – ဘရစ်ဘိန်း (၁၀ညအိပ်၊ ၁၁ရက်ဆိုး) 11-21 APRIL USD 4300
- အမေရိက ခရီးစဉ် (နယူးယောက် – ဝီလာဒီဗီးယား – ဝါရှင်တန်ဒီစီ – လတ်စ်ဗီးဂတ်စ် – လေဘအိန်ဂျလိစ် –ဆန်ဖရန်စစ္စကို) (၁၆ညအိပ်၊ ၁၇ရက်ဆိုး) 9-25 APRIL USD 5950
- ဂျပန် ခရီးစဉ် (တိုကျို – ဖူဂျီတောင် – နာဂိုရာ – ကျိုတို – နာရာ – အိုဆာကာ) USD 3250 / USD 2850 (10-18 / 14-22 APRIL) / (13-20 / 14-21 APRIL) (၈ညအိပ်၊ ၉ရက်ဆိုး) (၇ညအိပ်၊ ၈ရက်ဆိုး)
- ဒူဘိုင်း ခရီးစဉ် ဒူဘိုင်း – အဘူဓာဘီ – အလ်အိန်း (၆ညအိပ်၊ ၇ရက်ဆိုး) 11-17 / 12-18 APRIL USD 1960
- ကိုရီယား ခရီးစဉ် ဆိုလ်း – ဂျယ်ဂျူး – ဘူဆန် (၇ညအိပ်၊ ၈ရက်ဆိုး) 13-20 APRIL USD 2050
